
စိုးမိုး စာပေ
လုံးချင်းဝတ္ထုသစ်
ဆုပေးနှပါ
(ရန်ကုန်တက္ကသိုလ်)
ကြည်နူးစေသူ
L.လင်း

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ဆုလေးနွယ်(ရန်ကုန်တက္ကသိုလ်)

# ကြည်နူးဧသူ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၄၈၀၃၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၃၁၀၄၁၀
အဖုံးဒီဇိုင်း - L လင်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ။
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
ဆုလေးနွယ်
ကြည်နူးစေသူ/ဆုလေးနွယ် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၀
၂၆၀ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ကြည်နူးစေသူ

ဝဏ်မင်းထယ်သည် နံရံကိုမှီကာ လက်ပိုက်ရပ်နေရင်း သူ့ရှေ့ ကော်ရစ်ဒါကနေ ဖြတ်လျှောက်သွားသော ကောင်မလေးကို ပြုံးစိစိလေး လိုက်ကြည့်နေမိသည်။

ရှပ်အင်္ကျီပုံစံ ပန်းနုရောင်နှင့် အဖြူရောင်တဲ့ အကွက်လေးကို သွယ်လျတဲ့ခန္ဓာကိုယ်လေးမှာ ချပ်ချပ်ရပ်ရပ်ဝတ်ထားပြီး ထမီစကဒ် ဖြစ်ဟန်တူတဲ့ ပန်းဆီရောင်သွေးကျကျ လုံချည်ရှည်ရှည်ပျော့ပျော့ လေးနှင့် ဆတ်တောက်တောက်လျှောက်သွားဟန်လေးကပင် သူ့စိတ် ကို ဖမ်းစားဆွဲဆောင်လှသည်။

သူမရဲ့အိတ်ကလေး ဘေးတစောင်းချ စလွယ်သိုင်းထား တဲ့ဟန်ဟာ နုနယ်ပျိုမျစ်သွက်လက်သော စတိုင်လ်ဖြစ်စေသလို ကြိုးသိုင်းဖိနပ်ပန်းရောင်လေးဟာလည်း သွယ်နုဖောင်းအိသော ခြေချောင်းလေးတွေ၊ ခြေဖမိုးလေးတွေ၊ ခြေဖနောင့်လေးတွေကို

ပို၍ပေါ်လွင်နေစေ၏။

သူမရဲ့လက်လွဲပုံ၊ ခြေလှမ်းပုံလေးဟာ အင်မတန် ဆွဲဆောင်မှုရှိသည်။ ရှိဘော့ရုပ်ကလေးလို မတ်မတ်လေး သွားနေတာ။

ဆံပင်က ရှေ့ဖက်မှာ အိမိုအဝဲလေး တစောင်းချထားတဲ့ ပုံဖြစ်ပြီး နောက်ဖက်မှာတော့ ပခုံးကျော်ကျော် ဆံပင်မဟော်ဂနီ ရောင်လေးကို သူမက အကွက်ဖော်ကာ ကျစ်ဆံမြီးလေးနှစ်ဖက် ခွဲကျစ်ထားသည်။

မိန်းကလေးတစ်ယောက်ကို စေ့စေ့ကြည့်ဖို့ စိတ်မပါလှသော ဂုဏ်မင်းထယ်သည် ဒီကောင်မလေးရဲ့ ဟန်ပန်ကိုတော့ ချစ်စနိုးနှင့် အသေးစိတ်ပင် ငေးနေမိသည်။

ကော်ရစ်ဒါတစ်လျှောက် ဟိုဘက်ကို ချိုးကွေ့မသွားခင် အချိန်ထိ သူ့မျက်စိတစ်ဆုံး လိုက်လံငေးမောရင်း မြင်ကွင်းကနေ ချိုးကွေ့ပျောက်ကွယ်သွားမှာ စိုးရိမ်လာသည်။

ဘာကြောင့်မှန်းမသိ သူ့ခြေလှမ်းတွေက သူမနောက်မှ အလိုအလျောက် လိုက်ပါလာမိသည်။





ပန်းရောင်လေးက လှည့်မကြည့်။ သတိထားမိပုံလည်း မတူပါ။

ကောင်မလေးသွားနေတဲ့ အဆောက်အဦးမှာ ငွေစာရင်းဌာန ရုံးခန်းဘက်ဆီသို့။

ဒီပလိုမာသင်တန်းတွေ ဝင်ခွင့်လျှောက်ရတဲ့နေရာ။

ကောင်မလေးက ဖောင်ယူပြီး ဖြည့်စွက်ရေးသွင်းဖို့ သူမရဲ့ ပခုံးစလွယ်သိုင်းအိတ်ထဲမှာ ဘောလ်ပင်တစ်ချောင်း နှိုက်ယူလိုက်ပါသည်။

ပြီးလျှင် ကော်ရစ်ဒါက ခုံတန်းမှာ မတ်တတ်ပင် လျှောက်လွှာဖြည့်ဖို့ မျက်မှောင်လေးကုပ်ကာ ဦးငွာဖတ်ကြည့်နေသည်။

ထိုအမူအရာလေးသည် ဘာမှမဟုတ်သော်လည်း သူ့ရင်ထဲက နှစ်လိုခြင်းတွေကို အကုန်လုံး ယူဆောင်သွားနိုင်သည်။

ဂုဏ်မင်းထယ်က သူလည်း ဖောင်တစ်စောင်သွားယူကာ သူမနည်းတူ ဖြည့်စွက်ဖို့ ရည်ရွယ်လိုက်သည်။

ပြီးလျှင် သူမအနီးသို့ ပြန်လာသည်။

လျှောက်လွှာဖြင့် ငွေသွင်းတဲ့ကောင်ကာမှာ လူရှင်းစပြုနေပါပြီ။

သူမက နောက်ကျနေဟန်ရှိ၏။

ဘောလ်ပင်ခလုတ်နှိပ်ကာ စတင်ရေးဖြည့်ဖို့ပြင်လိုက်စဉ်မှာပင် သူမအနီးသို့ တစ်စုံတစ်ခု ရောက်လာသည်။

စွဲမက်ဖွယ်ကောင်းသော ကိုယ်ရနံ့တစ်မျိုးကို အရင်ဦးဆုံး ရှူရှိုက်ရ၏။ ထိုသူက သူမလိုပင် ဖောင်စာရွက်ထပ်ကို ခုံပေါ်သို့ တင်လိုက်သည်။

ပြီးတော့ လက်ထောက်ပြီး သူမဖက်သို့ အသာလှည့်ကြည့်၏။

ထိုသူ့မျက်လုံးတွေမှာ ချိုရီနွေးထွေးပြီး နူးညံ့ပျော့ပျောင်းနေပါသည်။

ကတုံးတုံးထားပြီး ပြန်ပေါက်ကာစ ဆံပင်စလေး ထိုးထိုးထောင်ထောင်နှင့် ရုပ်ကလေးက ဘာလေးမှန်းမသိ။ မျက်လုံးမျက်ဖန်က စူးရှသည်။ မျက်လုံးအိမ်က သိပ်မဝိုင်းဘဲ လေးထောင့်ဆန်ဆန် မကျဉ်းမကျယ်လေးနှင့်။





မျက်နှာမှာ မုတ်ဆိတ်ပါးသိုင်းမွေး ရိုးတိုးရိပ်တိပ်လေး ရှိနေတာမို့ သူ့ပုံစံက ယောကျ်ားပီသပြီး နှစ်လိုဖွယ်ကောင်းပါသည်။

ရုပ်အင်္ကျီလက်ရှည် ရှားစေးရောင်အနုနှင့် စတိုင်လ်ဘောင်းဘီရှည် အနက်ရောင်ပွပွကို ခါးပတ်ပတ်ပြီး ဝတ်ထားသည်။

ရှူးဖိနပ် အနက်ပြောင်ပြောင်နှင့် ပုံစံက စမတ်ကျကျ သပ်သပ်ရပ်ရပ်ပင်။

ထူးဆန်းတာက သူမဆီကနေ တော်တော်နှင့် အကြည့်လွှဲမသွားတာပဲ။ အားမနာတမ်းပင် သူမကို ငေးစိုက်ကြည့်နေခဲ့သည်။

သူမကလည်း ခပ်အေးအေး ပြန်ရှိုးသည်။ ပြီးလျှင် မျက်လွှာချကာ လျှောက်လွှာပုံစံထဲ အမည်ရေးဖို့ပြင်သည်။

သို့သော် ဘေးကနေ သူအကြည့်မလွှဲဘဲ မမှိတ်မသုန် ဆက်ပြီးကြည့်နေတာကို ခံစားမိသည်။

သူ့အခွင့်အရေးနဲ့သူ ကြည့်နေတာကို ဘာတတ်နိုင်မလဲ။ မိန်းကလေးမို့ မသိချင်ယောင်ဆောင်ရုံပဲပေါ့။

အမည် အင်ကြင်းမယ်

အဖအမည် ဦးမြတ်ဇော်

သူမရဲ့ ရေးလက်စဘောလ်ပင်လေးရဲ့ လှုပ်ရှားမှုမှာ ရုတ်တရက် ရပ်တန့်သွားပါသည်။

ဘာကြောင့်လဲဆိုရင် သူဟာ အင်ကြင်းရေးလိုက်တာကို ပေါ်တင် ခေါင်းငုံ့ကြည့်ရုံမက အသံထွက်ပင် ဖတ်လိုက်သည်။

"အင်ကြင်းမယ်"တဲ့။

အင်ကြင်းက သူ့ကို ဖျတ်ခနဲမော့ကြည့်လိုက်သည်။ ခပ်တင်းတင်းလေး မော့ကြည့်သော အင်ကြင်းကို သူက ညင်သာစွာပြုံးပြသည်။ သူ့အပြုံးမှာ သစ်လွင်လတ်ဆတ်သော ညို့ပြုံးသာဖြစ်သည်။

အပြုံးလှသောသူပါလား။

အင်ကြင်းလည်း အလိုလိုတုံ့ပြန်ပြုံးပြလိုက်မိပါသည်။ သူက စတင်မိတ်ဖွဲ့ ပြုံးနေသည်မဟုတ်လား။

ဂုဏ်မင်းထယ်က သူမရဲ့နှုတ်ခမ်းလေးကို သေချာစူးစိုက်ကြည့်မိသည်။

သူ့အကြည့်ကြောင့် အင်ကြင်းမျက်နှာလေး ရှက်အမ်းအမ်းနှင့် ရင်ထဲ နွေးခနဲဖြစ်ရသည်။





ဘယ်လိုကြည့်နေပါလိမ့်နော်။

မြူးဖျဖျနှင့် ငေးရီသောအကြည့်လေးဟာ သူမရင်ကို ရုတ်တရက် ပူနွေးလှုပ်ရှားခုန်ပေါက်သွားစေပါသည်။

သူ့အကြည့်မှာ မေတ္တာစေတနာတို့ အမြောက်အများ ပျော်ဝင်နေတာ သေချာသည်။

အင်ကြင်းရဲ့ နှလုံးသားမှာ စိမ့်ခနဲ စီးဖြာနွေးသွားရတာက အကောင်းဆုံးသက်သေပါပဲ။

အင်ကြင်းက အကြည့်ကိုပြန်လွှဲကာ စာရွက်ဆီပြန်ငုံ့လိုက်သည်။ မမြင်ရသော အရာတစ်မျိုးက သူမကို အသာအယာ လွှမ်းခြုံထားသလို ခံစားရသည်။

အဲဒါဘာပါလဲ။

သူမလည်း သေချာမသိပါ။

သူမ စာတစ်လုံးမှပင် မရေးရသေးခင်…

"ဒီမှာ အင်ကြင်းမယ်"

"ရှင်"

"ခဏလောက်"

သူက ထို "ခဏလောက်"ဆိုသော စကားကို ပျိုးပြီးမှ

"ဟို...ဘောလ်ပင်အပိုပါရင် ခဏလောက်ငှားပါလား ခင်ဗျာ"

အင်ကြွင်းက ခေါင်းညိတ်သည်။

ပြီးလျှင် သူမလွယ်ထားတဲ့အိတ်ကလေးကို ရှေ့ဖက်ဆွဲယူကာ ရှေ့အကန့်လေးထဲက အပြာရောင်ဘောလ်ပင်လေးတစ်ချောင်း ဆွဲထုတ်၍ သူ့ထံပေးသည်။

"သင့်ခ်ယူ"

သူက ခပ်တိုးတိုး ကျေးဇူးစကားဆိုကာ သူမဆီက ငှားသော ဘောလ်ပင်လေးကို လက်ထဲဆော့ကစားနေကာ ဘာမှ လည်း ချမရေးသေးဘဲ သူမကိုသာ တစောင့်တစောင်း ကြည့်နေသည်။

အင်ကြွင်းက ဆတ်ခနဲ လှည့်ကြည့်ကာ...

"ကဲ...ရှင်ဘာလိုသေးလဲ"

"ခြော်...အဟဲ၊ အင်း ဘာမှမလိုတော့ပါဘူး၊ မင်းဖြည့်တာ ကြည့်နေတာ"





"ဟိုမှာ နမူနာပုံစံရှိပါတယ်"

သူမက ကြော်ငြာဘုတ်တစ်နေရာသို့ ညွှန်ပြပေမဲ့ သူက ပြုံးစိစိခေါင်းယမ်းကာ...

"မင်းရေးတဲ့ နမူနာကိုပဲ ကြည့်ချင်တယ်"

သူ့စကားကြောင့် အင်ကြွင်း နှုတ်ခမ်းစူကာ စိတ်တိုချင်မိလေသည်။

ဘယ်နှယ့်လဲနော်။ အင်ကြွင်း ရေးတာကိုပဲ ကြည့်ချင်သတဲ့။

ဒီမှာ မွေးသက္ကရာဇ်တွေရော၊ နေရပ်လိပ်စာတွေရော၊ ကိုယ်ရေးရာဇဝင် အကုန်ဖြည့်ရမယ့်ဥစ္စာ။

သူစိမ်းယောကျာ်း ကြည့်စေချင်ပါ့မလား။

အိမ်ထောင်ရှိမရှိ ဖြည့်တော့...

"မရှိ"ဟု သူကအသံထွက်ဖတ်ပြန်သည်။ ပြီးလည်း ပြုံးနေသည်။

ဘယ်လိုလဲ။ တော်တော်အားမနာတတ်တဲ့သူပဲ။ အင်ကြွင်း ရေးတာ တစ်လုံးချင်း ရေရွတ်ပြီးမှ သူ့ဖောင်ထဲ သူဖြည့်ရသတဲ့။

လွန်လွန်းပါတယ်နော်။

အားလုံးဖြည့်လို့ ပြီးစီးသွားလျှင် လက်မှတ်ထိုးကာ လိုင်စင်ဓါတ်ပုံကပ်ဖို့ ဓါတ်ပုံသေးသေးလေးကို ထုတ်သည်။

ကာလာဓါတ်ပုံသေးသေးလေးထဲမှာ အင်ကြင်းက ရင်ဖုံး အင်္ကျီ အစိမ်းနုနုလေးနှင့်ဖြစ်သည်။

သူ ခေါင်းငုံ့ကြည့်ပြန်လျှင် အင်ကြင်းက လက်ဖဝါးလေး မသိမသာအုပ်ကာ ဖုံးကွယ်ထားမိ၏။

ဂုဏ်မင်းက ကလေးဆန်ဆန် တွန့်တိုလှသော သူမပုံစံ ကြောင့် သဘောတကျ ပြုံးနေမိသည်။

တွန့်တိုလည်း မရတော့ဘူးကလေးမ။

ကိုယ်က အိမ်လိပ်စာရော၊ အမြဲတမ်းလိပ်စာရော၊ ဖုန်းနံပါတ်ရော အကုန်လုံး ခေါင်းထဲမှတ်လိုက်ပြီ။

အင်ကြင်းမယ်တဲ့။ သူမဟာ အင်ကြင်းမယ်တဲ့လား။

ဒါက သိပ်ချစ်စရာကောင်းတဲ့ အမည်လေးပေါ့။

လူပုံစံလေးမှာ ပြောရခက်သော ညှို့ငင်ဆွဲဆောင်မှု စွမ်းတစ်မျိုးက အရောင်ထွက်နေသလို အမည်လေးမှာလည်း

ဝိုး၊မိုး၊စာ၁ငပေ



ရှိုးသလိုနှင့် ဆန်းနေသည်ဟု ဂုဏ်မင်း ယူဆသည်။

သူမတက်ရောက်မယ့် ဒီပလိုမာသင်တန်းကို ဂုဏ်မင်း လည်း တက်ဖို့ဆုံးဖြတ်လိုက်ပြီး ဒီနားရောက်လာတာ။

သူမကိုမြင်တာနှင့် ဝမ်းသာစိတ်တွေက တခဏချင်းမှာ ရင်ထဲ များပြားစွာဖြစ်ပေါ်လာသည်။

သူမအနား ရပ်နေရတာကိုပင် စိတ်ထဲ ကြည်နူးလို့က်ဖိုရ တာကြောင့် ထိုခံစားမှုကနေ ရုန်းမထွက်နိုင်။

သူမရဲ့နဖူးပေါ်၊ နားထင်စပ်လေးပေါ် ဆံယဉ်စလေးတွေ ဝေ့ဝဲကျနေတာလေးကိုပင် သူကြည့်လို့မဝ။

ခရမ်းတယ်နားစွဲ အသည်းပုံပေါက်စလေးက လှုပ်တုပ် တုပ်နှင့် ရင်ခုန်စရာကောင်းသလို သူမရဲ့ပါးမို့မို့ ပန်းရောင်လေးက လည်း လက်ညှိုးနှင့်ဖွဖွတို့ထိလိုက်ချင်စရာ ကောင်းနေသည်။

ဂုဏ်မင်းရင်မှာ အသည်းတယားနှင့် ချစ်စနိုးဖြစ်နေရ၏။

"ဘာကြည့်နေတာလဲ"

"ဗျာ"

သူမ ဆတ်ခနဲလှည့်မေးလျှင် ဂုဏ်မင်းမျက်နှာ ရယ်ကျဲကျဲ

ဝိုး၊မိုး၊စာ၁ငပေ

လေးနှင့် ခြေရခက်သွားသည်။

လှလို့ကြည့်မိတာလို့ မင်းထင်လား။

တကယ်တော့ လှတာထက်လည်း မင်းကပိုပါတယ်။

သိပ်ကိုချစ်စရာကောင်းနေတာ။

မင်းကိုမြင်တာနဲ့ ချစ်ချင်မိတာ ကိုယ့်အပြစ်ပဲလား။

"ဓါတ်ပုံကပ်ဖို့ ကော်မရှိလို့လား"

သူမရဲ့အမေးကို ရောယောင်ခေါင်းညိတ်ကာ...

"ဓါတ်ပုံကို မရိုက်ရသေးတာဗျ"

"ဩော်...ဒါဆို ဒီနေ့ဘယ်တင်လို့ရတော့မလဲ"

"ဟုတ်တယ်၊ အိမ်ရောက်မှ အေးအေးဆေးဆေး ဖြည့်တော့မယ်"

သူက ဖောင်စာရွက်တွေကို လိပ်သိမ်းလိုက်ပါသည်။

အင်ကြင်းကတော့ ဓါတ်ပုံကပ်ရမယ့် လေးထောင့်ကွက်တွေမှာ ဓါတ်ပုံကို ကော်နှင့်သုတ်၍ အသာအယာဖိကပ်နေသည်။

ထိုစဉ်မှာပင် ပလတ်စတစ်အိတ်ပေါက်စလေးထဲက ဓါတ်ပုံတစ်ပုံက တမံတလင်းပေါ်ကျသွားသည်။





အင်ကြင်းမကောက်မီမှာပင် သူက ဖျတ်ခနဲကောက်ယူလိုက်၏။

"ကျေးဇူးပဲ"

သူမနှုတ်က ကြိုတင်ကျေးဇူးတင်သော်လည်း ဂုဏ်မင်းက ဓါတ်ပုံကို သူမဆီပြန်ချမပေးပါ။ လက်ထဲအသာကိုင်ထားဆဲ။

သူမကပ်လို့ ပြီးစီးသွားသည်။ ထို့နောက် ဂုဏ်မင်းဖက်သို့ လှည့်ကြည့်ရင်း...

"ကျွန်မဓါတ်ပုံ"

"ခဏလောက်"

"ရှင်...ဘာလုပ်ဖို့လဲ"

"ကိုယ်သိမ်းထားရင် မရဘူးလား"

သူ့စကားကြောင့် အင်ကြင်းမယ်က အံ့ဩသလို မျက်လုံးလေး ဝိုင်းသွားသည်။

"မရဘူး၊ ရှင်ကဘာကိစ္စ သိမ်းထားရမှာလဲ"

"မင်းပုံလေးက လှနေလို့ပါ"

"အို...ပြန်ပေးပါ"

"ခဏယူထားလို့မဖြစ်ဘူးလား"

"ဟင့်အင်း"

"ဒါက ကောက်ရတာလေဗျာ"

သူ့ပုံစံက အင်ကြင်းကို ချစ်စနိုးကျီစယ်ချင်တဲ့ပုံပင်။ စနောက်ပြောင်ရတဲ့အထိ ဘယ်တုန်းကများ ရင်းနှီးလို့လဲနော်။

"ကောက်ရလည်း ပြန်ပေးပေါ့"

"အိုကေ…မင်းဖက်က မပေးနိုင်ဘူးဆိုတော့လည်း မတတ်နိုင်ဘူးပေါ့၊ ရော့"

သူ့လက်ဖဝါးထဲက ခါတ်ပုံပိစိလေးကို အင်ကြင်း လက်ဖဝါးထဲ ပြန်ထည့်ပေး၏။

နူးညံ့ရွှန်းရီသော သူ့အကြည့်မှာ အင်ကြင်းကို ညှို့ငင်လှသည်။

သူ့အကြည့်မှ ချက်ချင်းပြန်မလွှဲနိုင်။

"ခွင့်ပြုပါဦး၊ ကျွန်မ အချိန်မီ လျှောက်လွှာသွားတင်ရဦးမှာ"

"ဘယ်မှာတင်ရမှာလဲ"





"ဟိုဖက်"

"ကိုယ်လည်း လိုက်ကြည့်ထားဦးမယ်"

သူက ထပ်ကြပ်မကွာ လိုက်လာခဲ့ပါသည်။

လျှောက်လွှာတင်တဲ့နေရာကို သိချင်လို့မဟုတ်မှန်း အင်ကြင်း သဘောပေါက်ပါသည်။

သူမနှင့် တူယှဉ်လျှောက်ချင်တာ ဘာကြောင့်လဲ။

ရွှန်းရီရီ မျက်လုံးတွေကရော ဘာအဓိပ္ပာယ်လဲ။

ဘေးကနေအတူပါလာသဖြင့် အင်ကြင်း လမ်းမလျှောက်တတ်အောင်ပင် မနေတတ်ကြီးဖြစ်နေရသည်။

မြင်တဲ့သူတွေ ဘယ်လိုထင်မလဲနော်။

အခုနေ သူငယ်ချင်းတွေမြင်ရင် ပြုံးစိစိနဲ့ အတွဲရနေပြီဆိုပြီး ကြည့်ကြမှာသေချာသည်။

သူဟာ လမ်းလျှောက်တာလည်း . ကောင်းကောင်း မလျှောက်။ နံဘေးကနေ အင်ကြင်းမျက်နှာကိုသာ ပြုံးပြုံးငုံ့ငုံ့ တစ်ချိန်လုံး ကြည့်နေတော့တာ။

သူ အင်ကြင်းကို မြင်မြင်ချင်း သဘောကျတယ်ဆိုတာ

အထူးပြောဖို့မလို။ သူ့အမူအရာနဲ့ သူ့အကြည့်တွေက သိသာလှသည်။

သူက ဟန်လည်းမဆောင်။

အင်ကြင်းဆီက ဓါတ်ပုံတောင်းတာပဲကြည့်။

အင်ကြင်းမပေးတော့ သူကအေးဆေးပေါ့။

ဘာကြောင့်လဲဆိုတော့ သူ့ခါးမှာ ဟမ်းဖုန်းချိတ်ထားတာပဲလေ။

ဟိုဖက်အဆောက်အဦးထဲ ရောက်လျှင် အင်ကြင်းက ဗျာယီဗျာယာလျှောက်လျှောက်လွှာတင်ပြီး သူကတော့ အင်ကြင်းရဲ့ လှုပ်ရှားမှုကို ဖုန်းလေးနှင့် ဓါတ်ပုံရိုက်ယူလိုက်သည်။

ဆလိုက်ဖုန်းပြားပြားလေးကို ထောင်လျက်အနေအထားကိုင်၍ အင်ကြင်းမျက်နှာကို ချိန်ရွယ်ရိုက်ယူနေတာသိသော်လည်း လျင်မြန်သော သူ့အပြုအမူကို ဘာမှမပြောသာ။

ပြောလည်းမရမယ့်အတူတူ အင်ကြင်းက မသိသလိုသာ ဟန်ဆောင်နေလိုက်လေသည်။

❖ ❖ ❖



သင်တန်းမစခင် ကျောင်းကိုအစောကြီးရောက်လာတဲ့ တစ်ရက်မှာ သူမအနားသို့ ဂုဏ်မင်းထယ်က အသာလေး ကပ်လာခဲ့သည်။

ဖျတ်ခနဲ လှည့်ကြည့်လျှင် အနားမှာရောက်နေတဲ့သူ့ကို ဘွားခနဲ တွေ့လိုက်ရတာမို့...

"ရှင်ရောက်လာပြီကိုး"

"ကိုယ်ရောက်နေတာ မင်းထက်နာရီဝက်လောက်စောလိမ့်မယ်ထင်တယ်"

"ယောက်ျားလေးဖြစ်ပြီး ဇီရိယကောင်းတယ်ပြောရမှာပေါ့"

"မထင်နဲ့၊ ကိုယ်အရမ်းပျင်းတာ"

"ပျင်းရင် ဘာလို့သင်တန်းလာတက်သေးလဲ"

ဝိုး : မိုး : ဝ၁ဌပ

"ဘာလို့လဲဆိုတော့ ကိုယ်အမှန်အတိုင်းပြောရမလား၊ မင်းစိတ်မဆိုးရင်တော့ ပြောမယ်"

"ကျွန်မက စိတ်ဆိုးရအောင် ကျွန်မနဲ့ဘာဆိုင်လို့လဲ"

သူကမဖြေတော့ဘဲ ပြုံးလျှက်သာကြည့်နေသည်။

အင်ကြင်းက သူ့ထံမှ မျက်နှာလေးလွှဲလိုက်သည်။

"အချိန်ရရင် ခဏလောက်"

ကြားရပြန်ပါပြန်ပြီ။ 'ခဏလောက်' ဆိုတဲ့ ခွင့်ပန်စကား။

သူအဲလိုပြောတဲ့ အသံနေအသံထားဟာ သူမနားထဲ ဆန်းသစ်ပြီး နားဝင်ချိုသလို ကြည့်လိုက်တဲ့ အိုက်တင်လေးဟာလည်း အင်မတန်ဖြားယောင်းဆွဲဆောင်နိုင်သည်။

မျက်နှာလွှဲထားတဲ့ အင်ကြင်းဟာ သူ့ရဲ့အိုက်တင် ခနဲ့ခနဲ့လေးကို ပြန်မကြည့်ဘဲမနေနိုင်။

"အချိန်ကိုငှားဦးမလို့လား ရှင်က"

"ဟုတ်ပါတယ်၊ ငှားချင်ပါတယ်၊ ကိုယ့်အချိန်တွေ မကျေနပ်ရင် အတိုးနဲ့ပြန်ယူပေါ့"

"ဘာမှန်းလည်းမသိဘူး၊ ရှုပ်နေတာပဲ"

ဦး:ဦး:၀၁၄ပ



"ကင်တင်းနဲ့သွားထိုင်ရအောင်"

"မထိုင်ချင်ပါဘူး၊ မုန့်စားခဲ့ပြီးသား"

"ကိုယ်ဗိုက်ဆာနေတယ်"

"ရှင်ဆာရင် ရှင့်ဘာသာသွားစားပါလား"

"အင်ကြင်း အဖော်လိုက်ခဲ့ပါလား၊ လာပါ၊ သူငယ်ချင်းတွေဖြစ်သွားပြီပဲ၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့ကွာ၊ ကော်ဖီတိုက်ချင်လို့ပါ"

သူက တခုတယနှင့် ဖွတ်ခေါ်နေလျှင် ငြင်းရတာအားနာသလို ဖြစ်လာသည်။

"အချိန်အကြာကြီး မရဘူးနော်"

"သိပါတယ်၊ ခဏလောက်ပါပဲ"

အင်ကြင်းမယ် လက်ခံလျှင် ဂုဏ်မင်းထယ်မျက်နှာမှာ ပြုံးပျော်ကျေနပ်သွားပါသည်။

ဒီနေ့တော့ သူက စတိုင်လ်ပင်နဲ့လွှင့်လွှင့် ကာကီရောင်နှင့် ရှပ်အင်္ကျီအသားရောင် ခပ်ဖျော့ဖျော့ ပါးပါးကို ဝတ်ဆင်ထားသည်။ သူ့သဏ္ဍာန်က ပေါ့ပါးလန်းဆန်းနေသည်။

မျက်လုံးတွေက ကြည်ရွှင်ပြီး တောက်ပနေတော့ ပိုပြီး

ဦး:ဦး:၀၁၄ပ

ရှုမောင်မှုရှိနေသည်။

အင်ကြင်းမယ်ကတော့ ဒီနေ့ ခရမ်းဆီရောင်ရင့်ရင့် အရောင်မှိုင်းမှိုင်း အထက်အောက်ဝတ်စုံလေးနှင့်မို့ ဖြူဝင်းသော အသားအရေက ပိုမိုပေါ်လွင်နေရပါသည်။

ဆံပင်လေးကိုတော့ ဟိုနေ့ကလိုပဲ အကွက်ဖော်ပြီး ကျစ်ဆံမြီးဘုတ်တုတ်လေးနှစ်ဖက် ခွဲကျစ်ထားသည်။ သူမမျက်နှာဝိုင်းဝိုင်းလေးက ကျစ်ဆံမြီးစတိုင်လ်နှင့် အတော်လိုက်ဖက်တာ သတိထားမိသော ဂုဏ်မင်းက...

"မင်းက ကျစ်ဆံမြီးနဲ့သိပ်လိုက်တာပဲ"

"သင့်ခ်ယူပါ"

သူမက ချီးမွမ်းစကားကို ကျေးဇူးတင်ကြောင်း တုန့်ပြန်သည်။

"မင်းရဲ့ဆံပင်စတိုင်လ်ကို ဘယ်မှာလုပ်တာလဲ"

"အိမ်မှာပဲပေါ့"

"ဘယ်သူလုပ်ပေးလဲ"

သူက မထင်မှတ်ဘဲ စပ်စုလေသည်။





"ကျွန်မသူငယ်ချင်းညှပ်ပေးတာ၊ ဆံပင်ညှပ်တာလည်း သူပဲ၊ အိမ်ကထွက်ခါနီး ကျစ်ဆံမြီးကျစ်ပေးတာလည်း သူပဲ၊ ရှင်က ဘာလို့စပ်စုရတာလဲ"

"မင်းအကြောင်းကို သိချင်လို့ပေါ့"

ဘာလို့သိချင်တာလဲဟု အင်ကြင်း ဆက်မမေးရဲ။ တော်ကြာ သူက စိတ်ဝင်စားလို့ဆိုပြီး ဖြေချင်ဖြေလိုက်မှာလေ။

စတွေ့တွေ့ချင်းကတည်းက သူ့မျက်လုံးတွေက အင်ကြင်းမျက်နှာပေါ်မှာပဲ စိတ်ဝင်တစား ငေးမောနေခဲ့တာ။ သက်ဝင်နစ်မျောလွန်းလို့ နှလုံးသားထဲ တိုက်ရိုက်ဖောက်ထွင်းသွားခဲ့သည် မဟုတ်လား။

ဘုရားရေ။

အင်ကြင်း တုန်လှုပ်ရမယ့်အချစ်ဆိုတာ သူ့ရင်ဘတ်ထဲမှာ ရှိနေတဲ့အရာလား။

အင်းလေ ဒီလောက်ချက်ချင်းတော့ မှတ်ချက်ချဖို့ စောလွန်းပါတယ်။

သို့သော် သူဟာ အင်ကြင်းထံပါးသို့ ပေါ့ပေါ့ပါးပါးလေး

ချဉ်းကပ်လာသူတော့ မဟုတ်တာသေချာသည်။

သူ့မျက်လုံးထဲက နက်ရှိုင်းမှုဟာ ပင်လယ်ပြင် အောက်ဆီ ဆွဲခေါ်သွားတော့မလို ခံစားချက်မျိုးနှင့် ဖြစ်သည်။

ပြောမပြတတ်ပေမဲ့ သူမသိသည်။

သူဟာ အလွန်ထူးခြားတာ အင်ကြင်းရင်ထဲမှာ ဆဌမအာရုံ ရလှသည်။

နှစ်ဦးသား ဘာမျှထပ်မပြောဖြစ်ပေမဲ့ ရင်ထဲမှာတော့ ကိုယ်စီလှိုင်းထနေသည်။

ကင်တင်းလေးက မနက်ခင်းပိုင်းမို့ လူရှင်းနေသည်။

ဇာဒ်ပင်အောက်အရိပ်အေးအေးက စားပွဲလေးမှာ ဝင်ထိုင် ဖြစ်ကြသည်။

သူမက နက်စ်ကော်ဖီမှာသည်။ သူကတော့ ကိုကာကို လာ။

ပေါက်စီတို့၊ အကြော်တို့၊ ပဲမုန့်တို့ လာချပေးပေမဲ့ သူက ဘာမှလည်းမစားပါ။

အင်ကြင်းက ကော်ဖီကို ဇွန်းပေါက်စလေးနှင့် မွှေနေလျှင်





သူက အင်ကြင်းလက်ချောင်းလေးတွေကို ကြည့်နေသည်။

"ရှင်ဗိုက်ဆာနေတာဆို"

"အခုမဆာတော့ဘူး"

"နေရင်းထိုင်ရင်း ဗိုက်အလိုလိုပြည့်တဲ့ ဂါထာမျိုး ရှင့်မှာ ရှိတယ်ပေါ့"

"ရှိတယ်လေ၊ ဂါထာတော့မဟုတ်ဘူးပေါ့"

သူက အင်ကြင်းကို အဓိပ္ပာယ်ပါပါလေး စိုက်ကြည့်ရင်း ဖြေပါသည်။

ဘာကြောင့်မှန်းမသိ သူ့ကို မျက်စောင်းရွယ်မိသည်။

စိတ်ထဲမှာ တရင်းတနှီးဖြစ်မိတာ ဘာကြောင့်လဲ အင်ကြင်း မသိ။

သူက အုံ့ဆိုင်းနေသော ဇာဒ်ပင်အမြင့်ကြီးကို တစ်ချက် မော့ကြည့်ကာ အဆက်အစပ်မရှိဘဲ မေးခွန်းတစ်ခု ကောက်မေးလေ သည်။

"အင်ကြင်းမယ်...မင်း ဇာဒ်စေ့ကြိုက်လား"

"ဟင်"

"ကြိုက်တယ်မဟုတ်လား"

အင်ကြင်းက မျက်မှောင်လေး မသိမသာကျုံ့သွားရ၏။

"အခွံကိုဖယ်ပြီး တူနဲ့ဆတ်ဆတ်လေး ရိုက်ခွဲလိုက်ရင် အထဲကဗာဒံစေ့လေး ပုံစံမပျက် ထွက်လာရင် မင်းသိပ်သဘောကျတယ်မဟုတ်လား၊ အပင်အောက်မှာ ထိုင်ပြီး တစ်နေကုန်ဗာဒံစေ့တွေ ထုနေလိုက်တာ၊ ကျောင်းဆင်းချိန်ရောက်သွားတာတောင် မသိလိုက်ဘူးလေ၊ နောက်နေ့ ဆရာမက နှစ်ယောက်စလုံးကို ကြိမ်လုံးနဲ့ရိုက်ပြီး အပြစ်ပေးတယ်၊ လက်ဖဝါးလေးတွေ နီရဲနာကျင်ပြီး ငိုနေတဲ့ မင်းပုံစံကို ခုထက်ထိ မျက်စိထဲကမထွက်ဘူးကွာ သိလား"

သူ့စကားတွေကြောင့် အင်ကြင်းသည် ညှို့ဆေးမိသွားသူလို သူ့ကို တအံ့တသြကြီး ကြက်သေသေကာ ငေးကြည့်နေမိလေသည်။

"လူကြီးစီးစက်ဘီးကိုနင်းပြီး တာလမ်းမပေါ် ထွက်စီးကြတုန်းကလည်း နှစ်ယောက်စလုံး အရိုက်ခံရသေးတယ်။ အဲဒီတုန်းက အန်တီးရိုက်မှာစိုးလို့ မင်းဘယ်သူ့ကျောကုန်းနောက်မှာ ပုန်းနေ





ခဲ့သလဲ။ ဘယ်သူ့ခါးကို ကြောက်ကြောက်နဲ့ ဖက်ထားခဲ့တာလဲ။ မှတ်မိလားဟင် ဂျင်းလေး"

"ဘာ...ဘာရယ်၊ ဒါဆို နင် နင်က ဂုဏ် ဂုဏ်မင်းထယ်ပေါ့ ဟုတ်လား၊ ဂုဏ်ရယ် စောစောကတည်းကမပြောဘူး၊ ငါ၀မ်းသာလိုက်တာဟယ်"

အင်ကြင်းမယ်က စိတ်လှုပ်ရှားရလွန်းတာမို့ မျက်ရည်တို့ပင် ရစ်ဝဲလာသည်။ ဂုဏ်မင်းအင်္ကျီစကို ဆောင့်ဆောင့်ဆွဲလျက် အသံလေးက တုန်တုန်ရီရီဖြစ်နေရှာသည်။

ငယ်ပေါင်းလေးကို သံယောဇဉ်ကြီးလွန်း၊ ခင်တွယ်ရလွန်းလို့ မမေ့နိုင်ခဲ့ပါ။

သူငယ်တန်းကနေ လေးတန်းအောင်တဲ့အထိ ကစားဖော်ကစားဖက်၊ ဆိုးဖော်ဆိုးဖက်။

သူကလည်း မှုဆိုးမရဲ့သား။ အင်ကြင်းကလည်း မုဆိုးမရဲ့သမီးမို့ ဘဝတူတွေလို့ပြောရင်လည်း ရသည်။ သိပ်ချစ်ခဲ့ကြတဲ့ ငယ်သူငယ်ချင်းတွေပါ။

"ပြောမလို့ပါပဲ ဂျင်းလေးရ၊ နင် ငါ့ကို မှတ်မိမလား

လို့ ငါစောင့်ကြည့်နေတာ၊ ဟိုနေ့က နင်ဖြတ်လျှောက်သွားတာတွေ့တော့ ရင်ထဲမှာတစ်မျိုးကြီးပဲ၊ ငါ အလိုလိုလိုက်ကြည့်ချင်မိတာ”

“အောင်မာ…အဲဒီတုန်းက နင်မမှတ်မိဘူးမဟုတ်လား”

“အေး…ဟား…ဟား”

သူက အမှန်အတိုင်းဝန်ခံပါ၏။

“ဟွန်း…ဒါနဲ့များ”

“နင်က အင်ကြင်းမယ်လို့ရေးလိုက်တော့ ငါ ဘယ်လိုပျော်သွားမှန်းမသိဘူး၊ နင်က ငယ်ငယ်တုန်းကလို ကြောင်ချေးရုပ်မှမဟုတ်တော့ဘဲ၊ ခေါင်းမိုးပဲ၊ ကြီးလာမှ အရမ်းလှလာတယ်”

“သွားပါ”

“ငါမသိဟန်ဆောင်ပြီး နင့်ကိုချဉ်းကပ်ကြည့်တာ”

“မှန်းစရာကြီး”

“နင်ကအထာနဲ့ပေါ့လေ၊ ဟား…ဟား ငါ့ကို အရေးမလုပ်ဘူး”

ဂုဏ်မင်းက ပြောပြောဆိုဆို သူမဦးခေါင်းကို တစ်ချက်ဖိချလိုက်သည်။





“နင့်ရုပ်က ပြောင်းသွားတာကိုး ဂုဏ်ရဲ့၊ ငါမှမမှတ်မိတာ”

“ငါ နင့်အိမ်ထိ လိုက်ခဲ့တာ၊ မသိဘူးမို့လား”

“ဟယ်…တကယ်”

“နောက်ယောင်ခံလိုက်ခဲ့တာကွ၊ ပိရိတယ်မို့လား”

“ဂုဏ်ကလည်းဟယ် သူစိမ်းဆန်လိုက်တာ”

“အဲဒီလှိုင်ကတိုက်ခန်းမှာ နင် ဘယ်သူနဲ့နေတာလဲ ဂျင်းလေး”

“ငါ့သူငယ်ချင်း ဖြူဖြူကျော်ဇောနဲ့လေ၊ ငါတို့နှစ်ယောက်စပ်တူဝယ်ထားလိုက်တာ”

“အန်တီဦးကရော”

“မန္တလေးမှာပဲ”

“နေရောကောင်းရဲ့လား”

“ကောင်းပါတယ်၊ မေမေက ခေါင်ခေါင်မြည်ပဲ၊ အရင်လိုပဲ၊ နင့်မေမေရော ဂုဏ်”

“အမေ စင်ကာပူမှာ၊ နောက်ထပ်ကလေးတစ်ယောက်ရ

တယ်၊ အခု ငါ့ညီတောင် တော်တော်ကြီးနေပြီဟ”

“ဟယ်…ဟုတ်လား၊ အန်တီစန်းက ကလေးထပ်မွေး ခဲ့သေးတယ်၊ အံ့သြစရာပဲ၊ မေမေသိရင် အံ့သြမှာပဲ၊ မေမေက နင်တို့အကြောင်းတွေပဲ အမြဲပြောနေတာ၊ အန်တီစန်းကိုလည်း သူက အရမ်းခင်တာမဟုတ်လား၊ အန်ကယ်လ်မောင်နဲ့ ရသွားတာ သိပ်ကံကောင်းတယ်လို့ ပြောပါတယ်၊ နင်တို့အဆင်ပြေတယ်မို့ လား”

“ဦးမောင်နဲ့ ငါနဲ့က သိပ်ကြီးမကိုက်ပါဘူး”

“နင်ကတော့ ဒီလိုပဲဖြစ်ရမယ်လေ၊ နင်နဲ့တည့်တဲ့လူက ခပ်ရှားရှားပဲဟာ”

“ငါ အခု မြန်မာပြည်ကို တစ်ယောက်တည်းပြန်လာ တာ”

“နင်ပြန်သွားရမှာလား”

ဂုဏ်မင်းက ဆံပင်ကို တစ်ချက်သပ်တင်ကာ သက်ပြင်း တချနှင့်…

“အခြေအနေအရပဲ”





“ဒါဆို နင် ခဏလေးပြန်လာတုန်းမှာ ငါနဲ့လာတွေ့တာ ပေါ့နော် ဂုဏ်”

“ငါကရှာနေတာ၊ မန္တလေးသွားဖို့တောင် စဉ်းစားနေတာ ပါ”

“မယုံပါဘူး”

“မယုံလည်းမတတ်နိုင်ဘူး ဂျင်းလေးရာ၊ ငါ့ရင်ထဲမှာ နင့်ကိုမမေ့နိုင်ဘူး”

“မမေ့နိုင်ရင် အဆက်အသွယ်ဖြတ်ထားမလား၊ စာလေး ဘာလေးရေးမှာပေါ့”

“စောစောပိုင်းက ငါရေးခဲ့ပါသေးတယ်”

အင်ကြင်းက သူ့ကို စေ့စေ့ကြည့်နေမိသည်။ တကယ် တော့ မန္တလေးမှာပဲဆိုပေမဲ့ အင်ကြင်းတို့လည်း ခပ်လှမ်းလှမ်းက မြို့သစ်ကို ထပ်ပြောင်းသွားခဲ့သေးတာပဲ မဟုတ်လား။

ဂုဏ်မင်းတို့ကတော့ ပိုဆိုးတာပေါ့။ ရန်ကုန်ကနေ ဩစတေးလျကို ထွက်ခွာခဲ့တာ။ အန်ကယ်မောင်မောင် အလုပ်လုပ် တဲ့ နိုင်ငံ သူတို့သားအမိက လိုက်နေရတာမို့ အတည်တကျအခြေ

ချနေထိုင်လို့မရခဲ့ပေ။

အခုတော့ စင်ကာပူမှာ။

"ငါတို့လည်း မြို့သစ်ဖက်ပြောင်းလိုက်တယ်"

"အေးပေါ့ကွာ…အဆက်အသွယ်တွေ ပြတ်သွားတာပေါ့၊ အခုမှ ကံကောင်းလို့ ပြန်တွေ့ရတာ"

"နင် အခုဘယ်မှာနေလဲ ဂုဏ်"

သူဟာ ဂုဏ်မင်းပါလို့ သိလိုက်ရပြီးတဲ့အခါမှာတော့ အင်ကြင်းမယ် အကြည့်လေးများက ပြောင်းလဲသွားပါပြီ။

နူးညံ့နွေးထွေးသော ခင်တွယ်သံယောဇဉ်ကြီးသော ဒီမျက်လုံးလေးကို သူ ပြန်လည်ခံစားခွင့်ရခဲ့ပြီ။

တစ်ယောက်ကိုတစ်ယောက် တခဏမျှ စိုက်ကြည့်နေမိကြသည်။

"သူငယ်ချင်းအိမ်မှာပဲ လောလောဆယ်နေတယ်၊ ဒါပေမဲ့ ငါ အခန်းဝယ်ဖြစ်မှာပါ၊ ငါ ဒီမှာပဲအခြေချချင်တယ်"

ဂျင်းလေးကို ပြန်တွေ့ရတဲ့အခါ သူ ဆုံးဖြတ်ချက် ကျသွားခဲ့ရပြီ။





အစကတော့ မရေမရာပဲလေ။

"ငါတို့နှစ်ယောက်ကတော့ ပြန်တွေ့ကြပြီး တိမ်လွှာတော့ ဘယ်ရောက်နေလဲမသိဘူး"

တိမ်လွှာနီက အင်ကြင်းတို့ သုံးတန်းနှစ်ကတည်းက မိသားစုနှင့်အတူ နယ်စပ်မြို့ကလေးတစ်ခုကို ပြောင်းသွားခဲ့ပါသည်။

အတန်းထဲမှာ သိပ်ခင်သိပ်တွဲခဲ့တဲ့ သူငယ်ချင်းသုံးယောက်မို့ တိမ်လွှာကိုလည်း အမှတ်ရမိသည်။

"အေးကွ…သူနဲ့လည်း တွေ့ချင်သားပဲ"

"ငါတို့ကွဲသွားကြတာ နှစ်ပေါင်းမနည်းဘူးနော် ဂုဏ်"

"ဆယ့်လေးနှစ်ကျော်ပြီလေ"

"ဒီဆယ့်လေးနှစ်မှာ နင့်ပုံစံက အရမ်းပြောင်းသွားတာပဲ"

"နင်လည်း ငယ်ရုပ်ပျောက်သွားတာပဲ"

ဂုဏ်က ဂျင်းလေးမျက်နှာကို စွဲမက်စွာ ငေးစိုက်ကြည့်နေမိသည်။

ငယ်ငယ်တုန်းကလည်း သူမကို ကလေးစိတ်နှင့် အစွဲကြီးစွဲခဲ့ဖူးသည်။

သူမနှင့် ဆော့ကစားရလျှင် တစ်နေကုန်တစ်နေခမ်း အိမ်မပြန်ချင်။

ဟိုနေက ပြန်တွေ့တော့လည်း ခြေလှမ်းတွေက သူမနောက် သို့ အလိုလိုပါသွားခဲ့သည်။

မသိစိတ်ကရော သိစိတ်ကရော သူမကိုသာ အလိုရှိနေမိ တာ အမှန်ပါ။

တစ်ချိန်ချိန်မှာ ဂျင်းလေးနဲ့ပြန်တွေ့ကို တွေ့ရမယ်လို့ သူ့နှလုံးသားထဲမှာ စွဲစွဲနစ်နစ် ယုံကြည်ထားမိခဲ့သည်။

အခုတော့ ထိုယုံကြည်ချက် မှန်ကန်ခဲ့ရလေပြီ။

“ဂျင်းလေး”

“ဟင်”

“နင် ငါ့ကိုချစ်သေးလား”

သူ့မေးခွန်းကြောင့် အင်ကြင်းမယ် မျက်နှာလေး နွေးခနဲ ပူသွားရသည်။

ဘယ်လိုများ မေးလိုက်တာလဲနော်။

မျက်လွှာချ ခေါင်းလေးငုံ့သွားတဲ့ အင်ကြင်းမယ်ကို





ဂုဏ်မင်းက အားမလိုအားမရ နှုတ်ခမ်းကိုက်ကာ စူးစိုက်ကြည့်ရင်း

“မြန်မြန်ဖြေလေ၊ ဒါ စဉ်းစားနေစရာလား”

“ငယ်ငယ်တုန်းက အတိုင်းပဲ”

“ဒါဆို ချစ်သေးတယ်ဆိုပါတော့”

“အင်းပါ ဂုဏ်ရယ်၊ မပြောင်းလဲပါဘူး”

“ဟ…အဲလိုပုံသေကြီးတော့ သဘောမထားနဲ့လေ၊ ပြောင်းလဲတိုးတက်ခြင်းဆိုတာလည်း လာရမှာပေါ့”

“နင်နော်”

“ဟား…ဟား…ဟား”

ဂုဏ်မင်းထယ်က သူမရဲ့ ကြိမ်းဝါးပုံလေးကြောင့် ရယ်မော လိုက်မိသည်။

ငါ့မျက်လုံးထဲက အချစ်တွေ နင်ရိပ်မိတယ်မို့လား။

မညာပါနဲ့ ဂျင်းလေးရယ်။

ဘယ်လောက်ပဲဝေးဝေး ငါတို့နှစ်ယောက်ကြားမှာ မမြင်ရ တဲ့ ချစ်ကြိုးလေးတစ်ချောင်းက ချည်နှောင်ထားပြီးသားပါ။

ငါတို့မှာ ပြန်ဆုံမယ့် ဆုံမှတ်တစ်ခုရှိလို့ အခုလို ဆုံခွင့်

☆

ရခဲ့ပြီ

ရင်ထဲနစ်ဝင်နေတဲ့ အချစ်တွေကို ဟန်မဆောင်ဘဲ ဖွင့်ထုတ်လိုက်ပါလား။

အင်ကြင်းမယ်က သူမသိအောင် ပင့်သက်ကလေး ခိုးရှိုက်မိသည်။

"နင်အိမ်ထောင်ကျနေပြီလားလို့ ငါတွေးပူနေမိတာ"

"အချိန်တွေကြာခဲ့ပြီပဲ ဂုဏ်ရယ်၊ အဲဒီလိုလည်း ဖြစ်နိုင်တာပဲ"

"ဘာပြောတယ်၊ နင့်မှာ ရည်းစားရှိနေတာလား"

"ရည်းစားတော့ မဟုတ်ပါဘူး"

အင်ကြင်းမယ် အသံလေးက ခပ်တိုးတိုး။

ဒါတွေကို သူမ မပြောချင်။

အခုလို ဂုဏ်မင်းနဲ့ပြန်တွေ့ပြီး ပျော်ရွှင်ဝမ်းသာနေရချိန်မှာ ပိုလို့မပြောချင်။

သူ့မျက်နှာ အနည်းငယ်ပျက်သွားကာ…

"ရည်းစားမဟုတ်ရင် ဘာလဲ"





သူ့မေးခွန်းကို အင်ကြင်း မဖြေတတ်။

မဖြေချင်တာဆိုရင် ပိုမှန်လိမ့်မည်။

မဖြေချင်ပါ။

"ရှင်းရှင်းပြောလေဟာ"

သူက စိတ်မရှည်သလို အင်ကြင်း ပခုံးတစ်ဖက်ကို ဆုပ်ကိုင်၍ ထပ်မေးသည်။

သူ့မျက်နှာမှာလည်း ပူပန်စိတ်လှုပ်ရှားသော အရိပ်အယောင်တို့က သိသာစွာပေါ်လာသည်။

သူ့မျှော်လင့်ချက်ကို ရိုက်ချိုးလိုသောရည်ရွယ်ချက် အင်ကြင်းဆီမှာ လုံးဝမရှိ။

"နောက်မှ အေးအေးဆေးဆေးပြောပြမယ်"

"အခုပြော"

"သင်တန်းစနေလောက်ပြီ ဂုဏ်မင်းရဲ့၊ မြန်မြန်သောက်ပြီးရင် သွားရအောင်"

တစ်စုံတစ်ခုတော့ ရှိလိမ့်မည်။

သူ့ကို ဂျင်းလေးမပြောရက်တဲ့ ကိစ္စမျိုးဆိုတာ သူ့အလိုလို

နားလည်မိသည်။

ဂျင်းလေးမှာ ဘာအခက်အခဲတွေ ရှိနေပါလိမ့်။

ဂုဏ်မင်းထယ် မျက်နှာမှာ အလိုမကျသောအရိပ်အယောင်တို့နှင့် မှုန်တည်သွားရသည်။

ဂျင်းလေးက သူ့ကို စောင့်မနေခဲ့ဘူးလား။

သူ့ဖက်က တစ်ဖက်သတ်မျှော်လင့် ယုံကြည်ခဲ့တာလား။

အင်းလေ ပြန်တွေ့ရတဲ့အချိန်မှာ ဒီထက်ပြောင်းလဲဝေးကွာသွားခဲ့ပြီဆိုတာလည်း ဖြစ်နိုင်တာပဲ။

ဂျင်းလေး အိမ်ထောင်မပြုရသေးဘူးဆိုတဲ့ အချက်ကပဲ သူ့အတွက် အားတက်စရာကောင်းလှပါပြီ။

ပိုက်ဆံရှင်းပြီးနောက် ကင်တင်းထဲက ထွက်လာသော သူ့ခြေလှမ်းတွေဟာ သိပ်အားမပါ။

ဂုဏ်မင်း မျက်နှာထားမှာလည်း စောစောကလို မကြည်လင်ဘဲ ခပ်ထွေထွေဖြစ်သွားရသည်။

သင်တန်းခန်းမရှိရာ အတူလျှောက်လာတဲ့လမ်းမှာ နှစ်ဦးသား တိတ်ဆိတ်နေမိကြသည်။





သူက ဂျင်းလေးမျက်နှာလေးကို မက်မပြေစွာ ကြည့်နေမိတာ ခဏခဏ။

နှလုံးသားထဲက ပုံရိပ်လေးပါ။

ဘယ်တော့မှလည်း ပျောက်ပျက်သွားမှာ မဟုတ်တာ သေချာသည်။

အချိန်ကာလအကြာကြီးတစ်ခု ဖြတ်ကျော်လိုက်တာနှင့် နှလုံးသားရဲ့ သမိုင်းဟာ ဟောင်းနွမ်းပြယ်လွင့်မသွားနိုင်ပါဘူး။

ဂျင်းလေးရယ် မညာပါနဲ့။

နင့်ရဲ့နှလုံးသားမှာ ဂုဏ်မင်းထယ်ဆိုတဲ့နာမည်ကို တစ်သက်စာ ရေးထိုးပြီးသားပဲ။

ဒီလိုပါပဲ။ ငါ့ရင်ဘတ်ထဲမှာလည်း နင့်နာမည်ပဲရှိတယ်။

တကယ်လို့ မတော်တဆ ငါတို့အနားပတ်ဝန်းကျင်ကို တစ်ပါးသူတစ်ယောက်ယောက် ရောက်နေမယ်ဆိုရင်လည်း ရင်ထဲက နာမည်ကိုတော့ ပြောင်းပေးလို့ရမှာမဟုတ်တော့ဘူး။

စိတ်ချင်းထပ်တူကျရင် ငါပြောတာကို နင်လည်း နားလည်လက်ခံမိမှာပါ။

ဘယ်အခြေအနေမျိုးမှာပဲဖြစ်ဖြစ် ငါကတော့ နင့်ကိုပဲ ချစ်မြတ်နိုးနေမယ် ဂျင်းလေးရယ်။

ဒါဟာ ငါ လွန်ဆန်လို့မရနိုင်တဲ့ နှလုံးသားသစ္စာပါပဲ။

* * *



"တီး…တောင်"

အင်ကြင်းက ပုံဆွဲစာအုပ်ထဲမှာ ဒီဇိုင်းရေးဆွဲနေရာကနေ ဆတ်ခနဲ ဖြစ်သွားရသည်။

တံခါးဘဲလ်သံက သူမအတွက် ထူးခြားနေသည်။ တနင်္ဂနွေနေ့ရဲ့ နေ့လယ်ပိုင်းမို့ အိမ်မှာ အေးအေးလူလူ အင်္ကျီဒီဇိုင်းလေးတွေ ပြန်ဆွဲလေ့ကျင့်နေမိတာ။

အင်ကြင်းက ဖျတ်ခနဲ ထရပ်ကာ တံခါးအရင်မဖွင့်သေးဘဲ တန်းပေါ်က အဖြူရောင်ကုတ်အင်္ကျီ ခါးတိုလေးကို လှမ်းဆွဲ၍ ယူဝတ်လိုက်သည်။

သူမဝတ်ထားတဲ့ ဂါဝန်ရှေညိုရောင်လေးက လက်ပြတ်၊ ရင်ပြတ်အပိုက်လေး ဖြစ်နေသည်မဟုတ်လား။

ကုတ်ကို ကမန်းကတန်း ထပ်စွပ်ပြီးမှ တံခါးကို ဟကြည့်

လိုက်သည်။

သံပန်းတံခါးအဖြူရဲ့ အပြင်ဘက်မှာ ရပ်နေသူက သူမကို မြင်လျှင် မျက်နှာရွှံ့ ပြောင်ပြလိုက်၏။

"ဂုဏ်"

"တံခါးဖွင့်ဦးလေဟာ"

"နင်ဘယ်ကလှည့်ဝင်လာတာလဲ"

"နင့်ကိုသတိရလို့"

"အံမယ်"

အင်ကြင်းက မျက်စောင်းလေးတစ်ချက်ခဲရင်း သံပန်းတံခါးရဲ့ သော့ကို ဖွင့်ပေးလိုက်သည်။

အမှန်အတိုင်း ဝန်ခံရလျှင် သူ အိမ်ထိလိုက်လာတာကို ဂျင်း ပျော်ပါသည်။ သို့သော် ရင်လည်းထိတ်လှသည်။ သူနှင့် ခင်မင်ရင်းနှီးနေတာသိလျှင် ကိုကြီးအလင်းက ကြိုက်မှာမဟုတ်တာ သေချာသည်။

"ထိုင်ဦး ဂုဏ်"

"ဘယ်သူရှိလဲ၊ နင်တစ်ယောက်တည်းလား"





"ဖြူဖြူအိပ်နေတယ်"

ဂုဏ်မင်းထယ်က တိုက်ခန်းလေးထဲ လှမ်းဝင်လာရင်း ဧည့်ခန်းက ဆိုဖာဆက်တီမှာ ထိုင်လိုက်သည်။

တကယ်တော့ အိမ်မှာ ဖြူဖြူမရှိပါ။ သူ့သူငယ်ချင်းလာခေါ်၍ ရှော့ပင်ထွက်ဖို့ လိုက်သွားသည်။

အင်ကြင်းက အိမ်မှာ တစ်ယောက်တည်းလို့ မပြောချင်လို့သာ ဖြူဖြူအိပ်နေတယ်ဟု ညာလိုက်ခြင်းဖြစ်သည်။

သူငယ်ချင်းရှိတယ်ဟု အသိပေးထားခြင်းက ပိုဣန္ဒြေရတယ် ထင်မိလို့ပါပဲ။

သူကတော့ ဖြူဖြူ ရှိရှိ မရှိရှိ ဒါကို ဘယ်လိုမှလည်း မနေ။ ခေါင်းထဲလည်း ရောက်ပုံမရသေး။

ဆောင်းလာတဲ့ သိုးမွေးဦးထုပ်ကို ဆွဲချွတ်၍ သူ့ရဲ့ကတုံးဆံပင်ကို တစ်ချက်ပွတ်လိုက်ရင်း...

"ဂျင်းလေး ငါဗိုက်ဆာနေတယ်၊ တစ်ခုခုကျွေးဟာ"

"ဘာစားမှာလဲ"

"အိမ်မှာဘာရှိလဲ"

"သိဘူးလေ…ငါ့ကို ဖြူဖြူချက်ကျွေးတာ"

"ဒါဆို ငါကိုယ်တိုင် မီးဖိုချောင်ဝင်ချက်ရမှာလား"

အင်ကြင်းက ရယ်လိုက်မိသည်။

"နင်က ချက်တတ်လို့လား"

"ဟ…စင်ကာပူမှာ ကိုယ့်ဟာကိုယ်နေလာတာ မချက်တတ်လို့ရမလား"

"နင်က အန်တီစန်းနဲ့ မနေဘူးလား"

"သိတဲ့အတိုင်းပဲ၊ ဘိုးတော်နဲ့မှမကြည်တာ၊ သူငယ်ချင်းတွေအိမ် တက်နေရတာပေါ့"

"အဲဒီတော့ ထမင်းဟင်းချက်ရတယ်ပေါ့လေ"

"နင်မယုံဘူးလား"

"မယုံပါဘူး"

"အဲဒါဆို လက်တွေ့ချက်ပြမယ်၊ လာ"

သူက အင်ကြင်း လက်ကောက်ဝတ်လေးကို ဖျတ်ခနဲဆွဲခေါ်ကာ မီးဖိုခန်းဖက် ဝင်လာသည်။

မီးဖိုခန်းမှာ ရှင်းမှရှင်းထားရဲ့လား။





အင်ကြင်း ကြိုတင်မျက်နှာပူနှင့်သည်။ သို့သော် ဝင်လာတော့ အခြေအနေမဆိုးပါ။ ထမင်းစားပြီးတုန်းက ဖြူဖြူ ရှင်းလင်းဆေးကြောသွားဟန်တူ၏။

ပြောင်လက်ရှင်းသန့်နေတာတွေ့မှ အင်ကြင်း စိတ်သက်သာရာ ရသွားသည်။

ကြောင်အိမ်ဖွင့်၊ ရေခဲသေတ္တာဖွင့်ပြီး ချက်ပြုတ်စရာရှာဖွေသည်။

"ဟင်းကတော့ ဆိတ်ကလီစာ၊ နင်ကြိုက်ပါ့မလား၊ ကြက်အူချောင်းတော့ရှိတယ်၊ ကြက်အူချောင်းနဲ့ ခေါက်ဆွဲကြော်ပေးရမလားဟင်၊ အဲဒါတော့ မြန်မှာပါ"

"ရပါတယ်၊ ရှိတာနဲ့စားမှာပေါ့"

"ခေါက်ဆွဲတော့ ကြော်ပေးမယ်"

ဂက်စ်မီးဖိုနှစ်ဖိုတွဲလေး ဖွင့်လိုက်တာမို့ မြန်ဆန်သည်။

သူကလည်း လှီးချုပ်စရာရှိတဲ့ အဆာပလာတွေကို စဉ်းနီတုံးပေါ် ဒုတ်ဒုတ်နှင့် အမြန်လှီးပေးသည်။

ရှဲခနဲ ဆီသတ်၊ ခရုဆီ၊ ငံပြာရည်၊ အဆာပလာရောမွှေ

တုန်း ဒီဖက်က ခေါက်ဆွဲက ရေနွေးထဲကဆယ်ယူလို့ ရနေပြီမို့ ကောနှင့်စစ်ကာ ဆယ်ယူလိုက်သည်။

"ဂျင်းလေး"

"ဟင်"

"အခု ငါတို့နှစ်ယောက်ရဲ့ ပုံစံကိုကြည့်စမ်း"

"ဘာဖြစ်လို့လဲ"

"စားဖိုမှူးလား"

"ဘယ်ကလာ၊ အကြင်လင်မယား"

"ဂုဏ်မင်းနော်…ပေါက်ကရမပြောနဲ့"

"ဖြစ်ချင်တာကို စိတ်ကူးယဉ်မိတာပါဟာ"

"သူငယ်ချင်းပဲ ကောင်းပါတယ်"

"မကောင်းပါဘူး"

"ကဲ…ကျက်ပြီ၊ ပန်းကန်ပြားယူ၊ စားပွဲပေါ်မှ တူထည့်ထားတဲ့ခွက်လေးရှိတယ်၊ ထမင်းစားပွဲမှာ သွားထိုင်တော့ ဂုဏ်၊ လိုတာ ငါယူလာမယ်"

အင်ကြင်းက ချက်ချင်းမကားလွဲသည်။ သူက အင်ကြင်း





မေးစေ့လေးကို သူဖက်ဆွဲလှည့်ကာ…

"ငါတောင်းဆိုတာ မဖြစ်နိုင်ဘူးလား"

အင်ကြင်းက သူ့လက်ကို ဖယ်လိုက်တော့ သူက အင်ကြင်းလက်ဖျားလေးကို ဆုပ်ကိုင်ထားလိုက်သည်။

ရင်ထဲမှာ တုန်ရီလိုက်ဖို့သွားရလျှက် သူ့ကိုမော့မကြည့်ရဲအောင် ဖြစ်သွားမိသည်။

"ဂုဏ်ရယ် ဖယ်စမ်းပါ"

သူမေးလိုက်တိုင်း ရှောင်လွဲနေတဲ့ ဂျင်းလေးကို သူမချင့်မရဲ အသည်းယားမိသည်။

ဒူးဆစ်ဖုံး ဂါဝန်ပါးလွှင့်လွှင့်လေးနှင့် အပေါ်က ကုတ်အင်္ကျီအဖြူလေး ထပ်ဝတ်ထားတဲ့ပုံစံလေးကလည်း ရင်ခုန်ချင်စရာဖြစ်နေသည်။

သူမဆီက ကိုယ်သင်းရနံ့ ပျံ့ပျံ့မွှေးမွှေးလေးကလည်း ဂုဏ်မင်းကို တစ်ချိန်လုံး ကျီစယ်နေသည်။

သူသည် ကန့်ထားတဲ့ အလှုမီနီယံအခန်းလေးတွေဖက် တစ်ချက်မှားစွင့်ပြီးနောက် ဂျင်းလေးကို ဖြုန်းခနဲ ရင်ခွင်ထဲ ဆွဲသွင်း

ဖက်ထားလိုက်သည်။

အင်ကြင်းက အံ့အားသင့် လန့်ဖျပ်သွား၏။

"ဂုဏ်"

"ခဏလောက်ပါ ဂျင်းလေးရယ်၊ နင့်ကို ခဏလောက် ဖက်ထားချင်လို့ပါ"

ပြောပြောဆိုဆို သူက တယုတယ ထွေးဖက်ထားလေသည်။ အင်ကြင်းက အငိုက်မိလျှက် သူ့ရင်ခွင်ထဲ တစ်ခဏ ငြိမ်သက်နေမိသည်။

ဂုဏ်မင်းသည် ရင်ထဲ ကျေနပ်နှစ်သိမ့်လှစွာ သူမပခုံးလေးပေါ် မျက်နှာအပ်၍ ငြိမ်သက်မျက်စိမှိတ်ထားမိသည်။

သူကလေးကို ထွေးဖက်ထားခွင့်ရတာဟာ ဘာနှင့်မှ မလဲနိုင်သော ခံစားချက်ပဲဆိုတာ အင်ကြင်း သေချာသထက်သေချာ သွားရသည်။

ထို့နောက် ပါးကလေးကို ဖွဖွနမ်းမိသည်။

သူ့နှုတ်ကနေ တိုးသက်နက်ရှိုင်းသောအသံဖြင့်လည်း

"ဂျင်းလေးရယ်...ချစ်လိုက်တာ၊ ငါ နင့်ကို အရမ်းချစ်





တယ်ဟာ သိလား၊ နင့်ကို သဘောကျနှစ်သက်သလိုမျိုး ဘယ်မိန်းကလေးကိုမှ ချစ်နိုင်မှာမဟုတ်ဘူး"

သူချစ်တယ်ဆိုတာ အင်ကြင်း သိပါသည်။ သူ့မျက်လုံးထဲမှာ ဆန်းကြယ်နက်ရှိုင်းသော နှစ်လိုချစ်ခင်မှုတွေဟာ အစဉ်အမြဲ နွေးထွေးပျော်ဝင်နေတတ်ခဲ့တာပဲ။

သို့သော် ဒါကို သူမ ဘယ်လိုလက်ခံရမလဲ။

အင်ကြင်းက ခေါင်းလေးယမ်းကာ...

"လွှတ်ပါ ဂုဏ်ရယ်"

"ခဏလေး ဒီတိုင်းနေပေးပါ ဂျင်းရယ်၊ မရုန်းပါနဲ့ဦး"

"ဟင့်အင်း...ငါမနေတတ်ဘူး"

"ဘာလို့လဲ၊ ဖက်ထားချင်လို့ပါ၊ ဒီထက် ဘာမှမပိုပါဘူး ဂျင်းလေးရယ်၊ ငါ့ကိုယုံပါ"

"ဟင့်အင်း"

သူ့လက်မောင်းတွေက အင်ကြင်းကိုယ်လေးကို တယုတယ ရစ်ပတ်ထွေးပိုက်ထားဆဲ။ တော်တော်နှင့် ဖြေလွှတ်မပေး။ ပါးလေးကို တမြတ်တနိုး ထိကပ်ထားသည်။

သူ့အမူအရာ၊ သူ့ခံစားချက်၊ သူ့အသံတိုးဖွဖွကြောင့် အင်ကြင်းလည်း သူ့ကိုပြန်ဖက်ထားချင်မိသည်။

သူ့အချစ်တွေကို ခံယူချစ်တုံ့ပြန်ချင်မိတာ အမှန်ပါ။

လက်ခံခေါင်းညိတ်ရုံအပြင် ဘာများရှိနိုင်မှာလဲ ဂုဏ်ရယ်။

ငါလည်း နင့်ကိုချစ်ပါတယ်။

ဒါပေမဲ့ ငါ အဖြေပေးလို့မရဘူး။

နင့်ကို ချစ်ခွင့်မရှိဘူး။

ရင်ထဲမှာ ဝမ်းနည်းလှိုက်နင့်လာမိသည်။ မျက်ရည်က စိမ့်ခနဲ အိုင်းချင်လာသည်။

သူက ဖက်ထားရာက ဖြေလွှတ်ပြီး ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်၍ အင်ကြင်းမျက်နှာလေးကို နီးကပ်စွာ စူးစိုက်ကြည့်သည်။

မျက်ရည်သီသီလေး ဝေ့နေသော မျက်ဝန်းတွေကိုမြင်တော့

"ငါ့ကို စိတ်ဆိုးလို့လား"

"ဟင့်အင်း"

သူက အဖြေရှာနေလျှင် အင်ကြင်းက မျက်လွှာလေးချကာ ရှန်းလိုက်သည်။





"ဂုဏ်း...ငါ့ကိုမချစ်ဘူးလား"

"မမေးပါနဲ့"

"ချစ်တယ်မို့လား"

"မမေးပါနဲ့ဆို"

"ငါသိပါတယ်"

"သိလည်းပြီးရောပေါ့"

"နင် ဘာလို့စိုးရိမ်နေတာလဲ"

ဂုဏ်မင်းက မသိတာမို့ စွတ်မေးနေသည်။ တကယ်တော့ သူမနှင့် ဂုဏ်တို့ကြားမှာ တံတိုင်းကြီးတစ်ခု ခြားနေတာ သူမရင်နာလှသည်။

ပြန်ဆုံတွေ့ခွင့်ရပေမဲ့ နဖူးစာက မှင်ရည်ကျဲလှသည်။

အင်ကြင်းမယ်က ဘာမှထပ်မပြောတော့ဘဲ ထမင်းစားပွဲ ပြင်ပေးနေသည်။ ဂုဏ်မင်းကလည်း သူမရဲ့လှုပ်ရှားမှုလေးကို တိတ်တဆိတ်သာ ငေးကြည့်နေမိသည်။

သူမကို ကြည့်နေရရင် ပီတိတစ်မျိုးနှင့် ကျေနပ်ကြည်နူးမိသလို ချစ်နေရရင်လည်း ကျေနပ်ပါသည်။

ဘာကိုမှ အတင်းအကျပ် မတောင်းဆိုရက်။

ကိုယ့်ကြောင့် ဂျင်းလေး စိတ်အနှောင့်အယှက်ဖြစ်ရမှာ စိုးသည်။

ဂျင်းလေး မပြတ်သားဘူးဆိုတာလည်း သူနားလည်လိုက်မိသည်။

အင်ကြင်းက ခူးခပ်ပြင်ဆင်ပေးပြီးလျှင် လှည့်ထွက်သွားဖို့ ခြေလှမ်းပြင်သည်။

"ဂျင်း မသွားပါနဲ့၊ ငါ့နားမှာပဲထိုင်နေစမ်းပါ"

သူက လက်ကလေးဆွဲ၍ တားလိုက်သည်။

"တစ်ယောက်တည်း အေးအေးဆေးဆေးစားပါလား"

"နင် ဒီမှာအတူတူထိုင်မှ စားမယ်"

"ငါရှိနေရင် နင့်အာရုံတွေ ထွေပြားမှာပေါ့"

"အေးဟ…အဲဒါတော့ ဟုတ်တယ်"

သူက ရယ်သံနှင့်ဝန်ခံသည်။

"ဒါကြောင့် နင့်မျက်စိရှေ့မှာ မနေဘူးလို့ပြောတာပေါ့"

"ငါ့ကို တစ်သက်လုံးရှောင်မှာလား"





"ဂုဏ်ရယ်…နင် ငါ့ကိုနားမလည်ပါလား"

"ငါကတော့ ချစ်တာပဲသိတယ်"

"မဖြစ်နိုင်ဘူး"

"ဘာလို့မဖြစ်နိုင်ရမှာလဲ"

"ငါပြောပြီးပြီလေ၊ ငါ့မှာ အမေသဘောတူထားတဲ့သူရှိတယ်ဆိုတာ"

"အန်တီဦးက သဘောကောင်းပါတယ်၊ ငါနဲ့ဆိုရင်လည်း သဘောတူမှာပါ"

သူ ဇွတ်တိုးပြောလျှင် အင်ကြင်းက စိတ်မသက်မသာလေး ခေါင်းကိုယမ်းမိသည်။

အင်ကြင်းလည်း သူ့ကိုပျော်စေချင်တာပါပဲ။ ပေးနိုင်မယ်ဆိုရင် ပျော်ရွှင်မှုတွေအကုန်လုံး ပေးလိုက်ချင်ပါသည်။

"ကဲ…အချစ်အကြောင်းပဲ ပြောနေလို့ ဗိုက်မပြည့်ဘူးဟဲ့၊ စားစရာရှိ စားတာမဟုတ်ဘူး"

"ဂျင်းလေးကွာ ဒီမှာ အရေးကြီးတဲ့ကိစ္စပြောနေတာ"

အချစ်ဆိုတာ ဘဝမှာ တကယ်ပဲ အရေးအပါဆုံးအရာ

လား။

သူက အင်ကြင်းကို မျက်ခုံးကိုတွန့်ရှုံ့လို့ အလိုမကျသလို စိုက်ကြည့်နေသည်။

အင်ကြင်းက ပြုံးလိုက်ကာ ခေါက်ဆွဲကြော်ပန်းကန်ကို သူ့ရှေ့ထပ်တိုးပေး၍ ကြက်အူချောင်း ဝိုင်းဝိုင်းလေးတစ်ဖတ်ကို တူနှင့်ညှပ်ကိုင်လျက် သူ့ထံ ချော့မော့သလို ခွံ့ကျွေးလိုက်လျှင် သူ့မျက်နှာ ပြန်၍ကြည်လင်သွားလေသည်။

ဂျင်းလေးရဲ့ ထိုဟန်ပန် ထိုအပြုံးဟာ သူ့ကို ချစ်မြတ်နိုးနေကြောင်း သူ့နှလုံးသားမှာ ယုံကြည်စွာ ကြည်နူးလိုက်မိတာအမှန်ပါ။

❖ ❖ ❖



ဆလိုက်တံခါးလေးကို တွန်းကာ လှမ်းဝင်လိုက်လျှင် ကြွေပြားအဖြူရောင် အပြည့်ကပ်ကာ ပါကေးပြောင်ပြောင်လေး ခင်းကျင်းထားသော အခန်းကျယ်ကြီးက ရှင်းလင်းတိတ်ဆိတ်လျက် အေးမြနေသည်။

မီးရောင်တို့က လင်းဖြာနေဆဲ။

သင်တန်းသူတွေတော့ ပြန်ကုန်ပြီထင်သည်။

"အင်ကြင်းလားဟေ့"

"ဟုတ်ကဲ့…မမဟောမာန်"

ကျွန်းစားပွဲပေါ်မှာ ဆွဲသားပိတ်စ အရောင်လက်လက်ကလေးကို ဖြန့်ခင်းကာ တိုင်းတာတွက်ချက်၍ ကတ်ကြေးနှင့် ညှပ်နေသော မမဟောမာန်က သူမကို တစ်ချက်မော့ကြည့်လိုက်သည်။

"ဒီနေ့ နောက်ကျလှချည်လား"

"ဟုတ်ကဲ့"

"လင်းလင်းက ခုပဲအပြင်ထွက်သွားတာ"

အင်ကြင်းမယ်က သူမပခုံးပေါ်လွယ်လာတဲ့ အိတ်ကလေးကိုဖြုတ်ကာ စားပွဲပေါ်တင်လိုက်သည်။

"အပြင်သွားကြမလို့လား"

"ဟင့်အင်း...မသွားပါဘူး"

"လင်းလင်းက သွားမယ်ပြောနေတာ"

အင်ကြင်းက ဒီနေ့မနက်ပိုင်းသင်တန်းရော နေ့လယ်ပိုင်းဖြူဖြူနှင့် ဈေးဝယ်ထွက်တာရော၊ ညနေပိုင်း သူငယ်ချင်းမွေးနေ့တစ်ခု သွားရတာကြောင့်ရော တစ်နေ့လုံး ပင်ပန်းခဲ့ပြီးသားမို့ အပြင်ထပ်မထွက်ချင်တော့ပါ။

ကိုလင်းဆီကိုတောင် မလာရင်အပြောခံရမှာစိုးလို့သာထွက်လာခဲ့တာ။

"အင်ကြင်း အိမ်ကိုတောင် သူသွားခေါ်သေးတယ်၊ သော့ခတ်ထားတယ်တဲ့"

ဦး:ဦး:ဝ၇၄ပ



"ဟုတ်တယ် မမ၊ နေ့လယ်က အိမ်မှာမရှိဘူး"

"ဘယ်သွားနေတာလဲ"

"ဖြူဖြူနဲ့ ရှော့ပင်ခဏလိုက်သွားတာပါ"

"ဟုတ်ရဲ့လား အင်ကြင်းရေ၊ လင်းလင်းကတော့ သူ့ကိုမတိုင်ပင်ဘဲနဲ့ ညည်းလေး သင်တန်းသွားတက်လို့ဆိုပြီး ပွစိပွစိပြောလို့မဆုံးဘူးဖြစ်နေတာ၊ ညည်းလေးကလည်း ဘာပဲဖြစ်ဖြစ်ငါ့မောင်နဲ့တော့ ကြိုတိုင်ပင်ဦးမှပေါ့၊ သူက ညည်းကို ဒီလောက်သဲသဲလှုပ်ဂရုစိုက်တာကို သိသားနဲ့၊ နင်နဲ့တိုင်ပင်ရင် ခွင့်မပြုမှာစိုးလို့နေမှာပေါ့လို့ မမက ချော့ရတယ်"

မမဟေမာန်သည် တစ်ဦးတည်းသောမောင်ဖြစ်သူအလင်းရဲ့ကို ဖူးဖူးမှုတ်ချစ်တဲ့သူပါ။ ကိုလင်းကို မျက်နှာတစ်ချက်အညိုးမခံ။

မန္တလေးမှာတုန်းကလည်း မေမေက ဆိုင်ဖွင့်ချင်လို့ဆိုပြီး အိမ်ကိုအပေါင်ထားတော့ မဟေမာန်ဆီမှာ တိုးတိုးတိတ်တိတ်သွားထားခဲ့တာ။

ဒီဖက်မှာ အတိုးတွေများလာပြီး ဆိုင်က အရှုံးပေါ်နေတော့

ဦး:ဦး:ဝ၇၄ပ

မေမေလည်း ဘာလုပ်ရမှန်းမသိ ခေါင်းစားနေခဲ့ရာမှ ကိုလင်းက ထိုအကြောင်းကို သိသွားတော့ အတိုးရော အရင်းရော ဘာမှပြန်မယူဘဲ စာချုပ်ကို သူကိုယ်တိုင်ဆွဲစုတ်ခဲ့တာ။

ကိုလင်းအစ်မ မဟောမာန်သည် အကွက်မြင် လာဘ်မြင် ပိုက်ဆံအရှာတော်လှတာမို့ မောင်ဖြစ်သူနှင့် အနည်းငယ် အခြေအတင်ဖြစ်ရုံကလွဲ၍ လိုက်လျောပါသည်။

မောင်ဖြစ်သူက ဒေါ်နီလာဦးရဲ့ သမီးချောလေးကိုမှ မျက်စိကျနေတော့လည်း မတတ်နိုင်ပါဘူးဟုသာ သဘောပိုက်လိုက်ပါသည်။

တော်ကြာ အမျိုးတော်ချင်တော့ရမှာမို့ သူကလည်း အင်ကြင်းတို့သားအမိကို ကြည်ကြည်ဖြူဖြူ လျှော့ပေးလိုက်တာဖြစ်သည်။

သို့သော် အမေက အိမ်ရောင်းပြီး မြို့သစ်ပြောင်းတော့ မမဟောမာန်ရဲ့ငွေအချို့ကို ဖဲ့ပြီးပြန်ဆပ်ခဲ့ပါသည်။

ထိုအချိန်မှာတော့ မဟောမာန်ကလည်း မေမေ့ကို ပွင့်ပွင့်လင်းလင်းပြောခဲ့ပြီး အင်ကြင်းကို ယောက်မတော်ချင်ကြောင်း မေမေ့





ဆီ တောင်းရမ်းနားဖောက်ခဲ့၏။

ကိုလင်းကိုယ်တိုင်ကလည်း သူမထံ ချစ်ခွင့်ပန်ခဲ့သည်။

အင်ကြင်း အားနာနာနှင့်ပဲ ခေါင်းခါခဲ့သည်။

အလင်းရုံက လက်မလျှော့။ အကြိမ်ပေါင်းများစွာ သူမကို ချစ်ရေးဆိုခဲ့သည်။

မေမေကလည်း သူ့ကို သဘောတူကြည်ဖြူတော့ သူ ပိုရောင့်တက်ခဲ့တာပေါ့လေ။

မမဟောမာန်ကလည်း သူမတို့သားအမိအပေါ် အစစအရာရာ လွှမ်းမိုးခဲ့သည်။ လိုအပ်တာမှန်သမျှ ပံ့ပိုးခဲ့သူမို့ အမေကိုယ်တိုင်က ကျေးဇူးတွေအရမ်းတင်နေခဲ့တာလေ။

အင်ကြင်းမယ်က ကျေးဇူးဆပ်စရာ ရုပ်ပစ္စည်းသဖွယ် ဖြစ်ခဲ့ရတာပါ။

မငြင်းနိုင်လောက်သော အကြောင်းအရင်းများစွာနှင့် ကိုလင်းရဲ့နှင့် ပတ်သက်နေခဲ့ရတာ အင်ကြင်းဖက်မှာတော့ အမြဲတမ်း စိတ်ကျဉ်းကျပ်ခဲ့ရ၏။

သို့သော် သူတို့ရဲ့လောင်းရိပ်ကနေ ရုန်းလည်းမထွက်နိုင်

ခဲ့။

အင်ကြင်း ဘွဲ့ရတဲ့အထိ အေးအေးဆေးဆေး ပညာဆက်သင်ခဲ့ရသလို အိမ်မှာ စူပါဆလွန်းကားနှင့် ဒါရိုင်ဘာပါ အဆင်သင့် ကိုလင်းက စီစဉ်ပေးထားသည်။

အမေဖွင့်ချင်တဲ့ဆိုင်လည်း ပြန်ဖွင့်ရခဲ့သလို သူမကိုလည်း မမယောမာန်က အချုပ်အလုပ်ဖက်ရှင်ဒီဇိုင်းပညာကို အခမဲ့ သင်ကြားပေးခဲ့သည်။

သူမကသာ ကိုယ့်သဘောနှင့်ကိုယ် တခြားကွန်ပျူတာတို့ အယ်စီစီအိုင်တို့သာမက စိတ်ဝင်စားစရာ ဒီပလိုမာသင်တန်းတို့ လျှောက်တက်ခဲ့တာဖြစ်သည်။

တစ်နည်းအားဖြင့် ကိုလင်းရဲ့ကို လက်မထပ်ချင်သေး၍ အကြောင်းရှာအချိန်ဆွဲနေခဲ့ခြင်းပါပဲ။

ဒါကိုလည်း မမယောမာန်ရော ကိုလင်းပါ ရိပ်မိကြမှာပါ။

မယောမာန်ကတော့ ပြတ်သားချင်ပေမဲ့ မောင်ဖြစ်တဲ့သူက အင်ကြင်းမယ်နှင့် ပတ်သက်လျှင် သည်းသည်းလှုပ် ကာကွယ်တတ်၍ ဝင်မစွက်ဖက်သာခဲ့။





အင်ကြင်းက ထိုင်ခုံပေါ်ထိုင်လျက်သား ပုံစံလေးနှင့် ရှိုးပြထားသော ကိုယ်ဟန်ပြအရုပ်မလေးရဲ့ ဦးခေါင်းက ဆံပင်ကောက်ကောက်တို့ကို အသာကိုင်ကြည့်ရင်း ပင့်သက်ကလေး ရှိုက်မိသည်။

ထိုအချိန်မှာပင် ဖက်ရှင်ရှိုးရှန်းလေးရှေ့သို့ မာ့ခ်တူးအဖြူရောင်လေးတစ်စီး ဆိုက်ရောက်လာတာကို မှန်ချပ်ထဲမှ လှမ်းမြင်လိုက်သည်။

"လာပါပြီ…ညည်းလေးရဲ့ လင်းလင်း"

မယောမာန်က ချစ်စနိုးပုံစံနှင့် မေးလေးငေါ့ပြပါသည်။

အလင်းရဲ့က တီရှပ်အစိမ်းရောင်တောက်တောက်ပေါ်က လည်စီးပဝါအနက်ကို ခပ်လျော့လျော့လေး စီးထားသည်။ ဆံပင်အချွန်အမျှင်လေးတွေကို ဂျဲလ်နှင့် အပေါ်ထောင်ထားတာမို့ ချောမောပြေပြစ်သော မျက်နှာက ထင်းခနဲပေါ်နေသည်။

ဂျင်းဘောင်းဘီ အပြာနှင့် ဝေါလ်ကင်းရှူးအဖြူနှင့် ကားပေါ်ကဆင်းလိုက်ဟန်က ကြော့မော့စတိုင်လ်ကျပြီး ကြည့်ကောင်းလှ၏။

တပ်ထားသောမျက်မှန်ကို ဟန်ပါပါနှင့် ငယ်ထိပ်ပေါ်သို့

ပင့်တင်လျက် စမတ်ကျကျ တစ်လှမ်းချင်းလျှောက်လာသည်။

ကိုလင်းရဲက သူ့ကိုယ်သူ မင်းသားတစ်ယောက်လောက်ပင် စတိုင်လ်ကျ ကြည့်ကောင်းအောင် ဂရုတစိုက် ရှိုးပေးတတ်သူဖြစ်ပါသည်။

အင်ကြင်းကတော့ ယောကျ်ားတစ်ယောက်ရဲ့ ပင်ကိုယ်မှာ ယောကျ်ားဆန်သော ထယ်ဝါဝင့်ကြွားမှုတစ်ခုခုက အလိုလိုရှိပြီးသားဟု ထင်သည်။

ယောကျ်ားတွေဟာ မိန်းမတွေလို အလှပြင်ဖို့ သိပ်မလိုအပ်။ အထူးသဖြင့် အလှဆင်ပစ္စည်းတို့ ရှုပ်ယှက်ခတ်စရာမလိုဘူးဟု ထင်မိသည်။

ထိုသို့ပြင်လွန်းသဖြင့် တင့်တယ်သောကိုယ်ဟန်က လျော့သွားသည်ဟု မြင်မိလေသည်။

ပဝါတွေ၊ နားကပ်တွေ၊ လက်ကောက်တွေက ဘာလုပ်ဖို့လဲ။ ပိုနေတဲ့အဆင်တန်ဆာပစ္စည်းတွေ။

လှမ်းကြည့်နေမိတဲ့ အင်ကြင်းရင်မှာ စိတ်ပျက်သလိုလိုခံစားမိတာနှင့် တစ်ပြိုင်နက်မှာပဲ ရဲရင့်တည်ငြိမ်သော စူးရှရှမျက်ဝန်း





တစ်စုံနှင့် အပိုတွေ အဆင်တန်ဆာ ကိုယ်ပေါ်မတင်တတ်ဘဲ ကတုံးဆံပင်နှင့် ယောကျ်ားပီသလှသော ပုံသဏ္ဌာန်နှင့် လူတစ်ယောက်ကို အာရုံမှာ ဖျတ်ခနဲ ယှဉ်တွဲမြင်ယောင်မိလေသည်။

နှစ်လိုသော ချစ်စနိုးစိတ်ဟာ ထိုအခိုက်မှာပဲ စိမ့်ခနဲဖြစ်လာသည်။

ဂုဏ်မင်းလောက်တော့ ဘယ်သူမှ ကြည့်မကောင်းပါဘူး။ ဒီကမ္ဘာမှာ ဂုဏ်မင်းရဲ့ အကြည့်နွေးနွေးဟာ စွဲမက်စရာအကောင်းဆုံးပဲပေါ့။

တံခါးဖွင့်လာသော အလင်းရဲက သူမကိုမြင်လျှင် မျက်ခုံးပင့်သွားပြီး...

"သြော်...မင်းက ဒီရောက်နေတာကိုး"

ဟု ရေရွတ်သည်။

"အင်ကြင်း ညနေလာခဲ့မယ်လို့ ပြောထားပြီးသားပဲဥစ္စာ"

"ကိုကို အိမ်မှာ နောက်တစ်ခေါက်သွားရှာသေးတယ်"

"ဘာလို့ရှာနေရတာလဲ"

အလင်းရဲက သူ့အစ်မထံ တစ်ချက်လှမ်းကြည့်သည်။

ဝိုး:ဝိုး:ဝ၇၆ပ

မယောမာန်က မသိဟန်ဆောင်ကာ ပိတ်စနှင့်ကတ်ကြေးကိုသိမ်းပြီး အခန်းတွင်းသို့ ဝင်သွားလေသည်။

ဒါဟာ အင်ကြင်းတို့ကို ရှောင်ပေးတာပဲပေါ့။

အလင်းရဲက သူမအနီးသို့ တိုးကပ်လာသည်။

"ဘာလို့ရှာနေလဲ ဟုတ်လား၊ မင်းကိုတွေ့ချင်လို့ မတွေ့ရရင်မနေနိုင်လို့ပေါ့၊ မင်း ခုထိမသိသေးဘူးလား"

သူက ပြောပြောဆိုဆို အင်ကြင်းလက်ကိုဆွဲကာ နံရံထောင့်ကွယ်က ဆက်တီပေါ် ထိုင်စေလိုက်သည်။

ပြီးလျှင် သူပါ ပူးကပ်ထိုင်လိုက်၏။

အင်ကြင်းက ဟိုဖက်သို့ နည်းနည်းတိုးရွှေ့လိုက်လျှင် သူက အသားချင်းထိအောင် ပြန်တိုးကပ်လာသည်။

"ဘယ်လိုဖြစ်နေသလဲကွာ"

"မင်း ဘာတွေစိတ်ကောက်နေလဲ ပြောစမ်း"

"မကောက်ပါဘူး"

သူက မျက်မှန်တို့ ကားသော့တို့ စားပွဲပေါ် အသာလေး လှမ်းပစ်တင်လိုက်ပြီးနောက် အင်ကြင်း ပခုံးကိုဖက်ထားဖို့ လက်ကြီး





မြှောက်လာသည်။

အင်ကြင်းက မတ်တပ်ရပ်ဖို့ ကြိုးစားသည်။ သူက ပခုံးလေးကို ဖိချုပ်ရင်း...

"စိတ်မကောက်ဘူးဆိုရင်လည်း မင်း တစ်ခုခုဖြစ်နေပါတယ်"

သူ့စကားကြောင့် နည်းနည်းတော့ လန့်သွားမိသည်။

ဂုဏ်မင်းနဲ့ ပြန်တွေ့နေပြီဆိုတာ သူသိများသိသွားပြီလား။

ငယ်သူငယ်ချင်းလေးတစ်ယောက်အပေါ် သံယောဇဉ်ကြီးမားတာ သူ့ကိုဖွင့်ပြောခဲ့ဖူးပေမဲ့ သူက ဒါကို ခေါင်းထဲရှိပုံမရ။

သို့သော် အင်ကြင်းနားသို့ သူစိမ်းယောယောကျ်ားတစ်ဦး ချဉ်းကပ်လာမှာကိုတော့ သူ ဘယ်နည်းနှင့်မှ သည်းခံမှာမဟုတ်။

သိပ်မကြာခင်မှာ အင်ကြင်းကို သူပိုင်ဆိုင်ရမည်ဟု တွက်ထားပုံပင်။

ဒီနှစ်သီတင်းကျွတ်ရင် အမေလည်း ရန်ကုန်လာတော့မှာ အားလုံးက စီစဉ်ထားပြီးသား။

အင်ကြင်း အချိန်ဆွဲထားတာလည်း နှစ်တွေကြာခဲ့ပြီ။

အမေတို့သဘောသာဆိုရင် ကျောင်းမပြီးခင်ကတည်းက လက်ထပ်ပေးချင်တာ။

ဒီလို လက်ထပ်ပေးချင်အောင်လည်း သူပဲဖန်တီးခဲ့တာလေ။

"ဘာမှမဖြစ်ဘူး၊ အင်ကြင်း ခုတလော ပင်ပန်းနေလို့ပါ"

"ဘာလို့ပင်ပန်းတာလဲ၊ သင်တန်းတွေတက်ရ၊ လျှောက်လည်နေရလို့လား"

အင်ကြင်းက ဘာမှပြန်မဖြေဘဲ နှုတ်ခမ်းလေးသာ ထော်ထားမိသည်။

စကားပြောလျှင် ခနီးခနဲ့နှင့် အလင်းရဲစကားက ဘယ်တော့မှ နားဝင်မချို။

သူ့အချစ်တွေက အင်ကြင်းတစ်ကိုယ်လုံးကို ကြိုးနှင့်ချည်တုပ်နှောင်ထားသလို ခံစားရလေသည်။

ဩော်...ငါ့ကိုချစ်လို့ပဲလေဟု ကြည်နူးတဲ့အတွေးမျိုးလည်း မဝင်မိပါ။ ရင်ထဲမှာ အမြဲမွန်းကြပ်နေရသည်။





"ကိုကို့အတွက်ဆိုရင် အချိန်မပေးနိုင်ဘူး၊ တခြားအရာတွေအားလုံးကပဲ အမြဲအရေးကြီးနေတာပဲကွာ"

အဲဒါ သူသိရင်လည်း လက်လျှော့နောက်ဆုတ်ပါလား။

အင်ကြင်း အသံတိတ်ပဲ ရင်ထဲကပြောမိသည်။

သူက အင်ကြင်းဆံပင်လေးတွေ တစ်ချက်ဖွကာ ဆော့ကစားလိုက်ရင်း...

"စိတ်မကောက်နဲ့တော့ကွာ၊ အပြင်ထွက်ပြီး တစ်ခုခုသွားစားကြရအောင်"

အင်ကြင်းကတော့ ညဦးပိုင်းမှာ အိပ်ရာပေါ်ခွေလှဲအနားယူပြီး တီဗီလေးဘာလေး ကြည့်ချင်ပြီ။ ဒီအချိန်မှာ သူက လန်းဆန်းတက်ကြွပြီး အပြင်ထွက်လည်ပတ်ချင်နေသည်။

"ဘယ်သွားဦးမှာလဲ"

"တစ်နေရာပေါ့ကွာ"

"အင်ကြင်းက စောစောပြန်ချင်တာ"

သူက ပခုံးကို ဖွဖွသိုင်းဖက်ကာ...

"ကိုကိုက အင်ကြင်းနားက မခွာချင်ဘူး၊ ဘယ်လိုလုပ်

မလဲ''

သူမက သူ့လက်ကို ဖယ်ချလိုက်သည်။

''ခုထိ သူစိမ်းဆန်တုန်းလား''

''သူစိမ်းပဲလေ မဟုတ်ဘူးလား''

''အမေဦးက လက်ထပ်ပေးတော့မှာ၊ အဲဒါ သူစိမ်းဖြစ်နိုင်ဦးမလား''

''အဝေးကြီးလိုပါသေးတယ်''

''သီတင်းကျွတ်လေ၊ ဆယ်လပိုင်း၊ သိပ်မဝေးပါဘူး၊ အင်ကြင်းက ဒီထက်စောချင်လို့လား၊ ဟား ဟား''

သူက မခံချင်အောင် တီးတိုးစလိုက်သည်။

''စောချင်တာပေါ့''

အင်ကြင်း ခေါင်းညိတ်တော့ သူက သက်ာမကင်း မျက်လုံးထဲ သေချာစိုက်ကြည့်လိုက်၏။

အင်ကြင်းက ပြုံးချင်နေတဲ့ နှုတ်ခမ်းကို တစ်ချက်ကိုက်ကာ ထိန်းထားပြီးမှ…

''ဖေဖော်ဝါရီလောက်ဆို မကောင်းဘူးလား''





သူက မဖြေပါ။ အင်ကြင်းမျက်နှာကိုသာ အကဲခတ်နေပြီး သဘောပေါက်ငြိမ်သက်နေသည်။

''ဖေဖော်ဝါရီ သုံးဆယ်လေ၊ ဘယ့်နှယ်လဲ''

''အင်ကြင်းကွာ''

''အဟင်း…ဟင်း''

''ကိုယ်အလေးအနက်ထားတဲ့ကိစ္စကို မင်းက နောက်တယ်ဟုတ်လား''

''မနောက်ရဘူးလား၊ ရှင့်ကို နောက်လို့ပြောင်လို့တောင် မရဘူးလား၊ ရှင်ကလည်း ခင်လို့နောက်တာပဲ၊ သိပ်ပြီးသူစိမ်းမဆန်နဲ့ပေါ့''

ပြက္ခဒိန်မှာ မရှိတဲ့ရက်စွဲကို ပြောလိုက်ခြင်းဟာ သူ့ကို မထိတထိ စော်ကားခြင်းပဲဟု အလင်းရဲ ယူဆသည်။

သူမက လက်မခံချင်ပေ။ သူ့ဖက်က ပိုပြီးပိုင်ဆိုင်ရယူချင်လေ။

အလိုလိုက်ပြီး စောင့်ဆိုင်းပေးခဲ့မိတာ သူ့အမှားပဲ။ အမေဦးရဲ့ သဘောတူကြည်ဖြူမှုနှင့် သူ သိမ်းပိုက်ခဲ့ရင် အောင်ပွဲခံခဲ့တာ

ကြာရောပေါ့။

အင်ကြင်းနှင့် ပတ်သက်လျှင် သူကိုယ်သူ မချင့်မရဲနှင့် စိတ်တိုင်းမကျဖြစ်ရသည်ချည်းပါ။

တကယ်တော့ ဒီကောင်မလေးငြိုငြင်မှာကိုလည်း သူ့စိတ်က ကြောက်နေသေးသည်။

ကောင်မလေးရဲ့ ချစ်ခင်အားကိုးမှုကို သူလိုချင်တာ။ အခုလည်း ချစ်စဖွယ် ရွဲ့ပြောလိုက်တဲ့ပုံစံလေးကို အပြစ်မမြင်မိ။

"ကောင်းပြီလေ…သူစိမ်းမဆန်တော့ဘူး၊ ဟောဒီလို ဖက်ထားလိုက်တော့မယ်"

"အိုး…ကိုလင်းနော်၊ ဖယ်…ဖယ်"

"ဖေဖော်ဝါရီမှာ လက်ထပ်မယ်ဆို"

"မမဟောမာန်ထွက်လာတော့မယ်၊ လွှတ်"

"တစ်ခါလောက်တော့ အဖြေပေးပါလား အင်ကြင်းရယ်၊ ဒီလောက်နှစ်တွေအကြာကြီး စောင့်လာတာ ကိုကို့ကို နည်းနည်းလေးမှ အားမနာဘူးလား"

အင်ကြင်းက သူ့လက်တွင်းမှ ကမန်းကတန်း ရုန်းလိုက်

ဝိုး:ဝိုး:ဝ်ာပေ



သည်။

"အားတော့နာပါတယ်၊ ဒါပေမဲ့ အင်ကြင်းမှ မချစ်နိုင်တာ"

"လက်ထပ်ပြီးရင် တဖြည်းဖြည်း ချစ်သွားမှာပါကွာ"

"ဟင့်အင်း…မချစ်ပါဘူး၊ ဘယ်တော့မှကို ချစ်လာမှာ မဟုတ်ဘူး၊ မမျှော်လင့်နဲ့၊ အဲဒါသေချာတယ်"

သူ့မျက်နှာ ကွက်ခနဲပျက်သွားသည်။

"ကိုအလင်း စိတ်ဆိုးရင်လည်း မတတ်နိုင်ဘူး၊ အင်ကြင်းရှင့်ကို အစ်ကိုတစ်ယောက်လိုပဲ ခင်တယ်ဆို အကြိမ်ကြိမ်ပြောဖူးတာပဲ၊ ဒါကိုထပ်မမေးနဲ့ပေါ့"

"မရဘူး၊ ချစ်သူလိုပဲချစ်ရမယ်၊ မင်းချစ်တဲ့အထိ စောင့်မယ်"

"ခက်ပါလား၊ မချစ်ပါဘူးဆိုမှ"

"ကိုယ့်စိတ်တိုအောင် မပြောနဲ့ကွာ"

"ရှင်လည်း မမေးပါနဲ့လား၊ သိပြီးသားဟာကို"

"အေး…ရတယ် မချစ်နဲ့၊ မင်းကို လက်ထပ်ခွင့်ရရင်

ဝိုး:ဝိုး:ဝ်ာပေ

တော့မှာပြီ"

"ရှင် နောင်တရလိမ့်မယ်နော်၊ အိမ်ထောင်ရေးမှာ မေတ္တာမပါရင် အလကားပဲ"

"ကိစ္စမရှိဘူး၊ အိမ်ထောင်ရေးသာယာအောင် ကိုယ်ကြိုးစားသွားမယ်"

သူပြောပုံကြောင့် အင်ကြင်းက မျက်နှာပျက်စွာ ထရပ်လိုက်သည်။

သူက ဖျတ်ခနဲ လက်ကိုဆွဲထားပေမဲ့ အင်ကြင်းက အတင်းအကြပ် ရုန်းထွက်လျက် ရှေ့ဖက်က မှန်တံခါးဆီ လျှောက်သွားသည်။

သူကလည်း အင်ကြင်းနောက်မှ လိုက်ပါလာသည်။

တံခါးကို တွန်းဖွင့်ကာ အပြင်ကိုထွက်လိုက်တော့ လေပူငွေ့ကို ခံစားရ၏။

"အင်ကြင်း"

"ပြန်တော့မယ်၊ ရှင်လိုက်မလာနဲ့"

"ပြန်မယ်ဆိုရင်လည်း ကိုကိုလိုက်ပို့ပေးမှာပေါ့ကွာ"





အင်ကြင်းက ခြေစုံရပ်လိုက်သည်။

သူနှင့်မပြေလည်ဘူးဆိုရင်လည်း အမေသိရင် အင်ကြင်းကိုပဲဆူမှာ။ ဖျောင်းဖျနားချဦးမှာ။

ပင့်သက်ကလေးရှိုက်မိကာ ကားကိုမှီရပ်လိုက်မိ၏။

"ကားပေါ်တက်၊ ကိုကိုပို့ပေးမှာပေါ့၊ ဒါပေမဲ့ အိမ်မပြန်ခင် ကြေးအိုးသွားသောက်ရအောင်"

အင်ကြင်းက မငြင်းတော့။

သူနှင့်နှစ်ယောက်တည်း တွေ့လိုက်ပြီလားဆိုရင် သူက အချိန်ကြာကြာ စကားပြောဖို့ ဖန်တီးတတ်သလို အင်ကြင်းကလည်း အိမ်ပြန်ချိန်မြန်မြန်ရောက်ဖို့ ဆန္ဒစောနေတတ်သည်။

သူနှင့်အင်ကြင်းဟာ ဘယ်တော့မှ စိတ်ကူးချင်းမတူ။

အမြဲတမ်းလို ဆန့်ကျင်ဖက်ကိုသာ ရှေးရှုနေသည်။

အခုတော့ ဆန့်ကျင်ရုံမကဘဲ သူ့ထံမှ ရုန်းထွက်လွတ်မြောက်ချင်တဲ့စိတ်က အင်ကြင်းကို ဖိစီးနေပါသည်။

* * *

ကျောင်းပရဝဏ်လေးက အေးမြစိမ်းစိုပြီး တိတ်ဆိတ်လှပနေပါသည်။

စာသင်ခန်းထဲကထွက်လာပြီးနောက် နှစ်ဦးသား မိတ္တူကူးဆိုင်လေးသို့ အတူတူလျှောက်လာမိကြသည်။

အင်ကြင်းဘဝရဲ့ ပေါ့ပါးရွှင်ပျသော အချိန်လေးများကို ပြောပြပါဆိုလျှင် ဂုဏ်နှင့် အခုလို အတူတူရှိနေခွင့်ရသော အခိုက်အတန့်လေးများကိုသာ ညွှန်ပြဖို့ရှိသည်။

ဂုဏ်က ဒီနေ့ ရှပ်အင်္ကျီ မီးခိုးပြာရောင်ဖျော့ဖျော့နှင့် ဂျင်းဘောင်းဘီ စကိုင်းဘလူးလေးဝတ်ထားသဖြင့် ပုံစံလေးက ရှင်းသန့်သားနားနေပါသည်။

အင်ကြင်းဖက်ကို တစ်ချက်တစ်ချက် စောင်းငဲ့ကြည့်လိုက်ဟန်မှာ နွေးထွေးနှစ်လိုခြင်းတို့ မျက်လုံးအစုံမှာ ဖိတ်လျှံနေသည်။





အင်ကြင်းက အဖြူရောင် လက်ကိုင်အိတ်လေးကို ခပ်ဆဆကိုင်လျက် ခေါင်းငုံ့လျှောက်နေသည်။

လမ်းလျှောက်ရင်း တိတ်တဆိတ်နှင့် သူမဘာတွေတွေးနေသလဲ ဂုဏ်မင်း သိချင်သည်။

အင်္ကျီဖြူလွလွ လက်စကနှင့် ချည်သားစကဒ်အသားရောင်လေးကို ဝတ်ကာ လေဒီရှူးပုံစံ ရှေ့ဖက်ဖွင့်ထားသော ဖိနပ်အသားရောင်လေးကို စီးထားပုံမှာ ရိုးရှင်းပြီး ချစ်စရာဟန်ပန်လေးဖြစ်နေပါသည်။

အေးချမ်းလှပသော မျက်နှာလေးကို သူငေးကြည့်လို့မရ။

ဒီနေ့တော့ နောက်ဖက်မှာ ဆံထုံးပုံ့ပုံ့လေးတစ်ခု ထုံးဖွဲ့ပြီး ဆံနွယ်တချို့ကို ဖွာရရာလေး ဒီတိုင်းချထားတာမို့ ဘယ်လိုပုံစံလေးနှင့် ချစ်စဖွယ်ကောင်းနေသလဲ မသိတော့ပါဘူး။

"ဂျင်းလေး"

သူ တိုးဖွဖွခေါ်လျှင် သူ့ဖက်စောင်းငဲ့ မော့ကြည့်သည်။

"ဘာတွေစဉ်းစားနေတာလဲ"

"ဘာလို့မေးတာလဲ"

"ဂျင်းလေးပုံစံက တစ်ခုခုကို တွေးနေသလိုပဲ"

သူမက နှုတ်ခမ်းလေးစေ့ကာ ပြုံးလိုက်သည်။

"ငါ့အကြောင်းလား"

"ဟင့်အင်း"

"ဒါဆို ဘယ်သူ့အကြောင်းလဲ"

"ဂုဏ်ရယ်…ကပ်သီးကပ်သတ် လိုက်မေးနေတာပဲ"

အင်ကြင်းက နှုတ်ခမ်းလေးစူထော်ရင်း ရေရွတ်၏။

"ငါသိချင်လို့ပါဟာ၊ ငါ့ကိုပြောပြမယ်ဆိုတဲ့ကိစ္စ အခု ပြောလေ"

ဂုဏ်မင်းထယ်က ဒါကိုပဲ ဇွတ်မေးနေတာ သုံးလေးရက် ရှိပြီ။

အင်ကြင်းဖက်မှာ ဘာကိုဘယ်လို ရှင်းပြရမလဲမသိသေး။

အင်ကြင်းက ပင့်သက်ငွေ့ငွေ့လေးရှိုက်မိသည်။

"ဂျင်းလေး"

"အင်းပါ…ကင်တင်းထိုင်တော့မှ ပြောမယ်"

"ဒါဆို ဖိုတိုနောက်မှဆွဲမယ်၊ ကင်တင်းအရင်သွားရ





အောင်"

"ဘယ်လိုဖြစ်နေတာလဲ ဂုဏ်ရာ"

"နင့်အတွက် ငါ့ထက်ဦးစားပေးရမယ့်သူဟာ ဘယ်သူ လဲ၊ ငါအရမ်းသိချင်တယ် ဂျင်းလေး"

"ဦးစားပေးတာမဟုတ်ဘူး၊ အဲဒါ ငါ့ဘဝရဲ့ပြဌာန်းချက် ဖြစ်နေတာ"

ဂုဏ်မင်းက သူမကို မျက်မှောင်ကုပ်နှင့်ကြည့်သည်။

"ဘာပြဌာန်းချက်လဲ၊ အန်တီဦးသဘောတူတာကိုပဲ အကြောင်းပြနိုင်မှာလား"

ဂုဏ်မင်းရဲ့ အလိုမကျသောမျက်လုံးလေးတွေကို ဆုံကြည့်နေမိကာ သူမရင်မှာ အညှို့ခံရသူလိုပင် သူ့ကို စိတ်ချမ်းသာစေချင်သောစိတ်တွေက ရင်ထဲ ဒလဟောပြည့်လျှံ လာသည်။

အမှန်အတိုင်း ဖွင့်ဟချင်ပါသည်။ သို့သော် ဂုဏ့်ကိုပြော ဖို့ စွမ်းအားလည်းမရှိ။

ထိုခဏမှာ အင်ကြင်းရင်ထဲ လှိုက်ခနဲ နင့်ခနဲဖြစ်သွားမိ

သည်။

"ဒီမှာဂျာ…ငါတစ်ခွန်းပဲပြောမယ်၊ အမေသဘောတူတဲ့ အဲဒီလူဟာ ငါ့ကို တစ်ရက်ခိုးပြေးသွားခဲ့ဖူးတယ်"

"ဘာ"

သူ တအံ့တသြ ခြေလှမ်းတုန့်သွားကာ အင်ကြင်းမျက်နှာကို မယုံနိုင်ဟန်ဖြင့် ကြည့်သည်။

"အဲဒီလို ငါနဲ့အတူ တစ်ညတာကိုဖြတ်သန်းသွားရင် အမေကလည်း ချက်ချင်းလက်ထပ်ပေးမယ်၊ ငါကလည်း နာမည်ပျက်တဲ့အတူတူ မထူးဘူးဆိုပြီး ခေါင်းညိတ်လက်ခံမှာပဲလို့ သူတွက်တယ်၊ ဒါပေမဲ့ သူတွက်ထားသလို ဖြစ်မလာဘူး၊ ငါက သူနဲ့မငြိစွန်းခဲ့တဲ့အတွက် ငါ့ဘာသာ လိပ်ပြာလုံလုံပဲ ဒီတိုင်းဆက်နေတယ်၊ အမေကတော့ သမီးရှင်ပီပီ ငါ့ကို အမြဲတမ်း ဖျောင်းဖျနေတုန်းပဲ၊ ငါကလည်း ခေါင်းမာမာနဲ့ ငြင်းတုန်းပဲ၊ တကယ်တမ်း ပြတ်သားဖို့ဆိုတာက မလွယ်ဘူး ဂျာ၊ သူတို့မောင်နှမရဲ့ ကျေးဇူးတွေက ငါတို့အပေါ်မှာ အများကြီးရှိတယ်၊ ငါ့ဘဝရဲ့ အတွေ့အကြုံတွေက ခါးသီးတယ် ဂျာ၊ နင်တကယ်ချစ်တယ်ဆိုရင် ငါ့ကိုနားလည်ပေး





ပါ"

"ဘာကိုနားလည်ပေးရမှာလဲ"

"အင်ကြင်းမယ်ဆိုတဲ့ မိန်းမက နာမည်ပျက်နဲ့ပါ"

"အဲဒါကို ငါဂရုမစိုက်ဘူး ဂျင်းလေး"

အင်ကြင်းက ခေါင်းယမ်းလိုက်သည်။

လူသွားလမ်းရဲ့ ပလက်ဖောင်းလေးတစ်နေရာမှာ ရပ်တန့်သွားမိတဲ့ သူမက ပြန်ဆက်လျှောက်သည်။ ဂျာလင်းကလည်း သူမနံဘေးမှာ ယှဉ်တွဲပါလာသည်။

"အဲလိုပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်ဂျာ

အင်ကြင်းက ရစ်ဝဲလာသော မျက်

မျက်တောင်ပုတ်ခတ်၍ ချုပ်ထိန်းထားမိသ

"နင် ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့

ဘာကြောင့်မှ ငါနောက်မဆုတ်

သူက ဖွတ်တိုးပြောရင်း

ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။

ဒီတစ်ခါမှာ ရင်ထဲအရမ်း

အင်ကြင်းကလည်း မရုန်းဘဲ ငြိမ်သက်နေမိသည်။

အမှတ်တမဲ့ လက်ချင်းဆုပ်ကိုင်၍ လမ်းကလေးအတိုင်း လျှောက်လာမိကြသည်။

အလင်းရုံသည် ကားကိုရပ်ထားပြီးနောက် စတီယာရင်ကို လက်နှစ်ဖက်ဖြင့် တင်းတင်းဆုပ်လျက်သား ကားရှေ့မှန်မှတဆင့် မြင်နေရသောမြင်ကွင်းကို အံကြိတ်ကြိတ်လျက် မမှိတ်မသုန် စိုက်ကြည့်နေမိသည်။

သူ့ရင်ထဲမှာ အံ့အားသင့်ခြင်းနှင့်အတူ ဒေါသခိုးတွေ ဆူပွက်ထွက်လာသည်။

အင်ကြင်းမယ်ရဲ့ အပြုအမူကို သူမယုံနိုင်။

အရပ်မြင့်မြင့်၊ ကတုံးဆံပင်နှင့် လူရွယ်တစ်ယောက်က ဘယ်လောက်များ အတင့်ရဲသလဲဆိုရင် သူချစ်သူရဲ့လက်ကလေးကို ဖြိုင် ဆုပ်ကိုင်လို့။

ဒီကောင်က ဘာကောင်လဲ။

တွေ့ကြသေးတာပေါ့။

နှုတ်ခမ်းဘစ်ချက်မဲ့လျက် အလင်းရုံက ကားပေါ်ကဆင်း





လိုက်သည်။

ဘုရားရေ။

အင်ကြင်းနှုတ်မှ အသံတိုးတိုး ထွက်သွားမိ၏။

ဂုဏ် ဆုပ်ကိုင်ထားတဲ့လက်ကို ဖျတ်ခနဲ ရုန်းပစ်လိုက်မိ၏။

ထိတ်လန့်တကြား အမူအရာကြောင့် ဂုဏ်မင်းက အင်ကြင်း လှမ်းကြည့်နေရာဆီ သူပါလိုက်ကြည့်သည်။

ကားပေါ်က ဖျတ်ခနဲဆင်းပြီး ကားတံခါးကို ဂျိုင်းခနဲ အသံမြည်အောင် ဆောင့်ပိတ်လိုက်သော လူတစ်ယောက်။

မင်းသားတစ်ယောက်လို ချောမောသားနားပြီး လန်းထွက်နေတဲ့ ဒီဇိုင်းတွေနဲ့ ဒီလူဟာ…

"အဲဒါ ကိုအလင်းရုံပေါ့"

အင်ကြင်းက မပွင့်တပွင့်လေးနှင့် နှုတ်ခမ်းလှုပ်ရုံ သတင်းပေးသည်။

သူ့ရင်ထဲမှာ ဟာခနဲ နင့်ခနဲ တစ်မျိုးကြီးဖြစ်သွားရပါသည်။

အလင်းရုံတဲ့လား။

သူ့ရင်ထဲကချင်းလေးကို ပိုင်ဆိုင်ခွင့်ရဖို့ အစွမ်းကုန်ကြိုးစား အားထုတ်နေတဲ့သူတဲ့လား။

အင်ကြင်းက မျက်နှာလေးကို ကြိုးစားပြင်ကာ ဟန်ဆောင် ပြုံးလေး ပြုံးလိုက်သည်။

အလင်းရုံက ခပ်မတ်မတ်လျှောက်လာကာ သူမနှင့် မျက်နှာချင်းဆိုင်မှာ ခြေစုံရပ်လိုက်၏။

မျက်နှာထားက မှုန်တည်တည်။

"မင်းကိုလာကြိုတာ၊ အတန်းမှာလည်းမရှိဘူး ဘယ်သွား နေတာလဲ"

မေးပုံက ခပ်ဆတ်ဆတ်။

"ကင်တင်းသွားမလို့ ထွက်လာတာ၊ ဒါ အင်ကြင်းရဲ့ ငယ်သူငယ်ချင်းလေ၊ ကိုဂုဏ်မင်းထယ်"

"ဩော်...သူငယ်ချင်းလား"

သူ့ရဲ့ဩော်က ခပ်လှောင်လှောင် အသံမျိုးပင်။

ဂုဏ်မင်းထယ်မျက်နှာကို မျက်လုံးမှေးစင်းကာ ကြည့်





လိုက်ပုံက အပေါ်စီးကနေ ဆောင့်ကြွားကြွား။

"ဒါ မဟေမာန်ရဲ့မောင်လေ၊ ကိုအလင်းရုံတဲ့"

ဂုဏ်မင်းက လူကြီးလူကောင်းဆန်ဆန် လက်ဆန့်တန်း ပေးလိုက်သည်။

အလင်းရုံက မျက်နှာခပ်ပျက်ပျက်နှင့်ပင် ဂုဏ်မင်းထယ် လက်ကို ဆုပ်ကိုင်လှုပ်ရမ်းလိုက်ပါသည်။

လက်ဆွဲနှုတ်ဆက်လိုက်သော ယောကျာ်းပျိုနှစ်ဦးကို အင်ကြင်း အသည်းတထိတ်ထိတ်နှင့် ကြည့်နေမိ၏။

သူတို့ရဲ့မျက်လုံးတွေမှာ အဓိပ္ပာယ်ပေါင်းများစွာ အားပြိုင် နေကြသည်။

သို့သော် ဂုဏ်မင်းထယ်ရဲ့ အကြည့်က ပိုမိုသိမ်မွေ့ နက်ရှိုင်းနေပါသည်။ အလင်းရုံရဲ့ပုံစံကတော့ ဒေါသတွေကို ဟန်ဆောင်ထိန်းချုပ်ထားရဟန်ဖြင့် မျက်ဝန်းများက အေးစက်တင်းမာ နေသည်။

"တွေ့ရတာဝမ်းသာပါတယ်ဗျာ"

ဂုဏ်မင်းက စတင်ပြောလိုက်သည်။

အလင်းရုံက ခေါင်းဆတ်ပြီး…

“ခင်ဗျားနဲ့ထပ်တူပါပဲ”

အင်ကြင်းမှာ ရင်တမမနှင့် အခုမှပဲ အသက်ရှူနိုင်တော့သည်။

“လာကြိုနေပြီဆိုတော့ ဂျင်းလေး ပြန်ချင်ပြန်တော့လေ”

အခေါ်အဝေါ်အတွက် နားထဲတစ်မျိုးဖြစ်သွားရသော်လည်း အလင်းရုံက…

“အချိန်ရပါတယ်၊ ကင်န်တင်းသွားချင်လည်း သွားပါ”

“နေပါစေဗျာ…နောက်ရက်တွေမှဆုံတာပေါ့၊ ဂျင်းလေး ငါပြန်တော့မယ်”

ဂုဏ်မင်းထယ်က နှုတ်ဆက်ထွက်ခွာဖို့ပဲ ဆုံးဖြတ်လိုက်ပါသည်။

လောလောဆယ်အခြေအနေမှာ သူ့နှလုံးသားတွေ တုန်ယင်လှုပ်ရှားပြီး ဟုန်ဟုန်ကြီးဖြစ်နေသည်။

ဂျင်းလေး အခုနပြောလိုက်တဲ့စကားကြောင့်ရော ဒီလူကို ပိုင်စိုးပိုင်နင်းသဏ္ဍာန်နှင့် မြင်လိုက်ရတာကြောင့်ရော ပြဿနာရဲ့





အနက်ကို သူခန့်မှန်းနိုင်လိုက်ပါပြီ။

ဂျင်းလေးကိုလည်း ဒီ့ထက်မျက်နှာမပျက်၊ အနေမခက်စေလိုပါ။

ဂုဏ်မင်းရဲ့အချစ်တွေဟာ ချစ်သူမျက်နှာပေါ်က အရိပ်အကဲလေးတွေကို ဖတ်ရှုလိုက်လျော့ဖို့ အဓိကအချက်ဖြစ်တာမို့ ဒီနေရာကနေ သူ ခေတ္တဆုတ်ခွာလိုက်တာဟာ အသင့်တော်ဆုံးပဲ မဟုတ်လား။

အားပေးသောအပြုံးနှင့် သူ တစ်ချက်နှစ်သိမ့်သလို စူးစိုက်ကြည့်သည်။

“ခွင့်ပြုပါဦး”

အလင်းရုံက ခေါင်းဆတ်သည်။

ဒီလူထွက်သွားတာနှင့် သူနှင့်အင်ကြင်း ရှင်းလင်းစရာတွေရှိသည်။

ဂုဏ်မင်းနှင့် လမ်းခွဲပြီးလျှင် အလင်းရုံနှင့် အင်ကြင်းမယ်တို့ နှစ်ဦးသား တိတ်ဆိတ်စွာပင် ကားပေါ်တက်၍ ထွက်ခွာလာသည်။

"ကဲ…ဆိုစမ်းပါဦး၊ မင်းရဲ့အကြောင်းပြချက်ကို နားထောင်ချင်တယ်"

ကျောင်းထဲကထွက်လာပြီးလျှင် သူက စတင်၍ မေးခွန်းထုတ်လိုက်ပါသည်။

"ဘာကိုအကြောင်းပြရမှာလဲ"

"ကိုကို ရှင်းရှင်းပဲမေးမယ်၊ မင်းနဲ့သူနဲ့က ဘာလဲ၊ ဘယ်တုန်းက အချိတ်အဆက်မိနေတာလဲ"

"ဂုဏ်က ငယ်သူငယ်ချင်း၊ မေမေနဲ့သူ့အမေလည်း ခင်တယ်၊ ရပ်ဆွေရပ်မျိုးတွေလို ခင်မင်ရင်းနှီးလာကြတဲ့သူတွေပါ"

"ကိုကိုမေးတာကို ဝေ့လည်ကြောင်ပတ်တွေ လျှောက်မဖြေစမ်းနဲ့ကွာ၊ မင်းနဲ့သူနဲ့ ရည်းစားလား"

"ဟင့်အင်း"

"ဒါဆို သူ ဘာကြောင့် မင်းလက်ကိုကိုင်ရတာလဲ"

အင်ကြင်းမျက်နှာလေးမှာ နွေးခနဲဖြစ်သွားရသည်။

သူမ ဘယ်လိုဖြေသင့်သလဲ။

"ကလေးဘဝကတည်းက လက်ပွန်းတတီးနေခဲ့တာပဲ"

ဝိုးမိုး၀၃ပေ



"မတူဘူး၊ မင်းမညာနဲ့"

"ရှင်ဘာဖြစ်ချင်တာလဲ"

သူမရဲ့ ခပ်ပြတ်ပြတ်မေးလိုက်သံကြောင့် အလင်းရံအသံတိတ်သွားသည်။

ကားကို လမ်းတစ်နေရာ ခပ်ရှင်းရှင်းမှာ ဘေးကပ်ရပ်လိုက်သည်။

ပြီးတော့ ချွေးစေးတွေနှင့် စိုစွတ်လာသည့် သူ့လက်ဖဝါးနှစ်ဘက်ကို အချင်းချင်းပွတ်လိုက်သည်။

"ကျွန်မတို့ဇာတ်လမ်းကို ဒီမှာရပ်လိုက်မလား"

သူကမဖြေပါ။

ဝမ်းနည်းနာကျင်သော မျက်လုံးတွေနှင့်သာ အင်ကြင်းကို စူးစူးရဲရဲ ကြည့်နေပါသည်။

"ကျွန်မ ရှင့်ကိုမချစ်ဘူးဆိုတာ အကြိမ်ကြိမ်ပြောခဲ့ပြီးသားပဲ"

ဒါဖြင့် သူမချစ်တာ ဘယ်သူလဲ။

ဂုဏ်မင်းထပ်လား။

ဝိုးမိုး၀၁ပေ

သူမနှုတ်ဖျားက ဖွင့်ဟဝန်ခံလိုက်မှာ အလင်းရဲ့ မကြားရဲပေ။ သူ့စိတ်ထဲ တုန်လှုပ်စိုးရိမ်လာသည်။

မိန်းကလေးတစ်ယောက်ကို စွဲစွဲမက်မက်နှင့် တစ်ဘဝစာ ရည်ရွယ်ပြီး မြတ်နိုးတန်ဖိုးထားလာမိခဲ့တဲ့ ရလဒ်အဖြေဟာ ဒီလိုပဲ ထွက်လာတတ်သလား။

သူ့နှလုံးသားမှာ ခံပြင်းနာကြည်းလာမိသည်။

ကဲ··သူမက မချစ်ဘူးတဲ့။

ကိုယ်ဘာလုပ်ရမလဲ။

လက်လျှော့နောက်ဆုတ်လိုက်ရတော့မလား။

နှစ်ရှည်လများ မျှော်လင့်စောင့်စား တမ်းတခဲ့ရတဲ့ တံ့ပြန်မေတ္တာ။

ဒီတစ်သက်မှာ မရနိုင်ဘူးလား။

"အင်ကြင်းရာ···ကိုကို့ကို မရက်စက်ချင်ပါနဲ့ကွာ၊ ကိုကို မင်းကို ဘယ်လောက်ထိချစ်ရလဲ မင်းအသိဆုံးပါ"

အင်ကြင်းက လေသံခပ်ပျော့ပျော့နှင့် တိုးလျှိုးလာသော အလင်းရဲ့ကို စိတ်ပျက်လက်ပျက်နှင့် မျက်စောင်းတစ်ချက်သာ ခဲမိ





တော့သည်။

"ချစ်တာမချစ်တာထက် တစ်ယောက်ဂုဏ်သိက္ခာကို နောက်တစ်ယောက်က ထည့်တွက်ရမယ်၊ လေးစားရမယ်လေ"

"ဟုတ်ကဲ့၊ လေးစားပါတယ် မမ"

"ရှင် မရွဲ့နဲ့၊ ကျွန်မကို နောက်တစ်ခါ အဲလိုလေသံမျိုးနဲ့ အထက်စီးကနေ စွပ်စွဲဖို့တော့ မစဉ်းစားနဲ့ကိုလင်း"

"ဒါဖြင့် မင်းနဲ့သူနဲ့တွဲနေတာကို ကိုကိုက ဒီတိုင်းကြည့်နေရမှာလား၊ ကြည်ကြည်ဖြူဖြူပဲ ခွင့်ပြုရမယ့်သဘောလား၊ မင်းတောင်းဆိုတဲ့ အခွင့်အရေးကရော မလွန်ဘူးလား အင်ကြင်းရာ၊ ကိုကို့ဖက်ကလည်း တွေးကြည့်စမ်းပါဦး"

"လွန်တယ်ထင်ရင် မေမေ့ကိုပြောပြီး ရှေ့ဆက်မယ့် အစီအစဉ်တွေ ရပ်လိုက်ကြတာပေါ့"

"ငါမရပ်နိုင်ဘူး၊ ငါ မင်းကို ပိုင်ဆိုင်ချင်တယ်၊ အရင်ကတည်းကလည်း ဒီတိုင်းပဲ၊ အခုလည်း ဒီတိုင်းပဲ၊ ဒါကို မင်းသိလို့ ငါ့ကိုအနိုင်ပိုင်းနေတာလား"

အင်ကြင်းက နှုတ်ဆိတ်လျက် မျက်နှာလွှဲလိုက်သည်။

ဆွေးနွေးတာလည်း အပ်ကြောင်းထပ်နေပါပြီ။

သူကမှ စိတ်ကူးမပြောင်းဘဲ အင်ကြင်း ဘယ်လိုရုန်းထွက်ရမလဲ။

ပင့်သက်လေးသာ ခပ်နက်နက်ရှိုက်မိရင်း ရင်ထဲမောပန်းလှသည်။

အလင်း၊ရုံက အင်ကြင်းမျက်နှာကိုသာ ခပ်ငေးငေးငြိမ်သက်စိုက်ကြည့်နေပါသည်။

◆ ◆ ◆



ဂုဏ်မင်းထယ်က တီဗီမှကြော်ငြာလာနေချိန်ခဏ ဝရန်တာထွက် အညောင်းဖြေကာ စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာလိုက်သည်။

သူ့ရင်ထဲမှာ နေသာထိုင်သာမရှိ။

ဂျင်းလေးအကြောင်းသာ ထပ်တလဲလဲ တွေးနေမိသည်။

ရင်ထဲမှာလည်း ထိခိုက်နာကျင်နေမိသည်။

အခြေအနေက သူထင်တာထက် ရှုပ်ထွေးနက်ရှိုင်းနေသည်။

ဂျင်းလေးနဲ့ ဟိုလူဟာ လူကြီးချင်း ပြောဆိုစပ်ဟပ်ထားတဲ့ အဆင့်မဟုတ်ဘဲ အလင်းရုံက ခိုးပြေးဖူးတဲ့ ရာဇဝင်ပင် ရှိနေသည်ဆိုတော့။

ခပ်နက်နက်ပင် စီးကရက်မီးခိုးငွေ့ကို ရှိုက်သွင်းလိုက်

သည်။

ထိုစကားကိုကြားရပြီးနောက်မှာ ဂျင်းလေးအပေါ် သူထားတဲ့ မေတ္တာအတိမ်အနက်ကိုလည်း သူ့ဘာသာ အံ့သြမိသည်။

ဂျင်းလေးရယ်။

ငါက ဘဝတစ်သက်တာပတ်လုံး နင်နဲ့အတူ မခွဲမခွာရှိချင်တာပါ။ နင် နှာမည်ပျက်ရှိတာ၊ စွန်းထင်းတာတွေက တကယ်တော့ အင်မတန်သေးနုတ်တဲ့ အသေးအဖွဲ့ကိစ္စလေးတစ်ခုပါ။

နင့်ကိုချစ်တဲ့အချစ်က စကြာဝဠာကြီးဆိုရင် နင်ပြောတဲ့အကြောင်းပြချက်က မြူမှုန်မြူမွှားလေးတစ်ခုပါ။

အဲဒီမြူမှုန်လေးကို ငါ ဘာကြောင့်ဂရုစိုက်ရမှာလဲ။

နင်လည်း ဂရုမစိုက်ပါနဲ့။

သတ္တိရှိရှိ ချစ်လိုက်ပါ။

နောက်တစ်နေ့ ဂျင်းလေးနဲ့တွေ့ရင် သူ အားပေးရမယ့်စကားတွေကို စီကာစဉ်ကာ တွေးနေမိသည်။

ဂျင်းလေး ဘာကိုအားငယ်မှုပျက်နေသလဲ၊ ဘာကိုတွန့်ဆုတ်တွေဝေနေသလဲ ဂုဏ်မင်း ရိပ်မိခဲ့ပါပြီ။

ဝိုး ဝိုး စာပေ



ဂျင်းလေးရဲ့ ရှက်ငုံ့ရှက်နိုး မျက်ဝန်းကလေးတွေကို သူမမေ့။

နင် စိတ်ပင်ပန်းနေတယ်မို့လား။

ငါ့ရင်ခွင်မှာရှိပြီး အမောပြေစေချင်လိုက်တာကွာ။

ဟိုတစ်ခါကလို နင့်ကို အကြာကြီး ဖက်ထားချင်တယ်။

ဂုဏ်မင်းက အတွေးနှင့် ခပ်ဝေးဝေးကို ငေးနေဆဲမှာ ဟိုဖက်တစ်ဆမ်းကျော်က ဂစ်တာတီးခတ်သံနှင့် သီချင်းဆိုသံတို့က သူ့ထံသို့ လွင့်ပျံ့လာသည်။

အို ပျော်ရွှင်ခြင်းများ ××× တကယ်နီးနီးလေးရှိလျှက်နဲ့

ဝင်လာမယ် ဝမ်းနည်းမှုတွေ ××××

မျှော်မနေလည်း ကြုံမယ် ××××

ဒီလိုပဲပေါ့ ××× အလွမ်းအဆွေးများဟာ ××××.

ဝေဒနာအလွမ်းအဆွေးများဆိုတာ ××××

ပျော်စရာတွေ ခိုးယူသွား ××××

ဂုဏ်မင်းက စီးကရက်ခဲလျှက် သီချင်းစာသားကို ကြားရအောင် နားစိုက်ထောင်နေမိသည်။

ဝိုး ဝိုး စာပေ

××× အရှုံးတွေကို သတိရနေမလား××××

××× အရှုံးတွေကို ခံစားနေမလား ××××

××× တစ်ခါငိုချင်တိုင်း ငါမင်းလေးရဲ့အနား ××××

××× ငါ မင်းရဲ့အနားမှာ ××××

××× အတူတူရှိနေမှာ ××× ငါမင်းလေးအနား

××× အတူတူရှိချင်သေး ××××

✦ ✦ ✦



မော်တာစက်ကလေးဖွင့်လျက် အင်္ကျီရင်ဘတ်က အတွန့်အဖတ်နှစ်ထပ်ပုံစံလေးကို အင်ကြင်းကိုယ်တိုင် တီထွင်ချုပ်ကြည့်နေမိသည်။

အစတုန်းကတော့ အမေက မဟောမာန်ဆီ သင်ခိုင်းလွန်းလို့ ဗျစ်တောက်ဗျစ်တောက်လုပ်လွန်းလို့သာ ဖက်ရှင်ဒီဇိုင်းနာ သင်တန်းကို့စ်တစ်ခုကို ဝင်တက်လိုက်ရပေမဲ့ အင်ကြင်းက စိတ်ပါလှတာမဟုတ်။

စိတ်မပါဘဲ သင်ကြားခဲ့ရင်းကမှ သူမဆီမှာ ဒီဇိုင်းနာအခြေခံရှိတာ၊ သူများထက် ဆန်းသစ်တီထွင်ချင်တာ သိလာရသည်။ စူးရှထက်မြက်သော ဉာဏ်အမြင်ရှိသူမို့လည်း တစ်ထွာပြရင် တစ်လံမြင်တတ်ခဲ့တာပါ။

အင်ကြင်းစိတ်ထဲမှာ ဒီဇိုင်းနာအလုပ်ကို မလုပ်ဘူးဟု

ဝိုး : မို : ဝ၁၆ပ

ဆုံးဖြတ်ထားရင်းကပဲ အဝတ်အစားဝတ်တာဟာလည်း အနုပညာတစ်မျိုးဟု ခံယူလာမိသည်။

ထိုအနုပညာဟာ တစ်ခါနှင့်တစ်ခါ မတူညီတာလည်း စိတ်ဝင်စားဖို့ကောင်းသည်။ စိတ်ကြိုက်ဖန်တီးရတာ ကြည်နူးစရာ။

မမဟေမာန်ကလည်း သူမကို တွန်းသင်သည်။

အင်ကြင်းသည် တမင်တကာပင် သူတို့ချပေး ကြောင်းပေးတဲ့လမ်းကို မလျှောက်ချင်လို့ ကလန်ကဆန်လုပ်မိတာသာရှိသည်။ အမှန်တကယ်က အင်ကြင်းဆီမှာ ပါရမီအခံရှိသည်။

တစ်ချက်ကြည့်လိုက်တာနှင့် ပိတ်စကို ဘယ်လိုဒီဇိုင်းထွင်ချုပ်ရမလဲ ထိုးထွင်းသိမြင်သည်။

သူများတွေ မစဉ်းစားမိတဲ့ ပိတ်စနစ်မျိုးကို ဆွဲယူလျှက်ထီးပုံစံ အစနှစ်စညှပ်လိုက်ပြီး အကွက်နှင့်ဖြောင့်ဒီဇိုင်းအရော ညနေခင်းဝတ်စုံ ဂါဝန်အဆန်းအပြားလေး ကောက်ချုပ်ပြလိုက်ရာ မမဟေမာန်ကိုယ်တိုင် မျက်လုံးပြူးသွားပြီး အင်ကြင်းကို တအံ့တဩချီးမွမ်းရလေသည်။

"ညည်းလေးဟာလေ တမင်ကန့်လန့်တိုက်နေတာ၊ လုပ်ရင် လက်ဖြစ်နိုင်တဲ့ဥစ္စာ၊ နာမည်ကြီးလက်ရာဟဲ့၊ တော်ရုံပါရမီမဟုတ်ဘူး၊ ဒီဇိုင်းနာအလုပ်ပဲ ဖောက်ချလုပ်ပါလား အင်ကြင်းရယ်၊ ဆရာထက် တပည့်လက်ဖောင်းထက်သွားဦးမယ်၊ မယုံရင်စမ်းကြည့်"

ဆိုကာ တိုက်တွန်းအားပေးခဲ့သည်။

သို့သော် အင်ကြင်းက သူစိတ်ထက်သန်နေရင် တကုပ်ကုပ်နှင့် ဒီဇိုင်းထုတ်နေတတ်သော်လည်း တစ်ခါတစ်ရံလည်း လှည့်မကြည့်ဘဲ ဖြစ်ထားတတ်သည်။

အခုလည်း မဟေမာန်က ဖက်ရှင်ရှိုးပွဲတစ်ပွဲ ဦးစီးလုပ်ဦးမှာမို့ သူမကို ဆိုင်မှာခေါ်ထားလို့သာ ကြိုးစားဝန်းစား ချုပ်လုပ်နေတာဖြစ်သည်။

အကျီမှာ ခါးပတ်ကလေးတစ်ခု ထည့်ချုပ်ဖို့ ပြင်ဆင်နေဆဲမှာ အခန်းတွင်းသို့ တစ်စုံတစ်ယောက် လှမ်းဝင်လာတာ သူမသိ။

ကိုယ့်အာရုံနှင့်ကိုယ်မို့ ခြေသံလည်းမကြားမိပေ။

ဟင်။

သူမနောက်မှာ ရပ်လိုက်တော့မှပဲ လူရိပ်ကိုတွေ့ပြီး ဖျတ်ခနဲ နောက်ဖက်သို့ လှည့်ကြည့်မိသည်။

“ကိုအလင်း”

“အင်ကြင်း စက်ချုပ်နေတယ်၊ ဘယ်သူမှမရှိဘူးလား”

“မမ အပေါ်ခဏတက်သွားတယ်”

“အင်ကြင်း ပင်ပန်းနေပြီလား”

“ဟင့်အင်း”

သူကထွက်မသွားဘဲ အင်ကြင်းစက်ချုပ်နေတာကို မမိတ်မသုန် စိုက်ကြည့်နေ၏။

တစ်စုံတစ်ယောက်က အခုလို အနီးကပ်ကြီး မျက်တောင်မခတ် ကြည့်နေတော့လည်း မနေတတ်သလို ဖြစ်လာမိသည်။

အင်ကြင်းက စက်ခဏရပ်ကာ သူ့ထံမော့ကြည့်ပြီး…

“ထမင်းစားတော့မလား၊ မမဟေမာန်က ကိုလင်းအတွက် ကြက်ဆီထမင်းနဲ့ ပုစွန်မယောနိစ် ဝယ်ထားတယ်လို့ ပြောတယ်၊ ထမင်းစားပွဲမှာ အဆင်သင့်ပဲ”

“ကိုကိုတစ်ယောက်တည်း ပျင်းခြောက်ခြောက်နဲ့ကွာ၊





အင်ကြင်းပါလာစား”

“အင်ကြင်း စားပြီးပြီ”

“ဒါဆိုလည်း လာထိုင်”

“ဒီဝတ်စုံက အခုညအပြီးချုပ်ရမှာ ကိုလင်းရဲ့ ရှင့်ဘာသာပဲ စားလိုက်တော့နော်”

သူက မသွားပါ။

“ရတယ်လေ၊ အင်ကြင်းပြီးတဲ့အထိ စောင့်မယ်”

သူ အဲလိုအနားမှာ ထိုင်ကြည့်နေမှ အင်ကြင်း စိတ်အနှောင့်အယှက်ဖြစ်ရဦးမည်လေ။

အင်ကြင်းက စက်ခုံလေးမှ ထရပ်လိုက်သည်။

သူ့မျက်နှာက ပြုံးမြမြဖြစ်သွားသည်။

ထမင်းစားခန်းဖက်လေး လျှောက်သွားဖို့ပင် လက်ကမ်းပေးသေးသည်။

အင်ကြင်းက သူမလက်ကိုမပေးဘဲ ရှေ့ကနေအရင် ပြေးသည်။ အလင်းရဲ့လည်း လှစ်ခနဲပါလာသည်။

ထမင်းစားခန်းအကူးလေးမှာ သူက ခါးလေးကို အမှတ်

မထင် လှမ်းဖက်လိုက်သည်။

"အို"

ရဲတင်းသော သူ့အပြုအမူကြောင့် အင်ကြင်း လန့်ဖျပ်ရင်တုန်သွားရ၏။

သူက ဂုတ်သားလေးကို ဖျတ်ခနဲ ငုံ့မွှေးရှိုက်လိုက်သည်။

နီးကပ်သောအနေအထားကြောင့် သူ့ဆီက ယမကာအနံ့ကို ရလိုက်မိ၏။

"ကိုလင်း…လွှတ်ပါ၊ အဲလိုမလုပ်ပါနဲ့"

"အင်ကြင်းကို ကိုကိုချစ်တယ်ကွာ"

"အို…ဖယ်ပါ၊ ကျွန်မကို အဲဒီလို ပိုင်စိုးပိုင်နင်းပြုမူတာ ကျွန်မ မကြိုက်ဘူး"

ဆတ်ဆတ်ထိမခံတဲ့ သူမပုံစံလေးကြောင့် အလင်းရုံက ပိုအသည်းယားမိသည်။

ဖြုန်းခနဲ ရင်ခွင်ထဲထွေးဖက်ကာ အတင်းအကြပ်နမ်းဖို့ ကြိုးစားလိုက်သည်။

အင်ကြင်းက သူ့ရင်ဘတ်ကို တွန်းပစ်သည်။ အထိအတွေ့





ကို ခေါင်းလေးယမ်း၍ ရှောင်ဖယ်သည်။

ရီဝေယစ်ထွေနေသော အလင်းရုံက မလွှတ်ဘဲ အတင်းဖွတ်ဖက်ထားသည်။

ခါတိုင်းတော့ သူ ဒီလောက်အတင့်မရဲ။

အင်ကြင်းက မျက်နှာထိမျက်နှာထားနှင့် သူ့ကို ငြင်းဆန်တာနှင့် သူ အလျှော့ပေးတတ်သည်။

ဒါဟာ ပထမဦးဆုံးအကြိမ် သူမကို ဖွတ်အတင်းထိတွေ့နမ်းရှိုက်ဖို့ ကြိုးစားလိုက်တာပင်။

ဂုဏ်မင်းထယ်ကိုတွေ့ပြီးနောက်မှာ အလင်းရုံ အတော်ကြီး မနာလိုဝန်တိုခဲ့ရာကနေ အခုလို အတင့်ရဲလာမိခြင်းပါပဲ။

"ချစ်လို့ပါ အင်ကြင်းရယ်"

"လွှတ်နော်…အင်ကြင်းကို ဘယ်လိုမိန်းမထင်နေလဲ"

"ချစ်စရာကောင်းတဲ့ ကောင်မလေးလို့ထင်တယ်"

သူ့ရင်ဘတ်ကို ဆောင့်တွန်း၍ရလျှင် ကုတ်ဖဲ့ရန်းကန်လိုက်၏။

"အား"

သူ့အသံကျယ်သွားလျှင် တိတ်ဆိတ်နေသော အခန်းမှာ နှစ်ယောက်လုံး အလန့်တကြားဖြစ်သွားရကာ မမယောမာန်ကြားသွားမလား စိုးရိမ်မိကြသည်။

ထိုအချိန်မှာပင် လေ့ကားရင်းမှ ခြေသံကြားလျှင် လူချင်း ခပ်ဝေးဝေး ခွာလိုက်မိကြ၏။

အင်ကြင်း မျက်လုံးလေးမှာ ဒေါသရိပ်က ရှိနေဆဲ။

အလင်းရုံကတော့ ဆံပင်တွေ တစ်ချက်သပ်ရင်း ဒီဖက်ကိုလျှောက်လာတဲ့ သူ့အစ်မကို ဘာမှမဖြစ်သလိုပင် ရင်ဆိုင်လိုက်သည်။

"ဘာဖြစ်တာလဲ လင်းလင်း"

"ဘာမှမဖြစ်ပါဘူး၊ ကျွန်တော် ထမင်းစားမလို့"

ယောမာန်က အလင်းရုံရဲ့အသံကို ကြားလိုက်မိလို့ ကမန်းကတန်း ဆင်းကြည့်တာ။

အင်ကြင်းဟာ မျက်နှာလေးလွှဲထားသည်။ နှုတ်ခမ်းလေးက တင်းတင်းစေ့လျှက် ခပ်တည်တည်ဖြစ်နေသည်။

"အေး...အေး ဘာမှမဖြစ်လည်းပြီးရော၊ စား စား"





မယောမာန်က ပြန်လှည့်ထွက်သွား၏။

အင်ကြင်းကပါ ခြေကလေးဆောင့် အပြင်ထွက်လာမိရင်း

"မမမောင်က မူးနေတာ"

"ဟယ်...ဟုတ်လို့လား"

"မယုံရင်သွားကြည့်ဦး"

အင်ကြင်းက ချုပ်လက်စ ဒရက်စ်ကို ကောက်သိမ်းကာ ပြန်ဖို့ပြင်၏။

"ဟဲ့...ပြန်မလို့လား"

"အင်း"

"လင်းလင်းကို စိတ်ကောက်ပြန်ပြီပေါ့၊ ဒီည ငါ့မိုဒယ်လေးကို ချိန်းထားတာ ဘယ်လိုလုပ်မလဲ"

"မသိဘူးလေ"

"အင်ကြင်းကိုယ်တိုင် ကိုယ်တိုင်းယူမှကောင်းမှာပေါ့"

"နောက်ရက်ပြန်ချိန်းလိုက်တော့ မမ၊ အင်ကြင်းတော့ ပြန်ပြီ"

"နင်တို့နှစ်ယောက်ကြောင့် ငါလည်းစိတ်ညစ်ပါတယ်"

မဟောမာန်က ညည်းညူသည်။ အင်ကြင်းကတော့ ပခုံးလွယ်အိတ်ကလေး ဖျတ်ခနဲကောက်လွယ်လျက် ထွက်သွားတော့သည်။

အင်ကြင်းကျောပြင်ကို ငေးကြည့်နေမိကာ ဟောမာန်က ပင့်သက်ရှိုက်မိလေသည်။

◆ ◆ ◆



နောက်တစ်ရက် ညဦးအစောပိုင်းအချိန်မှာတော့ ဟောမာန် ဖက်ရှင်အပ်ချုပ်ဆိုင်လေးထဲ မဲဟောမာန်နှင့် အင်ကြင်းမယ်တို့ နှစ်ဦးသာရှိနေတဲ့အခိုက် မဟောမာန်နဲ့ ချိန်းဆိုဆက်သွယ်ထားတဲ့ တက်သစ်စမော်ဒယ်လေး အိန်ဂျယ်က စူပါဆလွန်းကားဖြူလေးကို ကိုယ်တိုင်ပဲမောင်းကာ ရောက်လာပါသည်။

ဖီးညိုရောင်နေကာ မှန်ချပ်ကြီးထဲမှတစ်ဆင့် ကားပေါ်က ဟန်ကျပန်ကျလေး ဆင်းလိုက်တဲ့ အိန်ဂျယ်ကို သူမကြည့်လိုက်မိသည်။

ငှက်ပျောညွန့်စိမ်းရောင် စတိုင်လ်ဘောင်းဘီပုံကျကျလေးနှင့် ပခုံးသိုင်းကြိုးပါတဲ့ ဆွဲသားအင်္ကျီ အနက်လေးကို ဝတ်ထားပြီး လည်တိုင်မှာ ပဝါအစိမ်းလေး ခပ်လျော့လျော့ပတ်ထားတဲ့ပုံက စတိုင်လ်ကျသလို ဆံပင်ရေစိုကောက် အခွေအလိပ်လေးတွေ

ဖဲ့ထားတစ်ဖက်တစ်ချက်မှ ကျနေပုံကလည်း သူမမျက်နှာဝိုင်းဝိုင်းလေးနှင့် လိုက်ဖက်နေသည်။

ခွာချွန်ကြိုးသိုင်း ဖိနပ်အစိမ်းနုနုလေးကို စီးထားတာလည်း သူမခြေထောက်မှာ ထင်းခနဲ ပေါ်လွင်နေပါသည်။

လက်ကိုင်အိတ်အဖြူလေးကို ခပ်ဆဆကိုင်ထားပုံကလည်း အချိုးကျသည်။

ကားကို ရီမုတ်နှင့်လော့ခ်ချပြီးမှ မှန်ချပ်ကို ဘေးသို့တွန်းလျှက် သူမက ကြော့ကြော့မော့မော့လေး လှမ်းဝင်လာပါသည်။

"အိန်ဂျယ် အရမ်းလှနေပါလားဟေ့"

မယောမာန်က ခပ်ပြုံးပြုံး ဆီးကြိုနှုတ်ဆက်၏။

"သင့်ခ်ယူပါ မမ"

အိန်ဂျယ်သည် လက်ကိုင်အိတ်ကလေးကို စားပွဲပေါ်လှမ်းတင်ရင်း ဆုံလည်ကုလားထိုင်လေးကို တစ်ချက်လှည့်ကာ ဆော့ကစားလိုက်၏။

သူမပုံစံလေးက ပေါ့ပါးလန်းဆန်းနေသည်။

ပါးစပ်ထဲမှာလည်း ပီကေလေး ဖြေးဖြေးဝါးလျှက်။

ဝိ:ဝိ:၀၇၆ပ



အိန်ဂျယ်က အင်ကြင်းကို တစ်ချက်ကြည့်ကာ ပြုံးပြလိုက်ပါသည်။

"အိန်ဂျယ်ဝတ်စုံကို သူချုပ်မှာလေ၊ မမရဲ့ယောက်မလောင်းလျာလေးဆိုပါတော့"

မယောမာန်က မိတ်ဆက်ပေးလျှင် အိန်ဂျယ်က ခေါင်းညိတ်ပြီး…

"သြော်…ဟုတ်လား၊ ချစ်စရာလေးပဲ"

"ခဏထိုင်ဦးနော်၊ မမ အအေးယူခိုင်းလိုက်ဦးမယ်"

"အိန်ဂျယ့်ဖို့ ကော်ဖီပဲလုပ်နော်"

"အင်း…အင်း ရတယ်"

အိန်ဂျယ်သည် မယောမာန် လှမ်းဝင်သွားတဲ့ လိုက်ကာနားလေးသို့ အကြည့်ရောက်ရင်း ထိုနံရံက ဓါတ်ပုံတစ်ချပ်ကို စိတ်ဝင်စားသွားမိသည်။

ဘောင်ရိုးရိုးရှင်းရှင်းကွပ်ထားတဲ့ ထိုဓါတ်ပုံတစ်ပေပတ်လည်အရွယ်ခန့်ကို အနီးကပ်သွားမော့ကြည့်လိုက်မိ၏။

ဓါတ်ပုံထဲကလူကို သေချာမြင်ရတာနှင့် သူမရဲ့ရင်ခုန်သံ

ဝိ:ဝိ:၀၇၆ပ

တို့က စည်းချက်ကျကျကျ မြန်ဆန်လာသည်။

သူပဲ။ သူအစစ်ပဲ။

အကြည့်ချင်းဆုံရုံနှင့် ရင်တွေတုန်ခဲ့ရတဲ့ ဤလူချောကို အိန်ဂျယ်မမေ့သေး။

လွန်ခဲ့တဲ့နှစ်ရက်ခန့်က သူနှင့်အိန်ဂျယ် နှစ်ကြိမ်တိတိ ဆုံခဲ့ကြတာပဲ။

သူဟာ ဘယ်သူလဲ။

မဟေမာန်နှင့် ဘယ်လိုပတ်သက်သလဲ။

အို အဲဒါတွေက အရေးမကြီး။

သူ့ကို ခင်မင်ခွင့်ရဖို့ ကွင်းဆက်ရှိနီးစပ်သွားတာကိုပဲ။ အိန်ဂျယ် ဝမ်းသာလှပါပြီ။

အင်ကြင်းသည် မော်ဒယ်မိန်းကလေးရဲ့ သွက်လက်ရဲတင်းသော ဟန်ပန်အမူအရာကို အသာကြည့်နေမိ၏။

ယောကျ်ားလေးတစ်ယောက်ရဲ့ ကိုယ်တစ်ပိုင်းဓါတ်ပုံကို ပြုံးပြုံးမိန့်မိန့်လေး သွားမော့ကြည့်နေဟန်က ဘာကိုမှသိပ်ဂရုမစိုက်ဘဲ သူစိတ်ဝင်စားတာကို သူ ဝံ့ဝံ့စားစားလုပ်ဖို့ ဝန်မလေးတဲ့ရုပ်

နိုး၊နိုး၊ဝ၇၄ပ



ကလေးဖြစ်သည်။

ဒါမှမဟုတ် သူမနှင့်များ သိကျွမ်းရင်းနှီးလို့လား။

အင်ကြင်း ကြည့်နေဆဲမှာ သူမက ဒီဇက်ကို တဖျပ်ဖျပ် ပြန်လျှောက်လာသည်။

ပြီးလျှင် အင်ကြင်းကို တစ်ချက်ပြုံးပြကာ သူမရဲ့လက်ကိုင်အိတ် ဘေးဖက်အကန့်လေးထဲက ဟန်းဒ်ဖုန်းကို ထုတ်ယူ၍ မှန်တံခါးရဲ့အပြင်ဘက်သို့ ထွက်သွားလေသည်။

အပြင်မှာ ဖုန်းသွားပြောနေတာ။

"ဟဲ့…သဲသဲ"

"အိန်ဂျယ်…ဘာလဲ ပြောပြော နင်အခုဘယ်မှာလဲ"

"ငါ အခု မဟေမာန်ဆိုင်မှာ"

"ဟုတ်လား၊ နင်တစ်ယောက်တည်းလား"

"အေး…ဟုတ်တယ်၊ ဒီမှာ နင့်ကို ငါ သတင်းထူးတစ်ခု ပြောမလို့ဟဲ့"

အိန်ဂျယ်အသံမှာ ကြည်ကြည်နူးနူး ရယ်သံလေးပင် ခပါက်နေပါသည်။

နိုး၊နိုး၊ဝ၇၄ပ

"ဘာလဲ"

"ငါတို့နဲ့ ဈေးဦးနတ်မှာတစ်ခါ၊ ပိုင်အိုးနီးယားမှာတစ်ခါ တစ်နေ့ထဲ နှစ်ခါတွေ့တဲ့ အင်္ကျီအစိမ်းလေးလေ"

"အေး…သိတယ်၊ သူ အဲဒီဆိုင်ရောက်နေလို့လား"

သဲသဲကလည်း မှတ်မိနေသည်။

"လူရောက်နေတာတော့ မဟုတ်ဘူးဟဲ့၊ ဓါတ်ပုံချိတ်ထား တာတွေ့တယ်၊ အဲဒါ ငါအရမ်းပျော်သွားလို့ မအောင့်နိုင်ဘဲ နင့်ဆီ ဖုန်းဆက်ပြောတာ သိလား"

"ဓါတ်ပုံတွေ့တယ်၊ သူကဘယ်သူလဲဟဲ့၊ မဟေမာန်ရဲ့ အသိမိတ်ဆွေလား"

"အဲဒါတော့မသိသေးဘူး"

"နင် မေးမကြည့်ဘူးလား"

"အင်း…မေးလိုက်ရင် ကောင်းမယ်နော်၊ ငါမေးကြည့်ချင် တယ်"

အိန္ဒြာယ်က စိတ်လှုပ်ရှားသံလေးနှင့် ဆိုသည်။

မော်ဒယ်ပေါက်စသာဖြစ်လာသော်လည်း အိန္ဒြာယ်က





အချစ်နှင့်ပတ်သက်လျှင် အလွန်စိတ်ကူးယဉ်တတ်သူ။

သူ့စွဲလမ်းမိရင် ဒါဆိုဒါပဲဖြစ်နေတတ်တာ သဲသဲ သိနေ သည်။

ဆယ်တန်းကတည်းက လက်တွဲလာခဲ့သော သူငယ်ချင်း တွေမို့ တစ်ယောက်ကိုတစ်ယောက် တိုင်ပင်ရင်ဖွင့်လေ့ရှိသည်။

အိန္ဒြာယ်က ဖုန်းပြောရင်း ဆိုင်အတွင်းဖက် လှမ်းကြည့် သေးသည်။

မဟေမာန် ပြန်ထွက်လာပြီး သူမကိုပင် လှမ်းကြည့်နေတာ တွေ့ရသည်။

"အိန္ဒြာယ် သူ့အကြောင်းသိရရင် ဖုန်းပြန်ဆက်ဦးပေါ့"

"အင်း…အင်း ဒါပဲနော်၊ ဒါပဲ"

အိန္ဒြာယ်က ခေါက်ဖုန်းလေးကို အသာခေါက်ပိတ်၍ ဖက်ရှင်အပ်ချုပ်ဆိုင်လေးထဲ ပြန်ဝင်လာပါသည်။ ဒီတော့မှပဲ သူမ သည် စက်ခုံလေးမှာ ငြိမ်ငြိမ်ထိုင်နေတဲ့ မိန်းကလေးကို ဂရုပြုမိ တော့၏။

ကျစ်ဆံမြီးလေးနှစ်ဖက် ခွဲကျစ်ကာ တည်ငြိမ်ရိုးရှင်းသော

ဟန်ပန်လေးရှိပေမဲ့ မျက်ဝန်းကလေး နှုတ်ခမ်းလေးတွေက အတော်လှပပြီး ညှို့ငင်ဆွဲဆောင်နိုင်သည်။

ဂါဝန်ရှည်ရှည် မီးခိုးနက်ကလေးနှင့် ရှင်းလင်းဝင်းပနေသော ကိုယ်ဟန်လေးမှာ ကျော့ရှင်းပြီး စမတ်ဖြစ်တာကို သေချာကြည့်ရင်းက အခုန မဟေမာန်က ယောက်မလောင်းလျာဟု မိတ်ဆက်ပေးလိုက်တာကိုပဲ တစ်ဆက်တည်း စဉ်းစားမိလိုက်သည်။

မဟေမာန်ရဲ့ ယောက်မလောင်း။

ဒါဆို ဓါတ်ပုံထဲက ကိုအင်္ဂျီစိမ်းဟာ မဟေမာန်ရဲ့မောင်များ ဖြစ်နေမလား။

သူမ ရင်ခုန်မြန်သွားရ၏။

သိချင်တာကို ထပ်မဆိုင်းတော့ဘဲ…

"မမ…ဟိုဓါတ်ပုံကဟာ မော်ဒယ်ဘွိုင်းလားဟင်၊ မြင်ဖူးသလိုလိုပဲ"ဟု တွန်းမေးလိုက်တော့သည်။

မဟေမာန်မျက်နှာက ပြုံးချိုသွားပြီး…

"မဟုတ်ပါဘူး အိန်ဂျယ်ရယ်၊ အဲဒါ မမရဲ့ တစ်ဦးတည်းသောမောင်လေးပါ၊ နာမည်က အလင်းရံတဲ့၊ ကုန်သည်ဆိုပါတော့"





"ဩော်…အိန်ဂျယ်က သူချောလွန်းလို့ မော်ဒယ်များလားလို့ ထင်မိတာ"

"ကြားရဲ့လား အင်ကြင်းရေ၊ လင်းလင်းကိုတွေ့တဲ့သူတိုင်း ချီးမွမ်းရတာနော်"

အင်ကြင်းဆိုသော အခေါ်အဝေါ်ကြောင့် အိန်ဂျယ်မျက်မှောင်လေး ကုပ်သွားရသည်။

ထိုအမည်ဟာ သူမနားထဲ တရင်းတနှီး ကြားခဲ့ဖူးတဲ့နာမည်ပါ။

"အင်ကြင်းက အိန်ဂျယ့်ဒီဇိုင်နာဖြစ်ပြီပေါ့နော်၊ သူက ကိုအလင်းရံကို သဘောမကျလို့လားဟင်"

တခဏချင်းမှာ ဤမျှစပ်စပ်စုစု မေးမြန်းတတ်ကာ သူများအကြောင်းတွေ စိတ်ဝင်စားသော မော်ဒယ်ကောင်မလေးကို အင်ကြင်း မနှစ်သက်သလိုဖြစ်သွားမိသည်။

ကြည့်ပုံက မခို့တရို့နှင့်။ စကားပြောသံကလည်း မိန်းကလေးချင်းတွေကိုပင် အီစီကလီသံမပျောက်တပျောက် ဖြစ်နေသေးသည်။

တာမင်တကာ ချိုသာတိုးဖွပြီး ပဲများထားတဲ့ လေယူလေသိမ်းဟာ ယောကျ်ားလေးတို့အတွက် နားထဲယားကျိကျိဖြစ်ချင်စရာ ကောင်းချင်ကောင်းနိုင်ပေမဲ့ အင်ကြင်းအတွက်တော့ ခိုးလုခုလုနှင့် တစ်မျိုးကြီးပင်။

သူမို့ ဤအသံမျိုးနှင့် ပြစ်ချွဲချွဲပြောတတ်တာ အံ့ရောပါပဲ။

မယောမာန်လည်း အနည်းငယ်တော့ တစ်မျိုးလေးဖြစ်သွားသလိုပင်။

"စိတ်ကောက်နေကြတာလေ၊ ဟင်း ဟင်း"

ဟု အားနာပါးနာဖြေသည်။ ရယ်သံနှင့် လုံးချလိုက်သည်။

နောက်ထပ်စကားအဆက်မခံဘဲ ချပ်နေတဲ့အင်္ကျီဒီဇိုင်းနှင့်ပတ်သက်၍ စကားလမ်းကြောင်းပြောင်းလိုက်သည်။

အိန္ဒိယကလည်း ပါးနပ်သူမို့ ရိပ်မိသည်။ သို့သော် မသိယောင်ဆောင်ပြီး အလိုက်အထိုက်နေသည်။

အလင်းရဲ့အကြောင်းကို ထပ်မမေးတော့။

အစ်မဖြစ်သူနှင့် ညည်းစားဖြစ်သူတို့ထံ သွားမေးနေလို့လည်း အပိုပဲပေါ့။

ဝိုး:မိုး:ဝ၁ေပ



အစ်မက တွန့်တိုမယ်လေ။ ညည်းစားက သဝန်တိုမယ်။

ဒီပြဿနာလမ်းကြောင်းပေါ် တက်သွားလို့မဖြစ်။

သို့သော် ဘာပဲဖြစ်ဖြစ် အင်္ကျီစိမ်းနှင့် ဓာတ်လမ်းက အိန္ဒိယစချင်ရင်တော့ စလို့ရပြီပြောရမှာပေါ့။

အင်ကြင်းက ညည်းစားဆိုပေမဲ့ အင်္ကျီစိမ်းလေးရဲ့ မိန်းမမဟုတ်ဘူးလေ။

သူမဖက်မှာ အခွင့်အရေးရှိသေးသည်။

* * *

ဝိုး:မိုး:ဝ၁ေပ

အလင်းရုံသည် အိပ်ရာဝင်ခါနီးတွင် ဖုန်းထဲက မက်ဆေ့ချ်စာတမ်းလေးကို ပြန်ဖွင့်ဖတ်နေမိသည်။

စာလုံးလေးက ရှင်းရှင်းလေး။

I Love You

A တဲ့။

A ဆိုတာ ဘယ်သူလဲ။

တစ်စုံတစ်ယောက် နာမည်အတိုကောက်ပေါ့။

သူ့ကို တစ်ယောက်ယောက်များ နောက်တာလား။

အလင်းရုံ မျက်မှောင်ကုပ်၍ စဉ်းစားကြည့်နေမိသည်။

ရှင့်ကိုချစ်တယ်တဲ့။

ထိထိမိမိနဲ့ အင်မတန်သက်ရောက်မှုရှိတဲ့ စကားလုံးလေးပါ။





ပင်ပန်းကာ စိတ်ပျက်စပြုနေသော သူ့နှလုံးသားကို တည့်တည့်ပစ်ခွင်းနိုင်တဲ့ စကားလေး။ ဒါဟာ တိုက်ဆိုင်မှုလည်း ဖြစ်နိုင်သည်။

သူလိုနေတာက အင်ကြင်းဆီက ချစ်တယ်ဆိုတဲ့အဖြေလေးပါ။

ထိုအဖြေကလေးကိုရဖို့ ကြိုးစားခဲ့ရတဲ့ အချိန်တွေ စောင့်စားလာခဲ့ရတဲ့ မိနစ်၊ စက္ကန့်တွေဟာ မနည်းလှပါဘူး။

မျှော်လင့်ခဲ့ရတာလည်း တော်တော်လျော့ပဲ။

သူကလေး ဆယ်တန်းကျောင်းသူလေး ဘဝကတည်းက အလင်းရုံဖက်က တစ်ဖက်သတ်ချစ်မြတ်နိုးခဲ့ရတာ။

ချစ်တယ်ဆိုတဲ့နေရာမှာလည်း ဖိုးကာလိုဆိုရရင် နဖူးက ခြေဖျားထိအောင်သာမက သူ့မဦးခေါင်းပုံစံ အုန်းသီးလို လုံးလုံးလေးကိုလည်း ချစ်သည်။

ဆံနွယ်ပျော့ပျော့ ညိုညိုမှျင်မှျင်လေးတွေကိုလည်း ချစ်သည်။ ထိုဆံပင်လေးတွေကို ပုံစံကွက်ဖော်ကာ ကျစ်ဆံမြီး သေးသေးလေးတွေ ကျစ်ထားတဲ့အခါမှာလည်း ကြည့်လို့မဝ။

တစ်ခါတစ်ရံ ပါးမို့မို့လေးပေါ် သနပ်ခါးပါးကွက်ကြား လေး လိမ်းထားတာတွေ့ရင်လည်း သူမကို ထိုင်ငေးကြည့်နေခဲ့မိသည်။

အင်ကြင်းမယ်ဆိုသော မိန်းကလေးက ဆန်းကြယ်သည်။ သူ့ဘဝမှာ သူ့ကို ဓောက်ထိုးဂွမ်းပုံဖြစ်အောင် စွမ်းဆောင်ဖမ်းစားနိုင်သော မိန်းကလေး။

သူ အရူးအမူးနှင့် ရင်ထဲလှိုက်ဖိုအောင် ချစ်မိတဲ့ တစ်ဦးတည်းသော မိန်းကလေးပါ။

အမှန်တကယ်ဆိုရလျှင် သူ့ရုပ်ရည်၊ သူ့ပညာ၊ သူ့အဆင့်အတန်း အခြေအနေတို့နှင့် သူ့အတွက် မိန်းကလေးမရှားပါ။ မဆွတ်ခင်က ညွတ်လိုသူတွေ အများကြီးပါ။

မမဟေမာန်ရဲ့ သင်တန်းက မိန်းကလေးတချို့ဆိုလျှင် သူ့ကိုမြင်ရင် ကွက်ကြည့်ကွက်ကြည့်နှင့်။ စိတ်ဝင်တစား ငေးကြသည်။ သူနှင့် ခင်မင်ရင်းနှီးခွင့်ရချင်ကြတာ အများကြီးပါ။

နေစမ်းပါဦး။

ဒီ A ဆိုတဲ့တစ်ယောက်က မမဟေမာန်ရဲ့ သင်တန်းက





များလား။

သင်တန်းသူအသစ်ဆိုရင် သူနှင့်အင်ကြင်းအကြောင်း မသိလို့များလား။

သူပြောင်ပြောင်ပြောနဲ့ သိနိုင်ပါတယ်။

သိရဲ့နဲ့ ရေ့ဆက်ကြည့်တဲ့သဘောလား။

အလင်းရဲ့ စဉ်းစားရခက်နေသည်။

ဘာပဲဖြစ်ဖြစ် သူ့ဖက်ကတော့ မဆက်သွယ်ချင်ပါ။

A ဆိုတာဘယ်သူလဲ။ သိစရာအကြောင်းလည်း မရှိပါဘူး။

သို့သော် I Love You ဆိုတဲ့ စာတမ်းလေးအတွက်တော့ ကျေးဇူးတင်ကြည်နူးရသည်။

အခုအချိန်မှာ သူသိပ်ဆာလောင်နေတဲ့၊ တပ်မက်နေတဲ့ စကားလေးတစ်ခွန်းမဟုတ်လား။

အေ A ဆိုတာ အင်ကြင်းလေးသာဖြစ်ခဲ့ရင် ဘယ်လောက်ကောင်းမလဲ။

သို့သော် သူသိသည်။

အင်ကြင်း ဘယ်လိုမှမဖြစ်နိုင်။

အင်ကြင်းရဲ့အဖြေဟာ သူ့အပေါ် ထာဝရမပြောင်းလဲ။

ဒီတစ်သက်မှာ Yes ဖြစ်ဖို့လမ်းမမြင်။

အလင်းရံ စိတ်မောမောနှင့် ပင့်သက်ရှိုက်မိပြန်၏။ ရှေ့ဆက်လို့ သူဘယ်လိုလုပ်ရမှာပါလိမ့်။

သီတင်းကျွတ်ရင် လူကြီးတွေ ဖိအားနှင့်ငြင်းဆန်နေတဲ့ ကောင်မလေးကို ဒီတစ်ခါ ဇွတ်ပဲသိမ်းပိုက်လိုက်ရတော့မလား။

စိတ်ရှည်ရှည်နဲ့ စောင့်စားခဲ့တာကြာပြီမို့ ဒီ့ထက်ပိုပြီး တစ်ရက်လေးတောင် စိတ်မရှည်ချင်တော့ပါ။

အချစ်မပါတဲ့အိမ်ထောင်ရေးဇာ။

သူမရဲ့ ခြိမ်းခြောက်စကားကိုလည်း နားထဲကမထွက်။

တစ်ခါတစ်ရံတော့ သူ့ကိုယ်သူပင် အလင်းရံ မချင့်မရဲ ဖြစ်မိသေးသည်။

ငါဘာလို့ ဒီလောက်ညံ့ရတာလဲ။

ငါဘာလို့ ဒီလောက်ထိ အလျှော့ပေးရတာလဲ။

ငါဘာလို့ ဝမ်းနည်းစိတ်ထိခိုက်မိတာလဲ။





နောက်ဆုံးမေးခွန်းက ငါဘာလို့ အင်ကြင်းကို ဒီလောက်ထိ ချစ်နေရတာလဲ ဆိုတာပင်။

မေးခွန်းတွေနှင့် မွန်းကြပ်လာပါသည်။

ထိုအချိန်မှာပဲ မက်ဆေ့ချ်ပို့လိုက်တဲ့ အသံလေးတစ်မျိုးက သူ့လက်ကိုင်ဖုန်းမှာ မြည်လာပါသည်။

အိပ်ရာပေါ်လှဲရင်း ရင်ထဲ ဒုတ်ခနဲ တစ်ချက်မြည်သွားရသည်။

ဒါဟာ A ပဲလား။

A ပဲ မက်ဆေ့ချ်ပို့ပြန်ပလား။

"ရှင် ဘယ်သူ့ကိုပဲချစ်နေနေ ကျွန်မဂရုမစိုက်ဘူး သိလား"

A

ပေါ်လာသောစာတမ်းလေးကို တွေ့လျှင် သူ တခဏ ငြိမ်သွားရသည်။

သူ့မှာ အင်ကြင်းရှိတယ်ဆိုတာလည်း သိထားပြီးသား မိန်းကလေးတစ်ယောက်ပေါ့။

သတ္တိရှိတယ်ခေါ်မလား၊ ရဲတင်းတယ်ပြောရမလား။

အလင်းရံက ခေါင်းတစ်ချက် မသိမသာရမ်းမိသည်။

ဒီလောက်မလွယ်ဘူး ကလေးမ။

ကိုယ်ဟာ အင်ကြင်းဆိုတဲ့ ကောင်မလေးကို ပေါ့ပေါ့တန်တန် ချစ်နေတာမျိုး မဟုတ်ဘူး။

ကိုယ့်ဘဝရဲ့ အရာရာလို့သဘောထားပြီး စုံမက်မြတ်နိုးနေတာ။

ဘာမှဖြစ်မလာသေးဘဲလည်း အခုကို ကျေနပ်နေတာ ကြည့်ပါလား။

စစ်မှန်တဲ့မေတ္တာတစ်မျိုးနဲ့ နှစ်နှစ်ကာကာ သက်ဝင်နေတာမို့ မင်းထင်သလို မဖြစ်နိုင်ပါဘူး။

A ဆိုတဲ့ မိန်းကလေး။

မင်းလက်လျှော့လိုက်တော့ ဒါပဲ။

စိတ်ထဲကစကားလုံးများကို တိတ်တဆိတ် ရေရွတ်လျက် အလင်းရံက ဖုန်းကိုပိတ်လိုက်လေသည်။





ဘက်ထရီလေးကို အားသွင်းထားပြီးနောက် သူ့မျက်စိစုံမှိတ်ကာ ငြိမ်သက်နေလိုက်တော့သည်။

✦ ✦ ✦

အလင်းရုံက ခပ်ခွာခွာနောက်ချန်ရစ်ကာ နေးတုန့်တုန့် လှုပ်နေတဲ့ အင်ကြင်းမယ်ရဲ့ လက်ဖဝါးလေးကို လှမ်းဆုပ်ကိုင်လိုက်၏။

ထုံးစံအတိုင်းပဲ အင်ကြင်းက လက်ကိုပြန်ဖြုတ်သည်။

အလင်းရုံက လွှတ်မပေးဘဲ တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားလိုက်တာမို့ လက်ဖဝါးနုနုထွေးထွေးလေးက အလင်းရုံလက်ထဲက ရုန်းမရပေ။

ခုရက်ထဲ သူ့ကိုစိတ်ကောက်နေတာမို့ လက်ကလေးလာဆွဲလည်း အင်ကြင်းက မကျေနပ်သလို ဖြစ်နေသည်။

ဒီလူနဲ့ တစ်သက်လုံး ပေါင်းသွားရမယ်ဆိုတာ တကယ်တော့ အင်မတန် ဆုံးဖြတ်ဖို့မလွယ်တဲ့ကိစ္စပါပဲ။

တွေဝေခြင်း၊ မပြတ်သားခြင်းများနှင့်ပဲ သူနဲ့ဘေးမှာ အတူ





ပါလာဖြစ်သည်။

ဒီလိုတွေဝေခြင်းများကလည်း အကြိမ်ပေါင်းမနည်းပါဘူး။

အလင်းရုံက အင်ကြင်းကို နံနက်စောစော ဘရိတ်ဖတ်စားဖို့ လာခေါ်ကာ အိုရီယမ်တယ်လ်ဟောက်စ်မှာ ဒင်ဆမ်းသွားစားကြသည်။

မှန်တာဝန်ခံရလျှင် အင်ကြင်းစိတ်ထဲမှာ ဂုဏ်ကိုသာ ထပ်တလဲလဲ သတိရနေမိသည်။

ကိုလင်းနေရာမှာ ဂုဏ်သာအတူပါလာရင် ဘယ်လောက်ပျော်နေမိမလဲဆိုတာ နှိုင်းယှဉ်စဉ်းစားကြည့်သောအခါ နှလုံးသားရဲ့ အလိုဆန္ဒကို ကွက်ကွက်ကွင်းကွင်း ခံစားလာရသည်။

ဂုဏ်နဲ့ ပြန်တွေ့ခွင့်ရပေမဲ့ လွတ်လွတ်လပ်လပ် ပျော်ခွင့်မရတာ သူ့ကြောင့်ပါလားဆိုပြီး သူ့ကို အလိုလိုနေရင်း အပြစ်မြင်နေမိ၏။

အတူတူရှိနေပေမဲ့လည်း နွေးထွေးနှစ်လိုမှုတွေ မရှိတော့ အလကားပါပဲ။

ဒါကို ရှင်ဘာကြောင့် မသိချင်ယောင်ဆောင်ရတာလဲ။

သူတို့နှစ်ဦးရဲ့ နံနက်ခင်းစာစားသော အချိန်လေးဟာ ဖျင်းရိခြောက်သွေ့ဖွယ်ကောင်းအောင် တိတ်ဆိတ်နေခဲ့ရသည်။

အဲဒီကပြန်အထွက်မှာ သူက…

"ဘယ်သွားချင်သေးလဲ အင်ကြင်း၊ ကိုကို ဒီနေ့မနက်ပိုင်း အချိန်ရတယ်ကွ"

"ဟင့်အင်း…မသွားချင်ဘူး၊ အင်ကြင်း အင်္ကျီချုပ်ရဦးမှာ"

"ဟာကွာ"

"တကယ်ပြောတာ၊ မော်ဒယ်တစ်ယောက်နဲ့ ချိန်းထားတယ်"

"မင်းဟာလေ ကိုကို့ထက် အားလုံးကို ပိုဂရုစိုက်တယ်"

"ဒါက မတူဘူးလေ၊ အလုပ်ကိစ္စရှင့်"

"ဒါဖြင့် အိမ်ကိုပဲမောင်းရမှာပေါ့"

အင်ကြင်း ခေါင်းညိတ်လျှင် သူက ဟောမာန်ဖက်ရှင်ဆိုင်ဖွင့်ထားတဲ့ အိမ်ကလေးဖက်သာ နှုတ်ဆိတ်လျက် ဦးတည်မောင်းလာခဲ့သည်။





ဆိုင်ထဲလှမ်းအဝင်မှာ စိမ့်ခနဲအေးမြနေပါသည်။

အချိန်စောသေးတာကြောင့် သင်တန်းသူတွေ မရောက်သေး။ တီးလုံးချည်းသက်သက် ခပ်တိုးတိုးလေးဖွင့်ထားသော ငြိမ့်ငြိမ့်ညောင်းညောင်း သံစဉ်လေးကသာ တစ်ဆိုင်လုံးကို လွှမ်းခြုံထား၏။

မဟောမာန်က ဗေစင်မှာ နှင်းဆီပန်း၊ ဂန္ဓမာပန်းတို့ ရေဆေးကာ ပန်းအိုးလက်လက်ပြောင်ပြောင်လေးတွေထဲ ထိုးစိုက်ပြုပြင်ရင်းက လှမ်းကြည့်သည်။

"လင်းလင်းတို့ အစောကြီးပြန်လာတယ် ဟုတ်လား"

"ဒီမှာလေ အင်ကြင်းက မော်ဒယ်တစ်ယောက်နဲ့ ချိန်းထားလို့တဲ့ဗျာ၊ ကျွန်တော်အားရင် သူကမအားဘူးလေ"

အလင်းရဲ့က အလိုမကျသံနှင့် ပြစ်တင်ရေရွတ်သည်။

"ဟုတ်သားပဲ၊ အိန်ဂျယ်တောင် ဖုန်းဆက်ထားသေးတာပဲ"

"မမကလည်း သူ့ကိုပဲ စွတ်တန်းနေတယ်၊ သူမှဝါသနာမပါတဲ့ဟာဗျာ"

"ဟဲ့…အခု အင်ကြင်းလေးက ဝါသနာပါလာပါပြီ၊ နှီးခွဲမှာ သူ့လက်ရာလည်း ထည့်မှဖြစ်မှာပေါ့၊ ဒါမှ ဒီဇိုင်းနာ အင်ကြင်းမယ်ဆိုပြီး နာမည်ကြီးလာမှာ၊ ဒီရက်ပိုင်းမှာတော့ ပြဿနာ သိပ်မရှာပါနဲ့ မောင်လေးရာ"

ဒီလိုပါပဲ။

စကားနိုင်လု အခြေအတင်ဖြစ်တိုင်းမှာ မမဟောမာန်က သူ့ဖက်ကမပါ။ သူ့ယောက်မ လောင်းလျာလေးဖက်ကသာ ကာကွယ်ရပ်တည်တတ်ပါသည်။

မမက အင်ကြင်းကို ချစ်ခင်တွယ်တာသည်။ အင်ကြင်းက သာ မတုန်မလှုပ် သွေးအေးလှတာ။

အလင်းရုံက ဆက်တီမှာဝင်ထိုင်ကာ ဂျာနယ်တစ်စောင် ကောက်ယူလှန်လှောလိုက်စဉ်မှာပဲ ဝီရိယပိုပိုနှင့် အိမ်ကအစောကြီး ထွက်လာသော အိန်ဂျယ်က ဖက်ရှင်ဆိုင်လေးရှေ့ ရောက်လာပါပြီ။

ရှူပါဆလွန်းအဖြူလေးထဲကနေ ကားတံခါးဖွင့်ဆင်းလိုက် ဟန်လေးကပင် ရှိုးကျကျ ဟန်ပန်အပြည့်နှင့်ပါ။

ဒီတစ်ခါတော့ ဘောင်းဘီတိုဖြူလွလွနှင့် စွပ်ကျယ်ပုံစံ





အင်္ကျီနက်ရောင် စိုစိုလေးနှင့် ထင်းခနဲနေအောင် ဝင်းပနေပါသည်။ ဆံပင်ရေစိုကောက်တွေကို နောက်စေ့မှာ တမာသီးလောက်ဆံထုံး လေးထုံးပြီး ကျန်တာတွေကို အကောက်လေးအတိုင်း ဖရိုဖရဲချထား သည်။

အသားကပ်ခြေအိတ်အပြည့်နှင့် ခြေတံများက ပြေပြစ် အချိုးကျလှ၏။

မော်ဒယ်ပီပီ ဒီဇိုင်းလေးက လန်းသည်။

အကြည့်မလွှဲနိုင်အောင် ဖမ်းစားထားသည်။

"အိန်ဂျယ်တောင်လာပြီဟဲ့"

မဟောမာန်ရဲ့ ရေရွတ်သံအဆုံးမှာ ထူးထူးဆန်းဆန်းပင် အလင်းရုံက လက်ထဲကဂျာနယ်ကို ဖြန့်လျက်သားနှင့် မှန်ချပ်ထဲက နေ အပြင်ကိုလှမ်းကြည့်သည်။

သူ တကူးတက လှမ်းကြည့်လိုက်တာကို အင်ကြင်းက လည်း အမှတ်မထင် သတိထားလိုက်မိတာ။

သူ့အစ်မကတော့ တခြားမိန်းကလေးတွေကို မငမ်းပါဘူး။

အင်ကြင်းမှ အင်ကြင်းပါပဲဟု အမှတ်ပေးချီးမွမ်းထားတာ

လေ။

အခု ဘယ်ဟုတ်မလဲ။

ငေးသွားတာပဲ ကြည့်လေ။

သို့ပေမဲ့ အပြစ်မဆိုသာ။

အိန္ဒိုဂျယ်ရဲ့ပုံစံလေးကလည်း မိန်းကလေးချင်းတောင် ငေးမိချင်စရာပဲလေ။

သူ့ တံခြားမိန်းကလေးတစ်ယောက်ကို သတိလက်လွတ် စူးစူးစိုက်စိုက် ငေးမောနေတဲ့အတွက် အင်ကြင်း ဘယ်လိုမှမနေပါ။

သဝန်တိုဖို့လည်း အဝေးကြီးပါ။

သို့သော် သူ့မျက်လုံးနှင့် သူ့အကြည့်ငေးကြောင့် နည်းနည်းတော့ မျက်နှာပူမိသည်။

အံ့မယ်··ကြည့်စမ်း။

အလင်းရုံတင်မဟုတ်ဘူး။ ဟိုမိန်းမကလည်း ကိုလင်းကို ကြည့်တာ ပြင်းပြင်းပြပြနှင့် စူးစူးရှရှပဲ။

မှန်ဆလိုက်တံခါးကို တွန်းဖွင့်ဝင်လာတယ်ဆိုတာနှင့် အကြည့်က အလင်းရုံဖက် တန်းခနဲရောက်သွားလိုက်တာ တစိုက်





မတ်မတ်။

ပြန်တောင်လွှဲမသွား။

မဟောမာန်နှင့် အင်ကြင်းတို့ကို သူက တယ်ပြီးရှိတယ်မထင်။

"အိန္ဒိုဂျယ်လေးက ဝီရိယကောင်းပါလားဟေ့"

မမဟောမာန် နှုတ်ဆက်မှသာ ညို့ပြုံးလေးနှင့်···

"ရှုတင်ရှိလို့မမရဲ့"

"ဟုတ်လား···ဗီဒီယိုတွေရိုက်နေရပြီလား"

"ဗီစီဒီပါ မမရယ်၊ အိန္ဒိုဂျယ် မင်းသမီးမဖြစ်သေးပါဘူးနော်"

"နောက်တော့ ဖြစ်လာမှာပေါ့၊ အိန္ဒိုဂျယ်က ဒီလောက်လှတဲ့ဥစ္စာ"

"ဖြစ်လာလည်း မဟောမာန်က လက်ဖွဲ့တော်ပဲပေါ့"

စကားပြောရင်းကလည်း ကိုလင်းဆီ ပြန်ခိုးကြည့်နေသည်။

ကိုလင်းကလည်း အရင်ကဆို မိန်းကလေးညှို့သည်လာပြီဆိုတာနှင့် အတွင်းဖက် ရှောင်ထွက်သွားတတ်ပေမဲ့ ဒီတစ်ခါ

တော့ ရှောင်မသွားသေးဘဲ ဂျာနယ်ဖတ်သလိုလိုနှင့် ထိုင်ပြီး အကဲခတ်နေပါသည်။

အလင်းရံရဲ့ တမူထူးခြားမှုကို အင်ကြင်း ရိပ်မိ၏။

"လက်စွဲတော်က ကျူပ်မဟုတ်ဘူးဟော့၊ ကျူပ်ယောက်မလေး"

မဟေမာန်စကားက အကြည့်ဖလှယ်နေတဲ့ နှစ်ယောက်စလုံးကို သတိပေးသကဲ့သို့ ဖြစ်သွားသဖြင့် အင်ကြင်းပင် နေရခက်သွားသည်။

"မမဟေမာန်တို့ကတော့ မတော်ရသေးဘူး ပွဲထုတ်နေပြီတွေ့လား"

အိန်ဂျယ်က ခေသူမဟုတ်။ အပြုံးညို့ညို့လေးနှင့် အလင်းရံဖက်သို့ပင် တရင်းတနှီး မျက်စပစ်ပြလိုက်သေးသည်။

အလင်းရံက နှုတ်ခမ်းစေ့ပြုံးပြလိုက်ကာ ဒီနေရာမှ သူထွက်သွားသင့်ပြီဖြစ်ကြောင်း သူ့ဘာသာ သတိပြုလိုက်မိပါသည်။

အပေါ်ထပ်လှေကားရှိရာသွားဖို့ ခြေလှမ်းပြင်လျှင်…

"ဟိတ်…အင်ကြင်း ယူ့ဘဲဘဲနဲ့ မိတ်ဆက်ပေးဦးလေ"





"ဟင်"

အိန်ဂျယ့်အပြောကြောင့် အင်ကြင်း မျက်နှာလေးပင် အမ်းသွားရသည်။

"တို့နဲ့မိတ်ဆက်မပေးဘူးလား၊ ခင်လို့မင်လို့တောင် မရဘူးလား"

"မဟုတ်ပါဘူး ရပါတယ်၊ ကိုလင်း သူက အိန်ဂျယ်တဲ့"

အိန်ဂျယ်သည် အလင်းရံထံ သူမရဲ့လက်ကလေးတစ်ဖက်ကို မနို့တရို့လေး ရှက်စနိုးဟန်နှင့် လှမ်းပေးလိုက်ပါသည်။

မိန်းကလေးတစ်ဦးက စတင်လက်ကမ်းလာတာမို့ အလင်းရံကလည်း သူမလက်ကလေးကို ဖွဖွဆုပ်ညှစ်၍ လက်ဆွဲနှုတ်ဆက်လိုက်ပါသည်။

အိန်ဂျယ့်ရင်ထဲမှာတော့ ခါထလိုက်သလိုပဲ တုန်ခါလှိုင်းထသွားရသည်။

ကိုယ်ဖျောက်တတ်သော အတတ်ပညာသာရှိလျှင် မဟေမာန်ကိုရော အင်ကြင်းကိုရော ဒီနားက ခဏဖျောက်ထားလိုက်ချင်သည်။

"ကိုယ်နဲ့ သိရခင်ရတာ ဂုဏ်ယူပါတယ်"

"အိန္ဒြိယက လင်းလင်းကို မော်ဒယ်ဘွိုင်းတောင် ထင်နေတာဟေ့"

မဟေမာန်က ပေါ့ပေါ့ပါးပါး ဝင်နောက်ဝင်ရယ်ပေမဲ့ အလင်းရုံရဲ့ အပြုံးကတော့ ထိန်းချုပ်ထားတဲ့ပုံစံ။

ဘာမှသက်သေမရှိသေးပေမဲ့ အိန္ဒြိယဟာ A ဆိုတဲ့ မိန်းကလေးပဲ ဖြစ်နိုင်တယ်ဆိုတာ အလင်းရုံစိတ်ထဲ သိလိုက်ပါပြီ။

ညှို့ငင်သော ဆွဲဆောင်မှုတွေနှင့် မျက်နှာသစ်မော်ဒယ်လ် မလေးတစ်ယောက်က သူ့ကို စိတ်ဝင်စားတယ်ဆိုတော့ ယောကျ်ား လေးပီပီ ရယ်ချင်သဘောကျမိတာလည်း အမှန်ပါ။

"ကဲ အင်ကြင်းရေ အင်္ဂျီတိုင်းစရာရှိတာ မြန်မြန်တိုင်း ပေးလိုက်ပါဦး၊ တို့မော်ဒယ်က ရှုတင်ပြေးရဦးမှာတဲ့"

အပျိုကြီးက နည်းနည်းမျက်စိနောက်လာဟန်ရှိ၏။

စကားကို ဝင်ဖြတ်ပေးလိုက်သည်။

အလင်းရုံက ခေါင်းဆတ်ကာ ဘာမှစကားထပ်မရှည် တော့ဘဲ အပေါ်သို့တက်သွားသည်။





အိန္ဒြိယ့်မျက်လုံး ရွှန်းလဲ့လဲ့လေးက အလင်းရုံတက်သွား ရာ လှေကားတောက်လျှောက် လိုက်ပါသွားသေးသည်။

အင်ကြင်းနှင့် မဟေမာန်တို့ ဖျတ်ခနဲ အကြည့်တစ်ချက် ဆုံမိကြသည်။

မဟေမာန်သည် စိတ်ထဲနစ်မျိုးနစ်ခွ ဖြစ်နေသည်။

အိန္ဒြိယရဲ့ ရဲတင်းတဲ့မျက်လုံးနှင့် ညှို့ပြုံးနေတဲ့မျက်နှာ ထားကို မကြိုက်ပေမဲ့ အင်ကြင်းရှေ့မှာ ငါ့မောင်ကို စိတ်ဝင်စား တယ် မြင်လားဟုလည်း ပြချင်သေးသည်။ တစ်ဝက်ကလည်း ကျေနပ်မိသေးသည်။

အလင်းရုံကို တစ်နစ်ပြီးတစ်နစ် အချိန်ဆွဲငြင်းဆန်နေတဲ့ ယောက်မလောင်းလျာလေးကို အားမလိုအားမရနှင့် ကြည့်မရဖြစ်နေ တဲ့ အခံစိတ်ကလေးကလည်း ရှိနေတာကိုး။

အမြဲတမ်း ကျရှုံးနေတဲ့ မောင်ဖြစ်သူကိုလည်း သနားမိ သေးတယ်လေ။

အင်ကြင်းသည် မမဟေမာန်ရဲ့ အတွင်းသဘောကို နားလည်လိုက်ပါသည်။

သို့သော် ဘာမှမဖြစ်သလိုပင် ပေကြိုးလေးအသင့်ပြင်ကာ အိန်ဂျယ်ရဲ့ကိုယ်အတိုင်းကို ယူဖို့ပြင်သည်။

အိန်ဂျယ်က ရင်လေးကော့၊ ပခုံးကလေးမြင့်ကာ ကျော့ကျော့မော့မော့လေး မတ်တပ်ရပ်ပေးသည်။

အချိုးအဆက်ကတော့ ကျနသည်။

ချပ်ရပ်သောဘော်ဒီလေးက စင်းလုံးချော လှပနေတာပင်။

"တက်လာမှာစိုးလို့ ညစာမစားတာတောင်ကြာပြီ၊ သိလား"

"မတက်ပါဘူး၊ အနေတော်ပဲ"

"စပျစ်သီးရောင်လေးက အိန်ဂျယ့်အတွက်လား"

"သုံးစုံချုပ်မှာလေ၊ စပျစ်လေးရယ်၊ ပန်းသီးအစိမ်းရောင်လေးရယ်၊ အနီရဲရဲလေးရယ်"

"အနီရဲက ဖြစ်ပါ့မလား၊ ကြည့်တဲ့သူတွေ မျက်စိစူးနေပါဦးမယ်"

"စူးချင်စူးပစေပေါ့၊ အားလုံးထဲမှာ အိန်ဂျယ်ထင်းခနဲ လှနေဖို့ပဲ အရေးကြီးတာ"





အင်ကြင်းစကားကြောင့် သူမက ကိုယ်လေးလှုပ်ပြီး ရယ်လိုက်သည်။

ရယ်သံလေးကလည်း ချစ်စရာကောင်းပါသည်။

ကိုအလင်းကို စိတ်ဝင်စားဟန်ပြတဲ့အတွက် သူမကို အင်ကြင်း မုန်းရမလား။

မုန်းပါဘူးလေ။

အလင်းရဲ့ကို အင်ကြင်းမှ မချစ်တာပဲ။

ဒါပေမဲ့ ဂုဏ်မင်းကိုတော့ လာမထိနဲ့ အဲဒါတော့မရ။

အင်ကြင်း အသည်းတွေ ဆတ်ဆတ်ခါသွားရလိမ့်မည်။

အတွေးနှင့် အင်ကြင်း နှုတ်ခမ်းလေးက ပြုံးယောင်သန်းမိသည်။

"ဟိတ်…ဘာလို့ပြုံးတာလဲ"

"ရှင်ကလှလို့ပေါ့ အိန်ဂျယ်ရယ်"

"သင့်ခ်ယူပါနော်၊ ဒါပေမဲ့ အင်ကြင်းပြုံးတာ တခြားဟာပါနော် သိပါတယ်"

အိန်ဂျယ်က သူမမျက်နှာကို စေ့စေ့ကြည့်သည်။

အလင်းရဲ့ ဂရုစိုက်မှုတွေ၊ အချစ်တွေကို ရထားတာ မနောလို။

ဒါပေမဲ့လည်း အချိန်တွေရှိပါသေးတယ်။

အချိန်က အဖြေတစ်ခုကို ဆုံးဖြတ်ပေးဦးမှာပါ။

"ဘာသိတာလဲ၊ ရှင်ဝတ်မယ့်ဒရက်စ်လေးကို အကောင်းဆုံးစွင်ပြီးချုပ်ပေးဖို့ပဲ တွေးတာပါနော်"

"ကြိုးစားပေးမယ်ဆိုရင် ကျေးဇူးပါပဲ အင်ကြင်းရယ်၊ နောက်ပိုင်းလည်း တို့ရဲ့ဒီဇိုင်းနာ လုပ်ပေးပါလား"

"ဆုံးဖြတ်ပြီးမှပြော"

"အင်ကြင်းကို ယုံတယ်၊ ကြည့်လိုက်တာနဲ့ အရည်အချင်းကို အလိုလိုသိတယ်"

"အဟင်း…ဘဝင်တောင်မြင့်ချင်လာပြီ"

စကားပြောရင်း ရယ်ရင်းဖြင့် သူမတို့နှစ်ယောက် ရင်းနှီးလာသလိုလိုရှိသည်။

အင်ကြင်းက စင်တီမီတာဖြင့် တိုင်းတာလိုက်၊ သူမရေးဆွဲထားတဲ့ အင်္ကျီပုံကြမ်းလေးနား၊ ငုံ့ရေးလိုက် လုပ်နေသည်။





အိန္ဒြာကတော့ မော်ဒယ်မလေးပီပီ သူ့ကိုယ်သူ မှန်ထဲ ကြည့်ကာကြည့်ကာ ကျေနပ်နေဟန်။

အင်္ကျီအတိုင်း ယူလို့ပြီးသွားလျှင် အိန္ဒြာက သူ့ကင်မရာဖြင့် အင်ကြင်းကို အမှတ်တရ ဓါတ်ပုံရိုက်သည်။

နှစ်ဦးသား ပခုံးဖက်ကာ ဓါတ်ပုံရိုက်ဖြစ်သွားကြသည်။

"အင်ကြင်း ချုပ်လို့ပြီးတာနဲ့ ဖုန်းဆက်လိုက်မယ်၊ အဆင်ပြေမပြေ လာဝတ်ကြည့်ဦးနော်၊ လိုတာလည်းဖြည့်ရအောင်ပေါ့"

"အိုကေ…လာမယ် စိတ်ချ"

မမဟောမာန်က အင်ကြင်းကို သူ့ဟာသူ ဝင်ဆန့်နေရာရလာအောင် ကတ်စတာမာတွေလာလျှင် ဝင်မပြောဘဲ လွှတ်ပေးထားသည်။

"ရှင်သာမြန်မြန်ချုပ်၊ ရှင်နေတော့ ဘယ်မှာနေတာလဲ၊ ဒီမှာပဲလား"

"မဟုတ်ဘူး၊ အိမ်ပြန်တာပေါ့"

"အိမ်လိပ်စာလည်းပေးလေ"

"အင်ကြင်းက လှိုင်မှာနေတာ၊ ဒါပေမဲ့ ဒီဆိုင်မှာပဲရှိမှာ

ပါ"

"မရပါဘူး၊ မခေါ်ရင် ပိုလာချင်တယ်၊ အိမ်ကိုလာမှာပဲ"

"ခေါ်ပါတယ်၊ အိန္ဒြာယ် တကူးတကလာရမှာ အားနာလို့ပါ"

"အားမနာနဲ့၊ အခုသူငယ်ချင်းတွေ ဖြစ်ပြီပဲဟာ၊ ရှင့်ဘဲဘဲထက် ပိုချစ်ရမှာနော်"

အိန္ဒြာယ်က သူမပါးလေးကို ချစ်စနိုးဟန်ဖြင့် ဖွဖွဆွဲလိမ်ရင်း အရေးဆိုလေသည်။

သွက်လက်ဖော်ရွေတဲ့ ဟန်ပန်လေးဟာ ဘယ်သူနဲ့မဆိုအလွယ်တကူရင်းနှီးကျွမ်းဝင်မည့်ဟန် ရှိသည်။

အင်ကြင်းက ခေါင်းလေးအသာညိတ်ရင်း…

"ပိုချစ်ရအောင် ဘဲဘဲမှမရှိတဲ့ဥစ္စာ၊ အဲဒါခက်တာပေါ့"

ဟု ရေရွတ်မိလျှင် အိန္ဒြာယ်က မျက်လုံးလေးပြူးဝိုင်းလျက်

"ဟောတော့…ဒါဖြင့် ကိုအလင်းရဲက ဘာတုံး"ဟု မဟောမာန်မကြားရအောင် တီးတိုးပြန်မေးသည်။





"ကိုလင်းက အမေသဘောတူတဲ့သူပါ"

"အို…ဒီလိုလား"

အိန္ဒြာယ့်မျက်နှာ ဝင်းခနဲလက်သွားသည်။

အလင်းရဲ…

ရှင့်ကို ဘယ်သူနဲ့ပဲသဘောတူတူ တကယ်တမ်းရှင်လက်ထပ်ရမှာက ဒီမှာ။ ရှင့်ရဲ့ဖူးစာဖက်က အိန္ဒြာယ်ပါ။

ရင်ထဲမှာ နွေးထွေးမှုတွေ စီးဆင်းဖြာလျှက်သွားရသလိုကျေနပ်ခြင်းနှင့် မျှော်လင့်ခြင်းတွေကလည်း တဖျပ်ဖျပ်နှင့် တောင်ပံခတ်သွားသလိုပါ။

အင်ကြင်းဖက်က မကွယ်မဝှက် ပွင့်ပွင့်လင်းလင်း ပြောပြပေးတဲ့အတွက်လည်း ကျေးဇူးတင်ရမည်။

အင်ကြင်းမျက်နှာလေးကတော့ အေးချမ်းသောဟန်ပန်လေးနှင့်သာ။

အိန္ဒြာယ်သည် ထိုမျက်နှာထားလေးကို ငေးကြည့်ရင်း စိတ်ထဲမှာထင်လာတဲ့ ဂဏ်စုံတစ်ရာကို ဖွင့်ဟမေးလိုက်ချင်သည်။

သို့သော် အခုက သိပ်အချိန်မရ။

"ကဲ ဒါဆိုရင် တို့ပြန်ဦးမယ်နော်"

"အင်း"

"မမဟောမာန်ရေ ပြန်ပြီ၊ တာ့တာ"

အိတ်ကလေး လက်ထဲဟန်ပါပါချိတ်ကာ မျက်မှန်နက်လေးကောက်တပ်၍ အိန်ဂျယ်က ဖက်ရှင်ကလေးအတွင်းမှ ကြော့ကြော့မော့မော့လေး ပြန်လည်ထွက်ခွာသွားလေသည်။

◆ ◆ ◆

နိုး : မိုး : ၀ ၁ ၆ ပ

"အပါ်…သူကလေ ဂျာနယ်ဖတ်သလိုလိုနဲ့ ငါ့ကို ရှုတည်တည်ကြီးစိုက်ကြည့်တယ်ဟ သိလား၊ message တွေ ပို့ပို့နေတာ ငါပဲဆိုတာ ရိပ်မိနေတဲ့ပုံကြီးပဲ၊ ဟား ဟား"

အိန်ဂျယ်သည် အရုက်ပြေရယ်မောရင်း သဲသဲကို ဖောက်သည်ချနေမိ၏။

"အဲဒီသူ့ရည်းစားရဲ့ရှေ့မှာ ပေါ်တင်ပဲလား"

"အေးပေါ့…ရည်းစားတင်မကဘူး၊ မဟောမာန်လည်း ရှိတယ်"

"ယောက်ျားတွေများနော်"

သဲသဲက နှုတ်ခမ်းလေးတစ်ချက် မဲ့ရွဲ့ကာ ညည်းလိုက်ပါသည်။

"ဘာဖြစ်လဲဟယ်၊ ကြည့်ရုံလေးပဲဟာ"

နိုး : မိုး : ၀ ၁ ၆ ပ

"သစ္စာတော့မရှိဘူးပေါ့၊ သူတို့ Strongမဖြစ်ဘူးဆိုတဲ့ သဘော"

"သူသစ္စာမရှိရင် ပိုကောင်းတာပေါ့၊ အင်ကြင်းကလည်း ပြောပါတယ်၊ အမေသဘောတူတာတဲ့"

"အင်ကြင်းက မလှဘူးလား"

အိန္ဒြေက နှုတ်ကမဖြေ။

ဖုန်းထဲက ဓါတ်ပုံတွေကို ပြန်ဖွင့်ပြလိုက်သည်။

သဲသဲက ခေါင်းငုံ့ကာ အတူကြည့်ရင်း…

"ဟဲ့…သူလည်း ချစ်စရာလေးပဲဟာ"

"ငါ့လောက်တော့ မမိုက်ဘူးမို့လား"

"နင့်ကိုတော့ ဘယ်မှီမလဲ၊ နင်က နတ်သမီးလေးတမျှ ပဲဟာကို"

"အဟင်း…ဟင်း"

နှစ်ဦးသား ပခုံးချင်းတိုက်၍ ရယ်မောမိကြသည်။

လှလွန်းလို့လည်း နတ်သမီးလေးလို့ အမည်ပေးခဲ့တာ ပေါ့။





ကိုယ့်ရဲ့ရုပ်ရည်နှင့် အရည်အချင်းတွေအတွက်က အိန္ဒြေ စိတ်ချသည်။ ယုံလည်း ယုံသည်။

သို့သော် သူက ခုထိလည်း ဘာမှပြန်မဆက်သွယ်။

ထို့ကြောင့် အားလည်းငယ်မိသည်။

"အိန္ဒြေရယ် နင်တကယ်ဆုံးဖြတ်နိုင်မှလည်း ရှေ့တိုး ပါဟယ်၊ သူတို့နှစ်ယောက်ကြားထဲ အလကားသက်သက် ဗီလိန် ဖြစ်နေပါ့မယ်"

"ဟင့်အင်း…ဗီလိန်မဟုတ်ပါဘူး၊ အဓိကဇာတ်လိုက် ကောင်မလေးက အခုမှပေါ်လာမှာ"

"ဒါဖြင့် အင်ကြင်းကဘာလဲ"

"သူက ဒုတိယမင်းသမီးပေါ့"

"သိပ်လည်းလျှော့မတွက်နဲ့ဦး၊ သူတို့က ဖစ်စ်ဖြစ်နေတာ ကြာပြီဆို၊ နှစ်ဖက်စလုံးလည်း သိကြတယ်မို့လား"

"ဒါတွေက သိပ်အရေးမကြီးပါဘူး သဲသဲရယ်၊ မစိုးရိမ် စမ်းပါနဲ့၊ အရေးကြီးတာက ကိုအလင်းရဲ့ရဲ့သဘောထားပဲ"

သဲသဲက မပြောတော့ပါဘူးဆိုတဲ့ မျက်နှာပေးနှင့်

မျက်တောင်းတစ်ချက်ခဲသည်။

"သူတစ်ချက်စိုက်ကြည့်လိုက်တာ ခုထိရင်ခုန်နေတယ်"

"သိပ်မပိုပါနဲ့၊ ဟွန်း နားကြားပြင်းကပ်လာပြီ"

"တကယ်ပြောတာဟဲ့"

"နင်ဘာလုပ်မှာလဲ၊ မက်ဆေ့ချ်ပဲပို့မှာလား"

"သူနဲ့ဖုန်းပြောကြည့်မယ်"

"သူကပြောမှာလား"

အိန္ဒြာက သဲသဲကို မျက်လုံးလေးမှေးစင်းလျက် ခပ်ထေ့ထေ့လေး ကြည့်လိုက်ပါသည်။

ထိုမျက်လုံးရဲ့အဓိပ္ပာယ်မှာ "ယောက်ျားတွေအကြောင်းကို နင်မသိသေးပါဘူး"ဆိုတဲ့ အဓိပ္ပာယ်ပင်။

သဲသဲက ခေါင်းတဆတ်ဆတ်ညိတ်ရင်း…

"အေးလေ…ငါကတော့ ပွဲကြည့်ပရိသတ်ပေါ့ဟယ်၊ နင် ဘာမှပြဿနာမတက်ရင် ပြီးတာပဲ"

အိန္ဒြာ့ရင်မှာတော့ စိုးရိမ်စိတ် အလျဉ်းမရှိပေ။

◆ ◆ ◆



အိန္ဒြာက သူမရဲ့စူပါဆလွန်းကားလေးကို တိုက်အောက်ခြေမှာ ရပ်ထားခဲ့ပြီးနောက် လှေကားပေါ်သို့ ဖျတ်ခနဲတက်လာခဲ့သည်။

ပထမတစ်ကြိမ် ရောက်ဖူးပြီးခဲ့ပြီမို့ အင်ကြင်းရဲ့တိုက်ခန်းလေးကို သိပ်မစိမ်းတော့ပါ။

အင်ကြင်းအပေါ် ခင်မင်နှေးထွေးတာမှန်ပေမဲ့ သူမဆီမှာ ရည်ရွယ်ချက်တစ်ခုလည်း ရှိသေးသည်မဟုတ်လား။

အံနေတည်သော အလင်းရဲ့ကို ချဉ်းကပ်ဖို့အတွက် ငါးကြင်းဆီနဲ့ ငါးကြင်းကြော်တဲ့သဘောပင်။

သူချစ်သူ အင်ကြင်းဟာ အခုဆိုရင် အိန္ဒြာရဲ့ဒီဇိုင်းနာလေး ဖြစ်စပြုလာပြီ။

ဒီတော့ အလင်းရဲ့နှင့် နီးစပ်ဖို့ အခွင့်အလမ်း ပိုရှိတာယ်ထင်

မိတာပဲ။

အိန္ဒြဂျယ်မှားချင်လည်း မှားမည်။

သို့သော် အိန္ဒြဂျယ်ကိုယ်တိုင်က အလင်းရုံမျက်နှာကို ကြည့်ခွင့်မြင်ခွင့် ရနေချင်တာကိုး။

သူ့မစိတ်တွေ ဘယ်လိုဖြစ်နေသလဲမသိတော့ပါဘူး။

ခုတလော ယောမာန်ဖက်ရှင်ဆိုင်ကို သွားလိုက်၊ အင်ကြင်းဆီ ခြေဦးလှည့်လိုက် လုပ်နေမိသည်။

တံခါးရှေ့ရပ်မိလျှင် ဘဲလ်ကိုမနှိပ်သေးဘဲ တစ်ခဏရပ်ပြီး အသက်မှန်မှန်ရှူနေမိသည်။

သူ့ချစ်သူအိမ်မို့ အလင်းတစ်ယောက် လာကိုလာမှာပါ။

တစ်ရက်မဆုံ တစ်ရက်ဆုံလိမ့်မည်။

သူ့မဖက်ကတော့ စိတ်ရှည်ရှည်ထားရမှာပေါ့လေ။

"တီး…တောင်"

တံခါးနံဘေးက ဘဲလ်ပုအဖြူလေးကို အသာနှိပ်လိုက်လျှင် မြည်သံလေးက တိုက်ခန်းအတွင်းမှာ ပေါ်လာသည်။

"ဖြူဖြူရေ"



အင်ကြင်းက ရေချိုးပြီးစမို့ ဆံနွယ်တွေကို တဘက်နှင့် ခပ်ဖွဖွသုတ်ရင်း အိမ်နောက်ဖေးက ဖြူဖြူ့ကို လှမ်းခေါ်သည်။

ပြန်ထူးသံမကြားရ။

ဆံပင်ရေသုတ်ရင်းနှင့်ပဲ အင်ကြင်း တံခါးလာဖွင့်သည်။

"ဩော်"

အစိမ်းနှင့် ပေဒါရောင် အရောအစပ် ဂါဝန်တိုတိုနှင့် ရှူးဖိနပ်အပါးလေးကိုစီးထားကာ ဖန်စီလက်ကိုင်အိတ်လေးကိုင်ရင်း ရပ်နေသူကိုတွေ့တော့ အင်ကြင်း ပြုံးပြလိုက်ရင်း…

"ဝင်ပါ အိန္ဒြဂျယ်"

"အင်ကြင်းမှ ရှိပါ့မလားလို့"

အိန္ဒြဂျယ်က ရှင်းလင်းသပ်ရပ်နေသော ဧည့်ခန်းတွင်းသို့ လှမ်းဝင်လာခဲ့သည်။

အင်ကြင်းဆီကနေ သင်းပျံ့ပျံ့ရှန်ပူရနံ့နှင့်အတူ တိုက်ခန်းလေးမှာ ရွှန်းစရေးရနံ့တစ်မျိုးလည်း မွှေးကြိုင်နေသေး၏။

"ထိုင်ဦးနော်"

"ဘာလုပ်မလို့လဲ"

"အိန်ဂျယ်သောက်ဖို့ တစ်ခုခုပေါ့"

"ရေပဲသောက်မယ်"

အင်ကြင်းက ရေခဲသေတ္တာဆီ လျှောက်သွားကာ ရေတစ်ဗူးနှင့် ဖန်ခွက်ကလေးကို ဆွဲလာခဲ့သည်။

"ထိုင်ပါဦး အင်ကြင်းရဲ့ ရှင့်ကို ကတ်တလောက်တစ်ခု ပြချင်လို့ဝင်လာတာ"

"ဟုတ်လား…ခုလောလောဆယ် ချုပ်ထားတာပဲ ဆယ်စုံလောက်ရှိနေပြီနော်"

"လိုသေးတယ်…တို့ အခုဗီဒီယိုနှစ်ကား လက်ခံထားဖြို"

"ဝမ်းသာစရာပဲ၊ ဘာကျွေးမှာလဲ"

"စိတ်ချ ကျွေးဦးမှာ၊ စုံတွဲဖိတ်မှာနော်၊ ရှင့်ဘဲဘဲပါခေါ်ခဲ့"

အင်ကြင်းက ခေါင်းညိတ်ရသော်လည်း စိတ်ထဲမှာတော့ အံ့ဩနေမိလျက်။

အိန်ဂျယ်ဟာ ကိုလင်းကို ဘာကြောင့် ဒီလောက်နှစ်လို ခင်မင်နေပါလိမ့်။



"ဒီညနေတို့အားတယ်၊ ရှမ်းကန်မှာစားမလား၊ ဘယ်မှာ ကြိုက်လဲ"

"ရပါတယ်၊ နောက်မှပေါ့"

"မရပါဘူး၊ နောက်မှမလုပ်နဲ့၊ ကိုလင်းကို ဖုန်းဆက် လိုက်"

"ပြီးမှဆက်ပါ့မယ် အိန်ဂျယ်ရယ်၊ ရှင့်ကတ်တလောက်ပဲ အရင်ကြည့်ပါရစေဦး"

ဘယ်လိုအကြောင်းပြရမလဲ စဉ်းစားမရသေးတာမို့ အင်ကြင်းက သူ့နားထိုင်ကာ ကတ်တလောက်ထဲက ဖက်ရှင်ဒီဇိုင်း တို့ကို လှန်လှောကြည့်နေလိုက်သည်။

ကိုလင်းနှင့် အပြင်ထွက်ဖို့ တစ်ခုခုစားဖို့ အစီအစဉ်လည်း မရှိ။ စိတ်လည်းမပါ။

ဒီနေ့ ဂုဏ်နဲ့တွေ့မယ်လို့ ဖုန်းဆက်ချိန်းထားတဲ့ညစ္စာ။

အခုပဲ ရေမိုးချိုးပြီး အဝတ်အစားလဲပြီးရင် ထွက်တော့မှာ။

ညှို့သည်ရောက်လာလို့သာ ညှို့ခံစကားပြောနေရသော် လည်း အင်ကြင်းစိတ်တွေ မငြိမ်သက်ပေ။

တော်ကြာ ဂုဏ်က စောင့်ရတာစိတ်မရှည်ဘဲ အိမ်ပေါ် တက်လာရင်အခက်။

အင်ကြင်းက ဂုဏ်နှင့် အိန်ဂျယ်တို့ကို မဆုံစေချင်။

စိတ်ထဲမှာ ရှုပ်ယှက်ခတ်ကာ ကျဉ်းကျပ်နေမိဆဲမှာပင်…

"တီး…တောင်"

အင်ကြင်းသည် တံခါးရွက်ဆီ ဖျတ်ခနဲ အလန့်တကြား လေး လှမ်းကြည့်မိ၏။

သူမရဲ့ ဆတ်ခနဲတစ်မျိုးလေးဖြစ်သွားသော အမူအရာကြောင့် အိန်ဂျယ်က ထိတ်ခနဲ တစ်ချက်ဝမ်းသာမိသလို ဖြစ်သွားသည်။

ကိုအလင်းရုံလား။

တံခါးကို ဖျတ်ခနဲ ဦးအောင်အရင် အပြေးထဖွင့်ပေးလိုက်မိသည်။

အိန်ဂျယ်ရဲ့ သွက်လက်မှုကို အင်ကြင်း လိုက်မမီ။

"ဟိတ်"

နောက်ပြောင်ခြောက်လှန့်ဖို့ ရည်ရွယ်လိုက်တဲ့ ဂုဏ်မင်း



ထယ်သည် သူစိမ်းမိန်းကလေးတစ်ယောက်ကို ဖြုန်းခနဲ ရင်ဆိုင်လိုက်ရတာကြောင့် ကြောင်အမ်းသွားရသည်။

ခေတ်ဆန်ဆန်လှပနေသော မိန်းကလေးကလည်း သူ့ကို မြင်တော့ အံ့အားသင့်သွားပုံရသည်။

ဂုဏ်မင်းက မျက်မှောင်ကုပ်လိုက်သည်။

"အင်ကြင်းရေ…ဧည့်သည်"

သူ့ကို ဝင်ခွင့်မပြုသေးဘဲ သတင်းပေးနေဆဲမှာ အိန်ဂျယ်၏ နောက်၌ အင်ကြင်း မျက်နှာလေးက ပေါ်လာသည်။

"ဂုဏ်…ဝင်လေ"

ချိုသာတိုးဖွဲသော အသံလေးနှင့် တောက်ပသွားသော မျက်လုံးလေးတွေကိုကြည့်ရင်း အိန်ဂျယ်မှာ နားမလည်နိုင်အောင် ဖြစ်သွားရပါသည်။

ဂုဏ်ဆိုတဲ့တစ်ယောက်ရဲ့ အကြည့်ဟာလည်း နွေးထွေးနူးညံ့သက်ဝင်လှပါဘိ။

ဂုဏ်မင်းထယ်က ဧည့်ခန်းဆက်တီမှာ ဝင်ထိုင်ရင်း စိတ်ထဲ သိပ်အလိုမကျ။

ရှားပါးတဲ့ဆုံတွေ့ချိန်လေးမှာ ဘယ်ကစည့်သည်ကောင်မလေးက ရောက်နေရတာလဲကွာ။

ဂျင်းလေးက- အားနာနေဟန်။

"အပြင်သွားမယ်ဆိုပြီး ဘာမှလည်း အဆင်သင့်မပြင်ရသေးပါလား"

သူတမင်ပဲ မေးပစ်လိုက်သည်။

အင်ကြင်းမျက်နှာလေးက တစ်မျိုးဖြစ်သွား၏။

"အလုပ်ကိစ္စပေါ်လာလို့ပါ ဂုဏ်ရဲ့၊ ဒါ မိုဒယ်လ်အိန္ဒြာလေး၊ အိန္ဒြာ ဒါ တို့သူငယ်ချင်း ဂုဏ်မင်းထယ်"

ဂုဏ်သည် အသိအမှတ်ပြုရုံ ခေါင်းဆတ်ပြီးပြပြီးတာနှင့်

"ခါတိုင်း အင်္ကျီချုပ်တာတွေ ဆိုင်မှာပဲလုပ်တာမို့လား"

ဟု မေးလိုက်ပြန်ပါသည်။

အိန္ဒြာသည် ဂုဏ်ပြောသောစကားကို ဘာမှမတွေးနိုင်ဘဲ ဂုဏ်မင်းထယ်ကိုတစ်လှည့် အင်ကြင်းမယ်ကိုတစ်လှည့် ကြည့်ရင်း...

"နင်က ဂုဏ်မင်းထယ်၊ နင်က အင်ကြင်းမယ်ဆိုရင်





ငါက ဘယ်သူဖြစ်မလဲ၊ ကဲ ပြောစမ်း"

ဟု ရုတ်တရက် ဝမ်းသာအားရ မေးလိုက်လေသည်။

ဂုဏ်မင်းနှင့် အင်ကြင်းက သူမရဲ့မျက်နှာကို ဖြိုင်တူ ဆတ်ခနဲကြည့်မိကြသည်။

"အင်ကြင်း...ငါ့ကိုမမှတ်မိဘူးလား၊ နင့်ကို ငါ ဟိုနေ့ကတည်းက မေးကြည့်မလို့ပဲ"

"ဟင်...ဒါဆို နင်က တိမ်လွှာလား၊ နင်ပြောတော့ အိန္ဒြာဆို"

"ြော်...ငါက မော်ဒယ်လ်လုပ်မှ ပေးတဲ့နာမည်ပဲဟာ၊ နာမည်ရင်းဟုတ်မလားလို့၊ အား ငါတို့သုံးယောက်ပြန်တွေ့ရတာ ပျော်လိုက်တာနော်၊ အရမ်းပျော်တာပဲ"

အိန္ဒြာက ပြောပြောဆိုဆို အင်ကြင်းလက်ကိုရော ဂုဏ့်လက်ကိုပါ ဆွဲယူကာ သုံးယောက်သား ခုန်ပေါက်ကပစ်လိုက်သည်။

ငယ်ငယ်တုန်းက ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ဆော့ကစားသလိုမျိုးပင်။

ပြီးတော့မှ သုံးယောက်သား အော်ရယ်မိကြသည်။

အခုမှ အိမ်ရှေ့ထွက်လာသော ဖြူဖြူက ဘာတွေဖြစ်နေပြီလဲဟု တအံ့တသြ လှမ်းကြည့်နေသည်။

“မနောလိုပါဘူး၊ နင်တို့ကတော့ အတူတူရှိတယ်”

“မဟုတ်ဘူး၊ ငါတို့ပြန်ဆုံတာ ဘာမှမကြာသေးဘူး”

“ငါက စင်ကာပူရောက်နေတာဟ”

သုံးယောက်သား စီစီညံလျှက် စကားတွေလုပြောနေရတာကြောင့် ဖြူဖြူ့ကိုပင် ချက်ချင်းမရှင်းပြနိုင်သေး။

သို့သော် ဖြူဖြူလည်း သူတို့စကားတွေကြောင့် ငယ်ပေါင်းသုံးယောက် ပြန်ဆုံတာကို သဘောပေါက်သွားသည်။

အင်ကြင်း ပြောထားဖူးတဲ့ သိပ်ချစ်တဲ့သူငယ်ချင်းသုံးယောက်ဆိုတာ။

သို့သော် ဖြူဖြူ့သူငယ်ချင်း အင်ကြင်းက အတော်လေးဖြူစင်ရိုးသားသူပါ။ ကိုဂုဏ်မင်းကိုကြည့်ရတာတော့ လည်ဝယ်ပါးနပ်မှုရှိပုံပေါ်သည်။ အိန်ဂျယ်ဆိုတဲ့ မော်ဒယ်မလေးကတော့ တဆိတ် ရဲတင်းအကဲပါလွန်းသည်ဟု ထင်မိသည်။





ဖြူဖြူသည် အင်ကြင်းရင်ထဲက ခံစားချက်အချို့ကို သိရှိထားသူမို့ ကိုဂုဏ်မင်းကို အင်ကြင်း ချစ်နေတာ သဘောပေါက်သည်။

သူတို့ကို တရားဝင်ချစ်သူတွေလည်း ဖြစ်စေချင်ပါသည်။

“ဖြူရေ …အိန်ဂျယ်က ငါပြောဖူးတဲ့ တိမ်လွှာတဲ့၊ မထူးဆန်းဘူးလားဟင်”

အင်ကြင်းက ဝမ်းသာသံဖြင့် လှမ်းပြောသည်။

“ထူးဆန်းတာပေါ့၊ ဒီအချိန် ဒီနေရာမှာ ပြန်ဆုံကြဖို့ရှိလို့ပေါ့၊ ငါလည်းဝမ်းသာပါတယ်၊ နင်တို့လည်း ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့ ညစာစားပွဲလေးတစ်ခု ကျင်းပလိုက်ရင် ပိုမကောင်းဘူးလား”

“အေး…အဲဒါကောင်းတယ်၊ နေဦး အိန်ဂျယ်ရော အချိန်ပေးနိုင်ရဲ့လား”

“အိုကေ…ပေးမှာပေါ့”

“ဒါဆို စီစဉ်လိုက်မယ်နော်”

“အိမ်မှာပဲစားမှာမို့လား၊ ဖြူ စီစဉ်ပေးပါ့မယ်၊ ရှင်တို့

လွှတ်လွှတ်လပ်လပ် စကားလက်ဆုံကျနိုင်ဦးပေါ့"

"အဲဒါဆို သင့်ခံ့ယူပဲ"

ဖြူဖြူက အလိုက်သိစွာဆိုသည်။

ပြီးလျှင် ချက်ပြုတ်စီစဉ်ဖို့ မီးဖိုခန်းထဲ ပြန်ဝင်သွား၏။

အင်ကြင်းတို့ သုံးယောက်သားမှာ ငယ်စဉ်ကလေးဘဝက အဖြစ်အပျက်လေးတွေ ရေးဟောင်းနှောင်းဖြစ်လေးတွေ ပြန်ပြောရင်း ရယ်မိကြသည်။

"ဂုဏ်မင်းကလေ ငယ်ငယ်ကတည်းက နင့်ဖက် အမြဲ တင်းဘက်လိုက်တယ်၊ နင့်ကြောင့် ကျောင်းပြေးတယ်၊ နင်စားချင်တဲ့ မုန့်ဆို ချက်ချင်းပြေးဝယ်ပေးတယ်၊ ဗာဒံသီးကအစ အကိုျဖြူတွေ အစွန်းအပေခံပြီး ကိုယ်တိုင်ထုပေးတယ်၊ ငါနဲ့နင်နဲ့ စိတ်ကောက်ပြီး မခေါ်ဘူးဆိုရင် သူက ယောကျ်ားလေးဖြစ်ပြီး နင့်စိတ်တိုင်းကျ ငါ့ကိုမခေါ်တော့ဘူးလေ၊ မှတ်မိရဲ့လား"

"မှတ်မိတာပေါ့ဟ၊ ဂျင်းလေးနဲ့ ပတ်သက်တာတွေ ငါ တစ်ခုမှမမေ့ဘူး"

"ကြည့်…ခုထက်ထိ လေသံကိုက"

ဦး:ဦး၊ဝ၁၄ပေ



အိန္ဒြာယ်က ဂုဏ်မင်းကို မကျေမနပ်ပင် မျက်စောင်းထိုး လိုက်သည်။

ဂျင်းလေး…ဂျင်းလေးဆိုပြီး အင်ကြင်းကို တယုတယ မျက်နှာသာပေးခဲ့လို့ကို မကျေနပ်တာ။

တကယ်ဆိုရင် ငယ်ငယ်လေးကတည်းက အိန္ဒြာယ်က ပိုလှပိုသွက်လက်ခဲ့တာပါ။

ပြောရမယ်ဆိုရင် အတန်းထဲမှာ အချောမောဆုံး အသားနား ဆုံး၊ အတောက်ပဆုံး ကြယ်ကလေးတစ်ပွင့်က တိမ်လွှာနီပါ။

အဆော့မက်တဲ့ အင်ကြင်းကမှ ညစ်ပေပေလေးဖြစ်နေ တတ်သေးတာ။ သူက အဲဒီမဖြစ် ညစ်ကျယ်ကောင်မလေးကိုမှ ပိုခင်မင်ကျွမ်းဝင်ခဲ့တာလေ။

ဂုဏ်မင်းကို တိမ်လွှာ အဲဒီကတည်းက အမြင်ကပ်ခဲ့ရ တာပင်။

အခုလည်း ဝန်ခံစတမ်းဆိုရင် သူ့ရဲ့နွေးထွေးသက်ဝင်လွန်း တဲ့ မျက်လုံးတွေကို ကြိတ်ပြီး မနာလိုဖြစ်မိသည်။

ကိုယ့်ကိုယ်ကိုလည်း အံ့သြမိပါသည်။

ဦး:ဦး၊ဝ၁၄ပေ

အင်ကြင်းနှင့်ပတ်သက်ပြီး သူမက ဘာကြောင့်များ နောက်ကောက်ကျနေရတာလဲ။

အလင်းရဲ့ကိုလည်း သူပဲပတ်သက်ထားနှင့်သည်။

ဂုဏ်မင်းကျတော့လည်း သူ့ကိုပဲ ဖျာဖျာသလဲ အရေး သယ်နေသည်။

ကြုံနေရတဲ့အဖြစ်အပျက်တွေကို မကျေနပ်နိုင်ပါ။

အိန်ဂျယ် မချင့်မရဲဖြစ်နေမိသည်။

ဂုဏ်မင်းထယ်ဆိုတဲ့ ပိန်ရှည်ရှည်ကောင်လေးဟာ အခု များ ကြည့်စမ်းပါဦး။

ကတုံးဆံပင်ပေါက်နဲ့ ရုပ်ကြမ်းကြမ်းနဲ့မှာတောင် မျက်နှာ ချောချောက ယောကျ်ားပီသခန့်ညားနေလိုက်နေလိုက်တာ။

မုတ်ဆိတ်မွေးညှင်းသုံ့သုံ့လေးနှင့် ပုံစံလေးက ရင်ခုန်ချင် စရာ။

အရပ်မြင့်ပုံနှင့် ကျစ်လစ်သော ဘော်ဒီပြေပြေဟာလည်း စွဲမြက်ငေးမောချင်စရာပဲ။

ဂုဏ်မင်း ဘာလို့ ဒီလောက်ကြည့်ကောင်းတဲ့ ယောကျ်ား

ဝိ:မိ:ဝ၇၆ပ



တစ်ယောက်ပုံစံ ဖြစ်ခဲ့ရတာလဲ။

အိန်ဂျယ်မျက်လုံးတွေက ဂုဏ်မင်းဆီ ခပ်ငေးငေး ကျရောက်နေမိ၏။

ဂုဏ်မင်းအကြည့်ကတော့ အင်ကြင်းထံမှာသာ ရစ်ဝဲ လျှက်။

"နေစမ်းပါဦး…နင်တို့နှစ်ယောက်က ဘယ်လိုလုပ်ပြီး ပြန်တွေ့ကြတာလဲ"

"ကျောင်းမှာတွေ့တာ၊ ငါ ဒီပလိုမာသင်တန်းတစ်ခုသွား တက်ရင်း ပြန်ဆုံတာ"

"အဟား…ငါက ဂျင်းလေးနောက်လိုက်ခဲ့တာပါ၊ သူက သိပ်ချစ်စရာကောင်းတော့ ငါတကောက်ကောက်လိုက်မိတာပေါ့ ကွာ"

ဂုဏ်မင်းရဲ့ ထပ်ဖြည့်လိုက်တဲ့စကားကြောင့် အိန်ဂျယ် မျက်နှာလေးမှာ မလိုတမာပြုံးစူရိပ်တို့ ဖြတ်ပြေးသွားရသည်။

"တကယ်လိုက်တာလား"

"ဟ…တကယ်ပေါ့"

ဝိ:မိ:ဝ၇၆ပ

"အလကား…ဂုဏ်နောက်နေတာ"

"မနောက်ပါဘူး၊ အဲဒီနေ့က နင်က ကျစ်ဆံမြီးလေးတွေ ကျစ်ထားတယ်လေ၊ ပန်းဆီရောင်လေးနဲ့ တအားလှနေတာ"

"အပိုတွေလျှောက်မပြောနဲ့"

ဂျင်းလေးက ဟန့်တားသည်။

တိမ်လွှာရှေ့မှာ ဒီလိုတွေမပြောစေချင်ပါဘူး။

အဲဒီဂုဏ်က အလိုက်မသိ။

သူမရဲ့မျက်နှာအရိပ်အကဲကို မဖတ်တတ်တာလား။

ဂုဏ်မင်းကတော့ သူ့ဂျင်းလေးကို ချစ်နေတာ အကုန်လုံး သိအောင် ကြေငြာပစ်ချင်သူလေ။

"ငါ့ခံစားချက်ကို ငါပြောတာပဲကွာ၊ ဘာဖြစ်လို့လဲ"

"မပြောနဲ့"

"အဟင်း…ဟင်း အင်ကြင်းရှက်နေပြီဟ"

အိန္ဒဂျယ်က အလိုက်သင့်ပြောရင်း ရယ်မောလိုက်၏။

စိတ်ထဲမှာတော့ အင်ကြင်း မျက်နှာပွင့်လှတာကို မုဲ့ရွဲ့ချင် မိသည်။





"အဲဒါနဲ့ ဘယ်လိုဖြစ်သွားလဲ ဂုဏ်၊ နင်က အင်ကြင်းကို မှတ်မိသွားတာလား"

ဂုဏ်မင်းသည် ထိုနေ့က အဖြစ်အပျက်ကလေးတချို့ကို ပြုံးပြုံးရယ်ရယ် ကျေနပ်နှစ်သိမ့်မှော်ရွှင်မှုတွေ အပြည့်နှင့် ပြန်ပြော ပြလိုက်သည်။

အိန္ဒဂျယ်သည် နားထောင်ရင်းက ဂုဏ်မင်းထယ်ရဲ့ စိတ်ဝင်စားမှုကို ခန့်မှန်းလိုက်မိသည်။

ခုထက်ထိလည်း သူက အင်ကြင်းပဲကိုး။

ထားပါတော့။

ဒီဖက်မှာ ဂုဏ်မင်းရှိနေပြီဆိုရင်လည်း ဟိုဖက်က ကိုအလင်းရဲကို လက်လွှတ်တော့ပေါ့။

ရိုးရိုးလေးနေတတ်ပုံရတဲ့ အင်ကြင်းမယ်ဟာ ရည်းစား နှစ်ယောက် တစ်ပြိုင်နက်ထားနေတာ မယုံနိုင်စရာပင်။

ဂုဏ်မင်းသည် စကားပြောလက်စနှင့်ပင် အင်ကြင်းဖက်သို့ မျက်လုံးညို့ရီရီလေးတွေနှင့် ချစ်စနိုးဆန်ဆန် ကြည့်နေတတ်သေး သည်။

အင်ကြင်းက မသိယောင်လေးဆောင်လျှက် လွဲဖယ်နေသည်။

ယောက်ျားလေးတစ်ဦးရဲ့ ချစ်မြတ်နိုးစွာ အရိပ်ကြည့်နေတဲ့ ဟန်အမူအရာက အိန္ဒြေယ့်ရင်ထဲကိုပင် တစ်မျိုးတစ်ဖုံ ရိုက်ခတ်နေသလိုပင်။

ဂုဏ်မင်းကို ပြန်တွေ့ရတဲ့အချိန်မှာ သူမ ကြုံလိုက်ရတဲ့ ခံစားချက် ဖြောင်းဆန်ဆန်တွေကို အိန္ဒြေယ်လည်း နားမလည်နိုင်တော့ပါ။

တကယ်တော့ အမှန်အတိုင်းဝန်ခံရရင် ကိုအလင်းရံကို တွေ့ချင်ခင်ချင်လို့ အင်ကြင်းထံကို လာလာနေခဲ့တာ။

သူမတကယ်တမ်း တွေ့လိုက်ရတာက မျှော်လင့်မထားတဲ့ ဂုဏ်မင်းကို။

ဒီထက်ပို အံ့သြရတာကတော့ ဂုဏ်မင်းနဲ့ အင်ကြင်းတို့ရဲ့ နွေးထွေးလှိုက်လှဲနေတဲ့ သံယောဇဉ်ကိုပါပဲ။

ဟန်ဆောင်ထားတယ်ဆိုပေမဲ့ အင်ကြင်းပုံစံလေးကလည်း နှစ်သက်သာယာနေပါတယ်။





"အဲဒီတော့ နင်တို့နှစ်ယောက်က အခုချစ်သူတွေလား"

ပြုံးခနဲကောက်မေးလိုက်တော့ အင်ကြင်းပင် ရင်တုန်သွားရသည်။

ဂုဏ်ကတော့ အပြုံးမပျက်။

"နင် ခန့်မှန်းကြည့်ပေါ့ တိမ်လွှာ"

အင်ကြင်းက ခေါင်းလေးယမ်း၍ ငြင်းလိုက်သည်။

"ဂျင်းလေးကတော့ သေချာအဖြေမပေးသေးပါဘူး"

"နင့်ကို မရေမရာ လုပ်ထားမှာပေါ့၊ သူ့မှာက နောက်တစ်ယောက်ရှိတယ်လေ"

"ငါသိပါတယ်"

တိမ်လွှာ့စကားကို ဂုဏ်မင်းက အရေးမကြီးသလို ခပ်အေးအေးပဲ တုန့်ပြန်သည်။

တိမ်လွှာက ဂုဏ်မင်းထယ် မျက်နှာကို အံ့အားသင့်စွာ စိုက်ကြည့်နေမိသည်။

အလင်းရံရှိနေတာကို ဂုဏ်မသိလောက်ဘူးထင်ပြီး ဖော်ကောင်လုပ်လိုက်တာ။ သို့သော် ထင်သလို အရာမရောက်။

၉

ရင်ထဲမှာ အောင့်သီးအောင့်သက်နှင့် တစ်မျိုးကြီးဖြစ်သွားသည်။

ဂုဏ်မင်းက ဒီလောက်ထိအောင် အောက်ကျခံချစ်နေတာလား။

အင်ကြင်းအနေအထားက စင်ပေါ်ကဘုရင်မပေါ့လေ။

ယောကျ်ားနှစ်ဦးစလုံးက သူမကိုပဲ ဝိုင်းဝန်းချစ်ခင်တွယ်တာနေကြသတဲ့လား။

အင်ကြင်းက ဘယ်လိုမိန်းကလေးမို့လို့လဲ…။

နတ်ပြည်က ဆင်းသက်လာတဲ့ နတ်သမီးလေး တစ်ပါးလို့ မှတ်ထင်နေလို့လား။

ရင်ထဲမှာ ခါးသီး ဝမ်းနည်းသလို နာကျင်မုန်းတီးသလိုဖြစ်လာသည်။

"ဩော် … အဲဒါကိုတောင် နင်က ဂရုမစိုက်ဘူးပေါ့လေ၊ နင်တော်တော်မိုက်မဲပါလား ဂုဏ်မင်းရဲ့၊ နင်ရော စကော်ပမှာတုန်းက ရည်းစားတွေ ဘာဘာညာညာတွေ ရှိခဲ့ဦးမှာပေါ့…ဒါကြောင့် နားလည်ပေးနိုင်တာပေါ့လေ"





"မဆိုင်ပါဘူး ဂျင်းလေးကို ငါချစ်တာ စိတ်သန့်သန့်လေးနဲ့ပါဟာ"

"တော်ပြီ … နင်တို့ ဘာသာလျှောက်ပြောနေတာ၊ ငါ ဘာမှ နားမထောင်တော့ဘူး"

အင်ကြင်းက ထ ထွက်သွားမည့်ဟန်ဖြင့် ထရပ်ဖို့ပြင်သည်။

ဂုဏ်မင်းက သူမလက်ကောက်ဝတ်ကလေးကို ဖျတ်ခနဲလှမ်းဆုပ်ကိုင်လိုက်၏။

အင်ကြင်းကိုယ်လေးက ဆက်တီပေါ် ပြန်ထိုင်ကျမလိုပင်ဖြစ်သွားသည်။

"စိတ်မဆိုးပါနဲ့ကွာ … ခဏထိုင်ဦး"

"ဟင့်အင်း … ဖယ်ပေးကွာ"

အင်ကြင်းမျက်နှာလေးက ရှုပုပ်ပုပ်လေး။

ဂုဏ့်သဘောကို နားမလည်။

သူဘာကြောင့် အိန္ဒိယျယ့်ရှေ့မှာ ဝိုင်စိုးပိုင်နင်း ပြုမူရတာလဲ။

"မြူမြူ ဘာတွေချက်နေသလဲ သွားကြည့်မလို့ပါ၊ ဂုဏ်နဲ့ တိမ်လွှာ ထိုင်ဦးပေါ့၊ အပျင်းပြေစားဖို့ လက်ဖက်သုပ်ဆိုရင် ကြိုက်လား"

"ရပါတယ်ဟာ …ငါလည်း ညှို့သည်မှ မဟုတ်တော့တာ အင်ကြင်းရဲ့"

အင်ကြင်း ထိုသို့ပြောမှ ဂုဏ်မင်းက ဆုပ်ကိုင်ထားသော လက်ကလေးကို ပြန်လွှတ်ပေးသည်။ တိမ်လွှာနီက သူတို့နှစ်ဦးရဲ့ တရင်တနှီး အမူအယာကို အကဲခတ်သလို ကြည့်နေမိသည်။

အားလည်း ကျမိသည်။

ကိုယ်ကတော့ သင်တန်းတွေ တက်လိုက် အနုပညာရယ် ပယ်မှာ နေရာလေးတစ်ခုရဖို့အတွက် အားကြိုးမာန်တက် ပင်ပင် ပန်းပန်းကြိုးစားနေခဲ့ရတာကြောင့် အဖော်မွန်ဆိုတာလည်း အနားမှာ သေသေချာချာ မရှိခဲ့တာအမှန်။

အင်ကြင်းကျတော့ သူမလောက်ပင် မလှပဲ ကြင်နာမှုတွေ ဝိုင်းရံခံနေတဲ့မင်းသမီးလေးတစ်ပါးအဖြစ် ရပ်တည်ခွင့်ရနေသည်။

လောကကြီးက မမျှတာပေ။





တိမ်လွှာနီရဲ့ ရင်ထဲမှာ အခြေအနေတွေကို မဲ့ရွဲ့တုန့်ပြန်နေမိသည်။

အဲဒီဂုဏ်မင်းထယ်ဟာ ဘယ်လောက်အဖြစ်သည်း သလဲ ဆိုရင် တိမ်လွှာ့ကို ခဏထိုင်ဦး ဆိုပြီး သူက အင်ကြင်းသွားတဲ့ နောက် လှစ်ခနဲ ထ လိုက်သွားပါသည်။

တိမ်လွှာနီက ညှို့ခန်းမှာ ညှို့သည်တစ်ယောက်လို ဣန္ဒြေရရ ထိုင်စောင့်နှင့်ရမယ်ပေါ့လေ …ဟွန်း။

မထိုင်နေခဲ့ပါဘူး…။

အိမ်ဂျယ်သည် သူတို့လိုပဲ မီးဖိုခန်းလေးရှိရာသို့ လိုက်ကာစလေး လှပ်ခနဲ ဖယ်ရှားပြီး စွတ်ဝင်လာခဲ့မိသည်။

ဂုဏ်မင်း … ဂုဏ်မင်း…။

စကားပူကပြန်ရောက်တာ မကြာသေးဘူးဆိုပြီး အင်ကြင်း အိမ်ဝင်ထွက်ရင်းနှီးနေလိုက်တာများ လင်မယားကျနေတာပဲ ဟု ပိုပိုသာသာ နက်နက်ရှိုင်းရှိုင်း မှတ်ချက်ချပေးလိုက်သည်။

အင်ကြင်းဆိုတဲ့ မိန်းမကလည်း လှုပုံကြည့်တော့ အတီး အ,တ၊ မနူးမနပ်ကလေးလိုလို ပုံဖမ်းထားပေမယ့် တကယ်

တမ်း လက်တစ်လုံးကြား ပညာပြနေတာပဲ။

မမယောမာန်တို့နှင့်ဆို သစ္စာရှိသူရဲကောင်းမလေး သဏ္ဍာန်မျိုးနှင့် လိုက်လျောညီထွေနေတတ်လွန်းသလို ဒီဘက်မှာကျတော့လည်း ဂုဏ်မင်းထယ်ကို လှုပ်လို့မရအောင် ဖမ်းစားချုပ်နှောင်ထားသည်။

တိမ်လွှာသည် ဘာကိုမှန်းမသိ၊ မကျေနပ် တနုံ့နုံ့နှင့် ရင်ထဲ လောင်မြိုက်ပူပြင်းနေမိသည်။

သူငယ်ချင်းတွေနှင့် ပြန်ဆုံရချိန်မှာ ကိုယ်က အရှုံးသမားကဲ့သို့ ခံစားရလေသည်။

"မင်းသမီးရယ် … ငါတို့ မီးဖိုချောင်အထိ လာစကားပြောရမယ်ဆိုရင်တော့ မဟုတ်သေးဘူး"

"ရပါတယ်"

"သွားထိုင်နေစမ်းပါဟယ်"

"မထိုင်ပါဘူး…ဖျင်းစရာကြီး၊ ငါးလည်း ဝိုင်းကူချက်ပေးမှာပေါ့"

အင်ကြင်းက အေပရွှန်အပြောရောင်လေးဝတ်ရင်း သူမကို





လှမ်းပြောသည်။

"ဖျင်းရင် တီဗီဖွင့်ကြည့်လေ၊ ဖတ်စရာ စာအုပ်တွေလည်း အများကြီးပဲ"

"အားမနာပါနဲ့ အင်ကြင်းရဲ့၊ ငါလည်း နင်တို့နဲ့အတူတူပျော်ပျော်ပါးပါး ဝင်ကူချင်လို့ပါ"

တိမ်လွှာနီက တားမရပါ။

ပြောင်းဖူးစေ့လေးတွေကို ထောပတ်မွှေးမွှေးနှင့် ပေါင်းထားတာကို ဖွင့်ကြည့်ပြီး သူလည်း ဝင်ကူညီသည်။

ဖြူဖြူက အင်ကြင်တို့ စကားပြောရင်း အပျင်းပြေစားဖို့ဆိုပြီး ပြောင်းဖူးပေါင်း၊ သီဟိုဠ်ဆန်ကြော်နှင့်လက်ဖက်သုပ်တို့ စီစဉ်နေသလို ကော်ဖီဖျော်ဖို့လည်း ပြင်ဆင်နေတာကြောင့် မီးဖိုခန်းတစ်ခုလုံး ကော်ဖီစေ့ရနံ့လေးက မွှေးကြိုင်သင်းပျံ့နေပါသည်။

အင်ကြင်းတို့ သုံးယောက်သား စစ်ကူဝင်လာသဖြင့် ဖြူဖြူက လိုအပ်တာတွေ ထပ်ဝယ်ဖို့ စက်ဘီးတစ်စီးနှင့် ထွက်သွားပါသည်။

"ကဲ ‥ရပြီ နင်တို့နှစ်ယောက် အိမ်ရှေ့ထွက်တော့၊

ညှော်ခန်းမှာ ဖိမ်နဲ့ထိုင်စားစမ်းပါဟယ် ..ဒီမှာ မိုးတီးမတ်တပ်ကြီးနဲ့ မကောင်းပါဘူး"

"ဘူဖေးစတိုင်လ်ပေါ့ဟာ ...မတ်တပ်ရပ်ရင်း ဆွဲယူစားလိုက်ဗျ... ပြောစရာရှိတာ ပြောလိုက်ပေါ့"

အင်ကြင်းလည်း ထပ်မတိုက်တွန်းတော့ပါ။

သူတို့သဘောကျ လွတ်လွတ်လပ်လပ်သာ နေပါစေတော့ဟု လွှတ်ထားလိုက်သည်။

"ဖြူဖြူက ဘာတွေချက်မှာလဲ... ယိုးဒယား သင်္ဘောသီးထောင်းပါမယ် ထင်တယ်"

ခြစ်ထားပြီးသား သင်္ဘောသီးစိမ်းတွေကို ကိုင်ကြည့်ရင်း တိမ်လွှာက သဘောကျနေသည်။

အင်ကြင်းက ကြက်သွန်ဆီသတ်ဖို့ ဒယ်အိုး ခလုတ်ဖွင့်လိုက်သည်။

မီးဖိုချောင်မှာ ညှော်နံ့တော့မရှိ။ အိပ်ဇောဖန်ခွက်ကြီးကြီး တပ်ထားသည်။

ဂုဏ်မင်းကလည်း အင်ကြင်းနားမှာ ကြက်သားဆာတေး





ကင်ဖို့အတွက် ဝါးတုတ်တံလေးဖြင့် မီးကင်ရန် ကြိုတင်ပြင်ဆင်ပေးနေသည်။

"နင်က အခု ဘာလုပ်မှာလဲ အင်ကြင်း"

"ငါးကြော် နှပ်လုပ်ဖို့လေ၊ ကကတစ်က မနေ့ကတည်းက ဝယ်ထားတာ"

"ဒါဆို ငါက သင်္ဘောသီးထောင်းလိုက်မယ်"

"နင့်အကျီတွေပေပါ့မယ် ဒီအတိုင်းလေးပဲ ထိုင်ကြည့်နေစမ်းပါ"

"မပေပါဘူး ... အေပရွန် နောက်တစ်ခုလေး"

ဂုဏ်က ဂါဝန်အတိုလေး ဝတ်ထားတဲ့ တိမ်လွှာကို စေ့စေ့မကြည့်ဘဲ အကြည့်လွှဲထားပါသည်။

"ဂုဏ် .. နင့်အနောက်မှာ ပေးလိုက်ဦး"

အေပရွန် ဖြုတ်ယူပေးလိုက်တဲ့ ဂုဏ်မင်းကို တိမ်လွှာက

"ငါလက်ပေနေတယ် နင်ပဲကြိုးချည်ပေးလိုက်တော့ ဂုဏ်မင်း"

တိမ်လွှာက ကြိုးချည်ဖို့ နွဲ့နွဲ့လေး လှည့်ပေး၏။

ဂုဏ်က ရွှတင်းတင်းဖြင့် ...

"အလကား သက်သက် စားဖို့မှုးလုပ်ချင်သေးတယ် ကွာ ...ရှုပ်နေတာပဲ"

ဟု အင်တင်တင် ရေရွတ်သည်။

တိမ်လွှာကတော့ ဘာပဲဖြစ်ဖြစ် အင်ကြင်းနားတကပ်ကပ် ဖြင့် မျက်နှာလုပ်ချင်၊ ဂရုစိုက်ချင်လှတဲ့ ဂုဏ်မင်းကို တစ်ခုခု နိုင်းခွင့်ရလိုက်တဲ့အတွက် ကျေနပ်သွားမိပါသည်။

ကြိုးချည်ရတဲ့ အေပရွန်ဝတ်စုံကို ဝယ်ထားတဲ့ အင်ကြင်း ကိုပင် ကျေးဇူးတင်ရဦးမည်။

အင်ကြင်းက ဒယ်အိုးထဲ ယောက်မတစ်ချောင်းနှင့် မွှေ လျက်သား သူ့အာရုံနှင့်သူ။

တိမ်လွှာနီက ဂုဏ်မင်း မျက်နှာကို နီးကပ်စွာ စူးစိုက်ကြည့် ရင်း အလင်းရုံနှင့် ဘယ်သူပိုချောသလဲဟု ယှဉ်တွေးကြည့်နေမိပါ သည်။

ဂုဏ်မင်းသဏ္ဌာန်က ယောကျာ်းပီသသည်။





ဘာမှလည်း ပြင်ဆင်မထား။ နည်းနည်းတော့ အကြမ်း ဆန်သည်။ သို့သော် သူ့မျက်လုံးတွေက ငယ်ငယ်တုန်းကလို စူးရှ နက်မှောင်ရုံမကဘဲ ညို့ရီရီနှင့် ဆွဲဆောင်မှုရှိနေသည်။

ထိုမျက်လုံး စိုလက်လက်တို့ကို မနှစ်သက်ဘဲနေနိုင်မယ့် မိန်းကလေး ရှိမှာမလို့လား။

ကြည့်လိုက်ရင် တစ်မျိုးလေး ရင်ဖိုစရာ။

အလင်းရုံ ရုပ်ရည်ကတော့ ဂုဏ်မင်းထက် အများကြီး ပြေပြစ်သည်။ အဆင့်အတန်းလည်း မြင့်သည်။ တကူးတက ပြုပြင် ဆင်ယင်ထားတာကြောင့်လည်း ဘယ်အချိန်ပဲကြည့်ကြည့် ကြည့် ကောင်းသည်။

ဆံပင် အချွန်အမြှင်လေးတွေ မျက်နှာပေါ် နဖူးပေါ် နား ထင်ပေါ် စနစ်တကျ ကျနေတာကအစ ပိုမိုက်တာပေါ့။

ဂုဏ်မင်းကတော့ ဘယ်တုန်းက ကတုံးတုံးထားလဲ မသိ။ အခုမှ ထိုးထိုးထောင်ထောင် ဆံပင်ကြမ်းကြမ်းတို့ ပေါက်ကာစ စတိုင်လ်...။

"ဘာကြည့်တာလဲ"

ဂုဏ်မင်းက ဘုကျကျ ခွကျကျ မေးသည်။

တိမ်လွှာက မျက်စောင်းလေးချိလျက် …။

“အောင်မယ် … ကတုံးဆံပင်နဲ့ ဗီလိန်ရုပ်ပေါက်နေလို့ ကြည့်တာ”

“အဲဒီတော့ ဘာဖြစ်လဲ”

“မုန်းစရာကြီး”

ဂုဏ်မင်းက ပြုံးလိုက်ရင်း…

“ဂျင်းလေး ချစ်ရင် ငါ့အတွက်ပြည့်စုံပြီလေ”

“နင်တို့နော် … ဝိန္နပင်လာဆွဲမထည့်နဲ့”

အင်ကြင်းက လှည့်မကြည့်ဘဲ နှုတ်ခမ်းလေးဆူရင်း ပြောလိုက်သည်။

“အင်ကြင်းက အလင်းရုံကိုပဲ လက်ထပ်မှာ”

“ဘာ”

“မယုံရင် နင်မေးကြည့်”

“ဘာလို့မေးကြည့်ရမှာလဲ၊ ဂျင်းလေးရင်ထဲမှာ ငါ့ကို ဘယ်လောက်ထိချစ်လဲ ငါသိပြီးသား၊ တိမ်လွှာကွာ နင်ငယ်ငယ်





တုန်းက အကျင့်အတိုင်းပဲ၊ စိတ်ကပုပ်တယ်၊ နင်ကမှ ဗီလိန်မ စတိုင်လ်လဲ သိလား၊ နင်ဗီဒီယိုရိုက်ရင် သူများရည်းစားလိုက်ရတဲ့ ဗီလိန်မနေရာကပဲနေ၊ ဒါမှ နင်ပေါက်မှာ ဟား …ဟား”

ဂုဏ်မင်းက ရယ်မောတုန့်ပြန်ပေမယ့် တိမ်လွှာနီရဲ့ ရင်ထဲမှာ ရှူးခနဲ နာကျင်အောင့်မျက်သွားရ၏။

“အေး ..ဗီလိန်မပဲ လုပ်မယ်၊ ဘာဖြစ်လဲ၊ ငါအခု အပြင်မှာ ရှိဟာဖယ်လုပ်ကြည့်မလို့”

ဂုဏ်မင်းက လက်ဖျောက်တစ်ချက်တီးကာ..

“ဟား … ကြိုက်သွားပြီ၊ ပီပီပြင်ပြင်သာလုပ်၊ ဟို ငနဲလေ အလင်းရုံဆိုတဲ့ ငနဲ”

“ဂုဏ်ရယ် ..ဘာတွေ လျှောက်ပြောနေတာလဲ”

အင်ကြင်းက မျက်နှာပူပူနှင့် ဟန့်လိုက်သည်။

“ငါဖြစ်စေချင်တာကို ပြောတာပဲ”

“ကဲ … တော်ပါတော့နော်၊ ဒီမှာ ဆာတေးကင်ပေး မယ်ဆိုပြီး …”

အင်ကြင်းက စကားကို အတင်းပင်ဖြတ်စေရသည်။

ခဏအကြာမှာ ဈေးသွားဝယ်တဲ့ ဖြူဖြူလည်း ပြန်ရောက်လာသဖြင့် မီးဖိုခန်းထဲ ဆူညံပျော်ရွှင်စွာလှုပ်ရှား ချက်ပြုတ်နေကြသည်မှာ ကလေးဘဝတုန်းက ထမင်းဟင်းချက်တမ်း ကစားခဲ့သလို လွတ်လပ်ကြည်နူးမှုကို ပြန်ခံစားရသည်။

ခေါင်းထဲမှာ ကလိမ်ကကျစ်ဉာဏ်ထွက်ကာ သူတစ်ပါးကို အပြစ်တင်ဖို့ ပြုစုဖို့သာ စိတ်ကူးရှိတဲ့ တိမ်လွှာနီပင် စကားနာထိုးဖို့ ခနဲ့ဖို့ ရှုံ့ဖို့တွေ မေ့ကာ တဟားဟား ရယ်နေမိသည်။

ပြီးတော့ သူမကိုယ်တိုင်ပင် သစ်သီးတွေ ရေစင်စင်ဆေးကာ အလှဆင်ပုံဖော်ပေးသည်။

စပျစ်သီး ခပ်ကြီးကြီးတွေကို အသဲပုံလှလှစီပြီးမှ အသဲထဲမှာ ပန်းသီး၊ လိမ္မော်သီး၊ နာနတ် ဖရဲတို့ကို ကာတွန်းရုပ်သဏ္ဌာန် မျက်လုံးပြူးပြူး၊ ပါးစပ်ပြဲပြဲ ပုံစံပေါ်အောင် ဖန်တီးသည်။

"ဟယ် .. နင်က တော်လိုက်တာ တိမ်လွှာရယ်၊ ဘာမဟုတ်တာလေးတောင် အနုပညာလက်ရာမြောက်အောင် လုပ်နိုင်တဲ့ စွမ်းပကားရှိတယ်နော်၊ နင့်မှာ ပါရမီထူးရှိတယ် သိလား၊ နင်တစ်နေ့ အရမ်းအောင်မြင်ဦးမှာ"





"အောင်မြင်ဖို့ဆိုတာ တော်နေရုံနဲ့ မရဘူးဟ… ဘုရားတရားလုပ်ပြီး စိတ်ကောင်းလေးလည်း ထားဦးမှဖြစ်တာ ကြားလား"

"ဒီနေ့မှ ပြန်ဆုံတဲ့ သူငယ်ချင်းတစ်ယောက်ကို သူဘယ်လို ဖဲ့ရက်လည်း ကြည့် …တွေ့လား…ငါ့ပဲ စိတ်ပုပ်မကြီးလိုလို …ဟွန်း"

ဒီတစ်ခါတော့ ကြက်ဥခေါက်မွှေနေတဲ့ ဂုဏ်မင်းရဲ့ ကျောကို တိမ်လွှာနီက လက်သီးဆုပ်နှင့် ထုလိုက်ပါသည်။

မီးဖိုခန်းလေးမှ ရယ်သံချိုချိုတို့သည် တစ်အိမ်လုံးလိုလို ပျံ့နှံ့သွားလေတော့သည်။

◆ ◆ ◆

"ဟဲလို"

အလင်းရဲ့ထူးလိုက်လျှင် တစ်ဖက်က အသံတိတ်သွားပြီး အသက်ရှူနေသံ မျှင်းမျှင်းလေးကိုသာ ကြားနေရ၏။

ဒီဖက်က တိမ်လွှာနီမှာတော့ သြသြချွဲချွဲ ဟဲလိုထူးသံနှင့် ပင် ရင်ထဲ ကတုန်ကယင်လှိုက်ဖိုနေရသည်။

နှုတ်ခမ်းလေး ဖိကိုက်လျှက် သူမငြိမ်နေမိသည်။

"အိန်ဂျယ် မဟုတ်လား၊ မင်း ကိုယ့်ဆီ ခဏ ခဏ Message ပို့နေတာ ဘာကြောင့်လဲ"

"ဟို ..ဟို .. အိန်ဂျယ်"

အင်မတန် သတ္တိကောင်းပြီး ပွင့်လင်းရဲတင်းတဲ့ သူမဟာ တကယ်တမ်း စကားပြောဖို့ ကြုံလာတော့ ကတုန်ကယင် ထစ်ငေါ့ နေလေသည်။





သူမကိုယ် သူမ ပြန်လည်အားတင်းလိုက်ရင်း --

"ကိုလင်းနဲ့ သိချင် ခင်ချင်လို့ပါ"

"မင်း ကိုယ့်ကို မနှောက်ယှက်ပါနဲ့"

"နှောင့်ယှက်တာ မဟုတ်ဘူး"

"ကိုယ့်မှာ အင်ဂေ့ချ်လုပ်ထားတဲ့ မိန်းကလေးရှိတယ်"

"သိပါတယ် အင်ကြင်းက ကျွန်မရဲ့ ဒီဇိုင်နာပဲဥစ္စာ"

"သိရင် မင်း ဘာလို့ အချိန်ကုန်ခံ မိတ်ဆက်နေရတာ လဲ"

သူ့စကားသံမှာ မာကြောအေးစက်နေ၏။

အိန်ဂျယ် မခံချင် ဖြစ်မိသည်။

"ရှင့်ကို သနားလို့ပေါ့ ကိုလင်းရဲ့"

"ဘာကွ"

"မကြားရဘူးလား၊ ရှင်က သနားစရာကောင်းတဲ့ ယောကျ်ားတစ်ယောက်ပဲ"

"တောက် ...မင်း ...မင်း"

"ရှင့်က အချစ်ဆိုတာ ဘာလဲ မသိဘူးပဲ၊ ရှင် ဘယ်

လောက်ထိအောင် ညံ့ဖျင်းနေသလဲဆိုတာ သိရဲ့လား၊ အင်ကြင်းမယ်က ရှင့်အပေါ် တစ်စက်ကလေးမှ သစ္စာရှိ တာမဟုတ်ဘူး·· သူ့အိမ်ကို ကျွန်မရောက်သွားတော့ ဘယ်သူ့ကို တွေ့ရသလဲ သိလား''

''ကျွတ် ... မင်း ထပ်မပြောနဲ့''

''နားထောင်ပါဦး ··ရှင်သိထားဖို့ လိုတာပေါ့၊ သူက ဂုဏ်မင်းထယ်ကိုပဲ ချစ်တာ''

အလင်းရုံသည် ဖုန်းကို ပိတ်ချဖို့ ရည်ရွယ်လိုက်ပေမယ့် အံကို တင်းတင်းကြိတ်လျက် တစ်ခဏ ငြိမ်နေမိသည်။

အင်ကြင်းနဲ့ ထိုလူအခြေအနေဟာ တကယ်ပဲ စိုးရိမ်ရေမှတ်ရောက်နေပြီလား။

သူ ခေါင်းယမ်းလိုက်သည်။

''အဲဒီ ကိစ္စတွေ ကိုယ်အားလုံးသိတယ်··· မင်းပြောချင်တာ ဒါပဲမဟုတ်လား''

''ရှင်မသိပါဘူး''

''ဒါပဲမဟုတ်လား''





''အင်ကြင်းမယ်နဲ့ လက်ထပ်မယ့် ကိစ္စ ရှင်သေချာပြန်စဉ်းစားပါဦးလား''

''မင်း ပြောဖို့ မလိုဘူး''

''ရှင်အခု ဘယ်မှာလဲဟင်''

''ဘာဖြစ်လို့ မေးရတာလဲ''

''ရှင်အခု ကားပေါ်တက်ပြီး ပြန်တော့မှာလား''

သူမရဲ့ မေးခွန်းကြောင့် ဟိုတယ်နံဘေးက ကားစတင်းရှိရာ တစ်လှမ်းချင်း ဖြည်းဖြည်းလျှောက်လာရင်း ဖုန်းပြောနေတဲ့ အလင်းရုံမှာ မျက်မှောင်ကုပ်သွားရသည်။

သူ့မျက်လုံးကလည်း အလိုအလျောက်ပင် ဟိုဒီဝေ့ဝဲ ရှာဖွေလိုက်မိ၏။

ဟိုး ဂိတ်ပေါက်ဝမှာ လုံခြုံရေးဝန်ထမ်းနှစ်ဦးထိုင်နေတာက လွဲ၍ တခြားဘယ်သူမှလည်း မရှိ။

ဒီဖက်ခပ်လှမ်းလှမ်းက မှန်ချပ်ကာရံထားတဲ့ အခန်းကလည်း ရက်စတောရန့်ဖွင့်ထားတဲ့နေရာ။

အိန်ဂျယ် သူ့ကို ဘယ်ကနေ တွေ့မြင်နေရပါလိမ့်။

"ကိုလင်း … ရှင်အချိန်ရရင် ခဏလောက် စကားပြော ကြစို့လား"

"မင်းက … အခု"

"ကျွန်မလည်း ဒီမှာပဲပေါ့၊ ကျွန်မနဲ့အတူလာတဲ့ သူငယ် ချင်းစုံတွဲက ကလပ်ထဲမှာ၊ ကျွန်မက ရှင့်ကိုလှမ်းတွေ့လို့ အပြင် ထွက်လာခဲ့တာ"

"ကျွတ်…မင်းကွာ"

သူမရဲ့ တဖွတ်ထိုးဆန်ဆန် တောင်းဆိုနေမှုကြောင့် အလင်းရဲ့ စိတ်အိုက်သွားရသည်။

ဘယ်နှယ့် လောကကြီးလဲကွာ။

မိန်းကလေးချင်းအတူတူ အင်ကြင်းမယ်ကျတော့ သူ့အပေါ် တင်းမာအေးစက် စိမ်းကားပါဘိ။

ဒီမိန်းကလေးအသံက နူးညံ့ချိုသာပြီး တခတယနှင့် အောက်ကျို့ရတာကိုပဲ ပျော်မွေ့နေတဲ့အသံမျိုး။

အလင်းရဲ့ ဘာပြောရမလဲ မသိခင် သူ့ကားနှင့်ကွယ် ထိုင်ပြီး ငုတ်တုတ်လေး ဖုန်းပြောနေတဲ့ အိန်ဂျယ်က ဖြန်းဆို





မတ်တပ်ရပ်ပြလိုက်ပါသည်။

"ဪ"

အလင်းရဲ့က ရှုတည်တည်ကြည့်ရင်းက ခေါင်းဆတ် သည်။

အိန်ဂျယ်သည် လေပြေညင်းအေးမြမြလေးကို ဂရုမစိုက် လှသလို ကြိုးမျှင်သေးသေးလေးတစ်ချောင်းသာ ဂုတ်ပေါ်သိုင်း ချည်ထားတဲ့ ရင်ပြတ်ဂါဝန်ပုံဆန်းဆန်းနှစ်ထပ်ကလေး ဝတ်ထား သည်။

ဂါဝန်ရဲ့ အသားက ထူထူအိအိနှင့် နူးညံ့တဲ့ပုံစံရှိပြီး အရောင်ကလည်း အနက်ရောင် စိုစိုမှောင်မှောင်လေးမို့ သူမရဲ့ အသားအရေက ပိုမိုဝင်းပလင်းလက်နေသည်။

သူမသည် နတ်သမီးလေးပမာ ခုန်စွခုန်စွလေးနှင့် သူ့ အနီးသို့ ချဉ်းကပ်ရောက်ရှိလာသည်။

"အဟင်း …ဟင်း"

ရယ်သံချိုလေးနှင့်အတူ ချစ်စဖွယ်သော အပြုံးနှင့် သူ့ကို နွဲ့နွဲ့အီအီလေး မော့ကြည့်နေ၏။

“ကိုလင်းကို အသာလေး ခိုးကြည့်နေတာ၊ တစ်ယောက်တည်း ဘီယာလာသောက်တာပေါ့လေ”

“ဟုတ်တယ် .. အခု ကိုယ်ပြန်မလို့ပဲ”

“အိန်ဂျီကို လိုက်ပို့ပေးပါလားဟင်”

“အာ ...ဘာလို့ လိုက်ပို့ပေးရမှာလဲ၊ မင်းဘာသာ မင်းပြန်ပေါ့”

“ကိုလင်း ကားကိုလိုက်စီးချင်လို့ ဟီး..ဟီး”

“ငါ့မှာ မင်းကို ကားကြုံတင်ခေါ်ဖို့ စိတ်ကူး မရှိဘူး”

“မရပါဘူး ... လိုက်မှာပဲ”

အလင်းရုံက ခဏကတည်းက သူ့ကားကို ရီမုတ်နှင့် ကားလော့ဖြုတ်ထားပြီးဖြစ်ရာ အိန်ဂျယ်က ပြောပြောဆိုဆို မောင်းသူ့နံဘေးက နေရာမှာ ဇွတ်ခနဲ ဝင်ထိုင်လိုက်ပါသည်။

အလင်းရုံက ကားတံခါးကို ဖွင့်ရင်း..

“မင်း အခုပြန်ဆင်းစမ်း”

“မဆင်းပါဘူး၊ သူ့ကို ချစ်ရတာ အောက်ကျနောက်ကျနိုင်လိုက်တာ”





သူမဘာသာ ပွစိပွစိရေရွတ်လျက်..

“ဟော့ ...ဘာတွေပြောနေတာလဲ၊ မင်းကွာ မိန်းကလေးတစ်ယောက်ဖြစ်ပြီး ဣန္ဒြေမဲ့လိုက်တာ”

“ရှင့်ရဲ့ အင်ကြင်းမယ်ကိုတော့ ဣန္ဒြေရတယ်လို့ ပြောချင်တာပေါ့လေ ..ဟာ ..ဟ ... သူဖြင့် မသိပဲနဲ့”

“မင်း ...ကိုယ့်ချစ်သူကို ဘာမှ ထိခိုက်ပြောစရာ မလိုဘူး”

“ရှင့်ချစ်သူ ...ဟုတ်လား၊ ရှင့်ဘာသာ တစ်ဖက်သတ်ချစ်တာကိုများ ..ဟွန်း”

“ဘာကွ”

“မကြားဘူးလား”

သူမက မျက်နှာလေး ရွဲ့ပြောင်ပြ၏။

အလင်းရုံသည် လုံခြုံရေးဝန်ထမ်းတွေကြားမှာ လှမ်းကြည့်အကဲခတ်မှာစိုးတာကြောင့် ကားထဲဝင်ထိုင်လိုက်ပါသည်။

“ဒီမှာ ကိုအလင်းရုံရဲ့ မသိရင်မှတ်ထား အင်ကြင်းရယ် ကျွန်မရယ် ဂုဏ်မင်းရယ်က လည်ပင်းဖက်ပြီး အတူတူကြီးလာတဲ့

သူငယ်ချင်းတွေပါ၊ အင်ကြင်းက သူ့အမေကို အလွန်ဆန်ချင်လို့သာ ရှင်ကိုလက်ခံထားရပေမယ့် သူဖျပ်ဖျပ်လူး ချစ်နေတာက ဂုဏ်မင်းပါ၊ ရှင်ကိုယ်တိုင် တွေ့ရင် သိပ်အံ့ဩသွားမှာ သိလား"

အလင်းရံက အိန်ဂျယ်ထံမှ အကြည့်ကို လွှဲသွားသည်။

"အိမ်မှာ သူတို့နှစ်ယောက်ကို ပျော်ပျော်ပါးပါး အတူတူတွေ့ရတော့လေ၊ ကျွန်မ ကိုလင်းကို သတိရလိုက်တာ၊ ရှင်ကတော့ ယုံမှာမဟုတ်ပါဘူး၊ ဒါပေမယ့် အိန်ဂျယ်အရမ်းခံစားရတယ်၊ လောကကြီးမှာ အချစ်တွေ ဘာလို့နေရာလွဲနေကြတာလဲ၊ ဘာလို့ လူတွေ လွဲနေရတာလဲဟင်"

တိုးတိုးတိတ်တိတ်မေးလျှက် သူမက သူ့အနီးသို့ ပိုမိုတိုးကပ်လာခဲ့သည်။

"ဘယ်လိုဖြစ်ဖြစ် အိန်ဂျယ် ကိုလင်းကို မေ့ထားလို့မရဘူး၊ ရှင် သူ့ကို ချစ်တယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် ကျွန်မလည်း ဒီတိုင်း နောက်မဆုတ်နိုင်ဘူး၊ လက်မလျှော့နိုင်ဘူး ကိုလင်းရယ်၊ ရှင် အထင်သေးချင်ရင်လည်း ရှင့်သဘောပါပဲ၊ ဣန္ဒြေမရဘူး ဆိုတာကလည်း ရှင့်ကို သိပ်ချစ်မိလို့ပါ"





အိန်ဂျယ်က ခံစားချက်ပါပါ ရင်ဖွင့်စကားအဆုံးမှာ သူ့လက်မောင်းကို ဆုပ်ကိုင်၍ တစ်ကိုယ်လုံး နွဲ့မှီချလိုက်သည်။

မမျှော်လင့်သော အပြုအမူကြောင့် အလင်းရံရုတ်တရက် အံ့အားသင့်နေမိသည်။

စဉ်းစားကြည့်လေဗျာ။

တိတ်ဆိတ်တဲ့ ညချမ်းမှာ၊ လူသူကင်းရှင်းနေတဲ့ ကားစတန်းမှာ ကိုယ့်ကို သိပ်ချစ်တာပဲလို့ ပြောနေတဲ့ မိန်းကလေးတစ်ယောက်က ဖြုန်းခနဲ ကိုယ့်ရင်ခွင်ထဲ ခွတ်ဝင်လာမယ်ဆိုရင် ငြင်းနိုင်စွမ်း ရှိပါ့မလား။

သူမက သိပ်ကို တောက်ပထုံးစားတဲ့ မော်ဒယ်ကောင်မလေးတစ်ယောက်လည်း ဖြစ်တဲ့အပြင် သူမ သဏ္ဌာန်လေးက နူးညံ့နွေးထွေးပြီး သိပ်ကိုဆွဲဆောင်မှုလည်း ရှိနေတယ်။

ညို့ငင်ဖြားယောင်းနိုင်သော နှုတ်ခမ်းထူအိအိလေးက ဖျတ်ခနဲ သူ့ပါးပြင်ကို ထိတွေ့လိုက်လျှင် အလင်းရံ ရုတ်တရက် အသက်ရှူမှားသွားရသည်။

"ကိုကိုရယ် … အိန်ဂျယ် ချစ်တာကို ဘာနဲ့သက်သေ

ပြုရမလဲဟင် … အိန်ဂျယ့်ကို ပြန်ချစ်ပါနော် … နော် .. ကိုကို"

တစာစာ တောင်းဆိုရင်း သူ့ရင်ခွင်ထဲ ခေါင်းတိုးဝှေ့လာသောအခါ သူက ကျောက်ရုပ်မဟုတ်တဲ့အတွက် အနည်းငယ် နှစ်သိမ့်ပေးမိတာ သူမှားသွားတယ်ဆိုနိုင်မလား။

* * *

ဝိုးမိုးစာပေ



အင်ကြင်းသည် ဖက်ရှင်ဆိုင်လေးထဲမှာ တစ်ယောက်တည်းထိုင်ကာ ဂါဝန်ရင်ဖုံးပုံလေးရဲ့ ရင်ဘတ်နေရာမှာ ရေးထိုးရမယ့် နှင်းဆီပွင့်လေးတစ်ပွင့်ကို ရေးခြယ်ရင်း ကျောက်ရောင်စုံလေးတွေကို နေရာချထားကြည့်နေမိသည်။ ဒီနေ့ကျောက်ကလေးတွေကို ကော်ချောင်းအရှူပေးပြီး သပ်ရပ်အောင် ကပ်ပေးရမည်။

လူက နည်းနည်းညောင်းညာနေတဲ့အကြောင်း ကော်ဖီဖျော်သောက်ဦးမည်ဟု စိတ်ကူးကာ စားပွဲမှ ထလိုက်သည်။

ည ရှစ်နာရီထိုးကာနီးပြီမို့ သင်တန်းခန်းမအတွင်းမှာ တိတ်ဆိတ်ပြီး သူမတစ်ဦးတည်းသာ ရှိသည်။

မဟေမာန်က ထမင်းစားပြီး နောက်ဖေးဘက်သို့ ထွက်သွားလေပြီ။

ဝိုးမိုးစာပေ

အင်ကြင်းကတော့ ဒီည အင်္ကျီဒီဇိုင်းလေးပြီးအောင် ဝိရိယ ထား ချုပ်လုပ်နေတာမို့သာ အိမ်မပြန်ရသေးတာပါ။

ကိုလင်းလည်း မရှိတော့ စိတ်လွတ်လပ်နေသည်။

ခုတလော ကိုလင်းက သူမကို သိပ်ပြဿနာမရှာဘဲ သူ့ဘာသာ အလုပ်တွေများနေပုံရသည်။

အင်ကြင်းသည် မီးဖိုခန်းလေးဆီ လျှောက်လာရင်း မနေ့က ဖြူဖြူပြောသော စကားတွေကို ပြန်စဉ်းစားမိသည်။

"အင်ကြင်းရယ် ... ဖြူအတင်းပြောချင်တာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အဲဒီအိန်ဂျယ်က တစ်မျိုးပဲနော်၊ ကို ဂုဏ်မင်းကို ဆိုရင်လည်း တရင်းတနှီး ပုတ်လားခတ်လား၊ ပခုံး ထုလားနဲ့ အနေအထိုင်က တအားရဲတင်းတယ်"

"ဂုဏ်နဲ့က ငယ်ပေါင်းတွေကိုး"

ဖြူက နှာခေါင်းလေး ရှုံ့သည်။

"ငယ်ပေါင်း ဆိုပေမယ့်လည်း သူ့အကြည့်က ကြာ ကြည့်မပါဟယ်"

"မဟုတ်ပါဘူး"





"ဩော် ... ဟုတ်ပါတယ်ဆိုမှ"

အင်ကြင်းက ပြုံးသာနေမိသော်လည်း သူမကိုယ်တိုင် လည်း ဒီလိုပဲထင်မိသည်။ လျှပ်စီးလက်နေသော အိန်ဂျယ့်ဟန်ပန် ကို ရင်လေး မျက်စိနောက်မိတာ အမှန်ပင်။

"နင် မရိပ်မိဘူးလားဟင်"

"သူ ဒီလိုပဲနေတတ်တာ ဖြစ်မှာပါ"

"ပိုဆိုးတာ ရှိသေးတယ်သိလား၊ ဟိုနေ့က ကိုအလင်းရဲ့ လာတော့လေ...."

အင်ကြင်းက ဖြူ့မျက်လုံးထဲ စိုက်ကြည့်မိသည်။

ဖြူဖြူက ပြောသင့် မပြောသင့် ချင့်ချိန်နေသည်။

"ဘာဖြစ်လို့လဲ ... ပြောလေ"

"နင်သတိထားသင့်တယ် ထင်လို့ ငါပြောမှာနော်"

"အေးပါ"

"ကိုအလင်းရဲ့က သူ့ကိုတွေ့တာနဲ့ အမူအယာပျက်သွား တယ်၊ ဝရုံးတောမက် ထွက်သွားတယ်"

"ဟုတ်လား"

ကိုလင်းနှင့် ပတ်သက်၍ အင်ကြင်း အေးအေး နားထောင်နိုင်ပါသည်။

ဖြူကို စကားအောက်မေ့လိုက်သည်။

"နင် အိမ်ထဲဝင်သွားတော့ သူ ဝရန်တာလိုက်ထွက်သွားတယ်"

"စကားသွားပြောတာ ဖြစ်မှာပေါ့၊ ကိုလှိုင်းနဲ့လည်း ခင်နေပြီလေ၊ ငါထွင်ချပ်ပေးတဲ့ ဖတ်ရှင်နဲ့ သူ့အရှေ့တော့ မပေါ်မာနဲ့တို့ မောင်နှမကိုလည်း ပိုတယ်မှာ ထမင်းဖိတ်ကျွေးသေးတယ်၊ နင်ကို ငါအားလုံး ပြောပြသွားပဲ၊ သူ့တကူးတကဆ် ပြောကတ်ကို ရှင်းရှင်းလင်းလင်း နဲ့ ထဲထဲဝင်ဝင် မပေါင်းတတ်ဘူးမယ်"

"ဖြူကိုတော့ အဲလို မပေါင်းပါဘူး"

ဖြူဖြူက ချက်ချင်း တော့စကားပြသည်။

ဟုတ်တော့ ဟုတ်သည်။ တိမ်လွှာနီသည် ဖြူဖြူကိုတော့ သိပ်အရေးမလုပ်၊ စကားမပြောတတ်၊ သဘောထားမိသည်။

အင်ကြင်းသည် ချက်ချင်း ဘာပြန်ပြောရမှန်း မသိ။

"သူက သူ့အတွက် လိုအပ်မှ ဘာရှင်းတန်းရောတာ

ဖါမှာပေါ့၊ အဲသိသာချည်းပါ၊ အစုးသဖြင့် ယောကျ်ားလေးတွေကိုပေါ့၊ အဲဒါ ငါနဲ့တော့ ဘာမှမဆိုင်ပါဘူး၊ ဒါပေမယ့် နင်ကတော့ သတိထားအင့်တယ်၊ အင်ကြင်းရဲ့နောက်မှ မပြောမရှိနဲ့နော်"

"အေးပါ ... နင့် စိတ်ပူပေးတာ ငါနားလည်ပါတယ် ဖြူရယ်"

"အိန်ဂျယ်နဲ့ ကိုအလင်းရဲ့ ဆက်ဆံရေးက တစ်မျိုးပဲ"

"ဘာဖြစ်လို့လဲ"

"အဲဒီညနေက ဝရန်တာမှာ သူ့လက်ထဲက ကိတ်မုန့်ကို ခွံ့ကျွေးတယ်"

အင်ကြင်း မျက်ခုံးပင့်သွားရသည်။

ဒီအထိ ရဲတင်းပြောင်ကျမယ်လို့ မထင်...။

"သေချာရဲ့လား"

"သေချာတာပေါ့၊ ကိုအလင်းက မစားဘူး၊ သူ့ကို စကားလည်း မပြောဘူး၊ ခပ်တည်တည်ကြီးနဲ့ သူတို့နှစ်ယောက်ကြားမှာ နင်မသိတဲ့ ပတ်သက်မှုတစ်ခုခု ရှိလိမ့်မယ်နော်၊ ပုံစံတွေကြည့်ရတာ သိပ်မဟန်ဘူး၊ ဒါမျိုးဆိုတာကိုလည်း ဘေးကနေ ကြည့်ရင် သိသာ

တတ်တယ်လေ၊ လှို့ဝှက်ထားရင်တောင် အမှတ်တမဲ့နဲ့ ပေါ်သွား
တတ်တာမျိုး''

''သူတစ်မျိုးဖြစ်နေတာတော့ ငါရိပ်မိပါတယ်''

''နင်ဘာမှ မမေးကြည့်ဘူးလား''

''ဟင့်အင်း''

''နင်ကလည်း နော်''

''ကြိုက်သွားရင်လည်း အေးတာပဲ''

''ဟဲ့ ... ဘယ်လိုကြီးလဲ''

''ငါမှ ကိုလင်းကို မကြိုက်တာ''

''ပြီသွားခဲ့ရင်လည်း နင်ထင်သလို ဖြစ်ဦးမှကိုး၊ အပျော်
ပဲဆိုရင် ဘယ်လိုလုပ်မလဲ''

''သူ့သဘောပဲပေါ့၊ သူ့ သိက္ခာ သူမလေးစားရင် လုပ်
ပေါ့''

''အင်ကြင်းရယ် ... ပေါ့ပေါ့ဆဆ ချည်းပါလား''

အင်ကြင်း စိတ်ထဲမှာတော့ ဂုဏ်မင်းဖက် လှည့်မလာရင်
ပြီးရောဟူသာ သဘောပိုက်ထားလိုက်ပါသည်။

[redacted]



တကယ်တော့လည်း ကိုယ်ဖြစ်ချင်တာတွေပဲ သူမတွေး
နေမိတာပါ။

ဂုဏ်နဲ့ သူမဟာ ချစ်ခွင့်ရောရှိမှာမို့လား။

ရင်ထဲက အချစ်တွေ အပြင်ထုတ်ပြခွင့် ရမှာမို့လား။
အတူလက်တွဲခွင့် ဆိုတာရော ...။

အင်ကြင်းသည် အတွေးများနှင့် မှုန်းကြပ်စိတ်ရှုပ်လာတာ
မို့ ပင့်သက်ကလေးသာ ရှိုက်မိလေသည်။

လက်ကသာ မတ်ခွက်ထဲ ကော်ဖီထုတ်ဖောက်ထည့်ပြီး
နွှန်းနှင့် မွှေနေမိသော်လည်း အတွေးတွေက ပျံ့လွင့်နေသည်။

ညနေက ဝယ်ထားတဲ့ ဝီဖာမုန့်ကို ကော်ဖီဖျော်ပြီးမှ သတိ
ရသည်။

မိနီဝီဖာကို ဗိုက်ကရိုဝေ့ဗ် ဓါးဖိုထဲ တခဏနွေးပြီး မြန်
အထုတ်မှာ မထင်မှတ်ဘဲ လက်နည်းနည်းပူသွား၏။

လက်ချောင်းလေးကို ရေဆေးထဲ နှစ်စိမ်ကာ သူမထင့်
နေမြဲဖြစ်သည်။

ငါ၊ရူတာပဲဖြစ်ဖြစ်၊ လက်အပူလောင်တာပဲဖြစ်ဖြစ် လမ်း

[redacted]

မှာ အမှတ်တမဲ့ ခလုတ်တိုက်တာပဲဖြစ်ဖြစ် အမြဲတမ်း အဓိပ္ပါယ်တစ်ခုခု ရှိတတ်သည်ဟု သူမ စိတ်ထဲ စွဲနေသည်။

ဒီအဓိပ္ပါယ်ကရော ဘာလဲ . . .။

တော်ကြာ အဖြေပေါ်မှာလား၊ မနက်ဖြန်မှ အဖြေပေါ်မှာလား။

ဘယ်လိုပဲဖြစ်ဖြစ် သတိထားစောင့်ကြည့်ရဦးမည်။

အင်ကြင်း စောင့်ကြည့်တဲ့ အခါတိုင်းလည်း မတော်တဆဖြစ်ရပ်လေးတွေရဲ့ နောက်ကွယ်မှာ နိမိတ်ဆန်သော ကွင်းဆက်တစ်ခုခုက ရှိနေတတ်သည်။

အင်ကြင်းသည် ဗန်းကလေးထဲ ကော်ဖီပန်းကန်နှင့် မုန့်ပန်းကန်သယ်ကာ ထမင်းစားပွဲဆီလာသည်။

ထိုအချိန်မှာပဲ ကားဝင်လာသံတစ်ခုနှင့်အတူ ကားတံခါးပိတ်သံတစ်ခုကိုပါ ကြားရသည်။

ကိုလင်း ပြန်လာပြီ။

ဒီကားသံနှင့် တံခါးပိတ်သံကို သူမ အလွတ်ရနေပြီ။

အင်ကြင်းသည် ထမင်းစားပွဲမှာ ထိုင်လျက်သား နားစွင့်





နေမိသည်။

မုန့်တံခါး တွန်းလိုက်တဲ့အခါ မြူးစေသံလေး ထွက်ပေါ်လာသည်။

သူ့ အထဲဝင်လာပြီပေါ့။

အလင်းရဲက ကားသော့နှင့် ဖုန်းကို စားပွဲပေါ်တင်လိုက်သည်။ ပြီးလျှင် ဖုန်းဘက်ထရီ အားသွင်းရဦးမှာ သတိရမိသောကြောင့် နံရံက ပလပ်ပေါက်လေးမှာ ချာဂျာနှင့် အသာသွင်းထားလိုက်သည်။

ပြီးလျှင် ဝတ်ထားသော လယ်သာဂျာကင်ကို ချွတ်ပြီး ဆက်တီရဲ့နောက်မှီမှာ အသာတင်ထားလိုက်၏။

သူ့ရဲ့ လှုပ်ရှားမှုတွေ မပြီးဆုံးမီမှာပင် ဆိုင်ရှေ့ကို နောက်ထပ် ကားတစ်စီး ရောက်လာပါသည်။

ရုပါဆလွန်းနှင့်ပါ ...။ ကားထဲကနေ ကြော့ရှင်းလှပသော မိန်းမငယ်လေးတစ်ယောက်က ဖျစ်ခနဲ ဆင်းလာပြီး နောက် သွက်သွက်လက်လက်ပဲ လျှောက်လာခဲ့သည်။

အလင်းရဲ ကားကိုတွေ့သဖြင့် သူမ ပျော်သွားသည်။

တိတ်တခိုး သံယောဇဉ်လေးနှင့် ရင်ခုန်ရ၊ အိပ်ရေးပျက်ရတာ များပြီးလေ။

အင်ကြင်းသည် နောက်ထပ် ကားတံခါးပိတ်သံပါ ကြားရသဖြင့် ထွက်ကြည့်ဖို့ မတ်တပ်ရပ်လိုက်တာ မြင်သည်နှင့် ခေါင်းနပန်းကြီးသွားရသည်။

ဒီရက်ထဲမှာ သူမကို အလင်းရဲ့ ရှောင်နေခဲ့တာပါ။

အခုတော့ ထိပ်တိုက် မျက်နှာချင်းဆိုင် တိုးတော့မည်။

ဘေးလူတွေ မရိပ်စားမိခင် ဒီဇာတ်လမ်းကို ပြတ်အောင်ဖြတ်ထားဖို့ သူ ဆုံးဖြတ်ထားခဲ့ပြီ။

အိန္ဒြေကို့တော့ အားနာမိတာအမှန်။

သို့သော် မမဟေမာန် သိသွားရင်မလွယ်။

ထို့ထက် အင်ကြင်းသိသွားခဲ့လျှင် ပို၍ ရှင်းရခက်လိမ့်မည်။

သူ အားနာပါးနာ လိုက်လျောဆက်ဆံနေလျှင် ပြဿနာအားလုံး သူ့ခေါင်းပေါ် တက်လာလိမ့်မည်။

စောစောစီးစီးက ရပ်တန်းက ရပ်တာ ပိုအေးမည်။



အလင်းရဲက ပျာယီပျာယာနှင့် ခေါင်းကုတ်မှ အကြံအိုက်လျှက် ရှောင်ပုန်းနေဖို့ စိတ်ကူးသည်။

အင်ကြင်းသည် လိုက်ကာဟာစိလေးကြားကနေ လှမ်းမြင်လိုက်ရသော ကိုလင်းရဲ့ ဟန်မူယာကြောင့် တအံ့တသြ မျက်နှုံးလေး ရှုံ့လျက်သား ခြေစုံရပ်ကြည့်နေမိသည်။

ဖြူဖြူစကား မှန်နေပြီလား …။

တိမ်လွှာလာတာနှင့် သူက ရင်မဆိုင်ရဲအောင် ဘာကြောင့်ဖြစ်နေရတာလဲ။

တိမ်လွှာကလည်း လျှင်သည်။

မှန်ချပ်ကနေ တစ်ဆင့် အလင်းရဲ့ လှစ်ခနဲ အပေါ်ထပ်တက်ဖို့ မြင်လိုက်တာကို မြင်သည်။

ပုန်းလျှိုးကွယ်လျှိုး လုပ်တာကို မျက်ဝါးထင်ထင် မြင်ရတော့ အောင့်သက်သက်ဖြစ်မိသည်။

ရှင်က ဒီလိုလား …။

မမြင်ကွယ်ရာမှာသာ ကျွန်မကို ချွေးပိုက်ယုယမှာလား …။

ရှင် အသားစီး မရလွန်းဘူးလား။

ရှောင်နိုင်မယ်ဆိုရင် အစကတည်းက ရှောင်ရောပေါ့

ကိုကိုရယ်။

လမ်းတစ်ဝက်ရောက်နေမှတော့ အိန္ဒိဂျယ်တို့က ပြန်လှည့်

ခွင့် ပေးမယ် ထင်နေလား။

မိုက်ရဲရင် ဆက်မိုက်ကြရအောင်။

ရှင်ကောင်းပြီး ကျွန်မဆိုးအောင်တော့ ကွန်းမပို့လိုက်ပါနဲ့။

ကျွန်မက လိုက်ကပ်၊ လိုက်လုတယ်ဆိုတဲ့ နာမည်ဆိုးကြီး

နဲ့ ဖယ်ကျဉ်ခံရချိန်မှာ ရှင်ကတော့ အင်ကြင်းပန်းလေးကို ဖက်ပြီး

အောင်ပွဲခံချင်တာလား။

ဒီလို တစ်ဖက်သတ်စီရင်လို့ ဘယ်ဖြစ်ပါ့မလဲ။

နာကျင်ခံချက်သော နှလုံးသားနှင့် အိန္ဒိဂျယ်မှာမှဲလေး ပြုံး

မိသည်။

ရင်နာတာကို အသာမေ့ထား၍ သူ့ကိုမီအောင် ဖမ်းမှဖြစ်

မည်။

"ကိုကို"



အိန္ဒိဂျယ်က ခပ်တိုးတိုး

လှမ်းခေါ်ရင်း အလင်းရှိရာ လှေကားရင်းသို့ ပြေးကာစ်လာသည်။

"ဒါက ဘယ်တို့ ပြေးမလို့လဲ ... ပြန်ဆင်းခဲ့ကွာ"

လှေကားအောက်မှာ သူ့ကို အတင်းလိုက်ဆွဲထားလျှင်

အလင်းရဲ့ ထွေပွသွား၏။

"ဟာ ... မင်း ဘယ်လိုလုပ်တာလဲ၊ ဖယ်စမ်းပါ"

လွှမ်းရိပ်လွှမ်းယောင် ရှိမလား ပျာပျာသလဲ နားစွင့်လိုက်

ရှာသည်။

"ဟွန်း ... ကိုကိုတလည်း"

"ကျွတ် ... မင်းကွာ"

အလင်းရဲ့ အထိတ်တကလန့် ပုံစံဖြင့် အိန္ဒိဂျယ့်ကိုယ်

လေးကို လှေကားရင်းဘေးမှ ဆွဲချခဲ့ ခေါ်သွား

သည်။

ဖုန်းကွယ်ပုံမြဲသော ထိုနေရာလေးအရောက်မှာ အိန္ဒိဂျယ်

သည် အစောင့်ရဲ့ သူ့ကို တအားဖက်တွယ်လိုက်လေသည်။

"ကိုကို"

သူ့ရင်ခွင်ထဲကနေ မျက်နှာလေးက မော့လာသည်။

''အိန္ဒြာယ် မင်းဒီလိုလုပ်လို့ မဖြစ်ဘူးလေ''

''ဟင့်အင်း ... ကိုကို့ကို ချစ်တာပဲ သိတယ်''

အလင်းရဲသည် သူ့ရင်ခွင်ထဲကနေ အိန္ဒြာယ့်ကိုယ်လေးကို တွန်းဖယ်ခွာထုတ်မိသော်လည်း အိန္ဒြာယ်က သူ့ခါးကို ကျစ်လစ်နေအောင် ဖက်တွယ်ထားသည်။

''ကျွတ် ... မင်းလုပ်တာနဲ့ ပြဿနာတွေ တက်ကုန်တော့မှာပဲ''

အလင်းရဲ ချွေးပျံလာသည်။

''လာကွာ ... ဆက်တီမှာ သွားထိုင်ရအောင်''

ချော့မော့ကာ လက်ကို အသာဆွဲခေါ်လာချိန်မှာပင် လိုက်ကာစကို ဖယ်ရှားလျှက် ဖြုန်းခနဲ ပေါ်လာသော အင်ကြင်းကို တွေ့လိုက်ရသည်။

နှစ်ဦးသား ကြက်သေ သေသွားမိကြသည်။

အလင်းရဲက အိန္ဒြာယ့်လက်ကို ဖျပ်ခနဲ လွှတ်လိုက်ပေမယ့် အင်ကြင်းက မြင်တွေ့ပြီး ဖြစ်ပုံရပါသည်။



အလင်းရဲ့ မျက်နှာမှာ ရေနွေးနှင့် အပက်ခံလိုက်ရသကဲ့သို့ ပူခနဲ ဖြစ်သွားသည်။

တိမ်လွှာနီက အလင်းရဲထက် ပိုမိုသွေးအေးသည်။

တစ်နေ့ ဒီလိုဖြစ်လာနိုင်တယ်ဆိုတာ ကြိုတွေးပြီး ပြင်ဆင်ထားပုံရသည်။

သူမ၏ မျက်နှာလေးမှာ ပမာမခန့်နိုင်လှသည်။

အင်ကြင်းက စကားတစ်ခွန်းမှ မပြောပါ။

သူတို့နှစ်ယောက်ကို စူးစူးရဲရဲတစ်ချက်ကြည့်လျှက် ဖြတ်ကျော်သွားသည်။

ပြီးလျှင် သူမရဲ့ လက်ကိုင်အိတ်လေးကို အသာသွားဖြုတ်ယူလိုက်၏။

''အင်ကြင်း''

အလင်းရဲဆီက ပျာပျာသလဲ ခေါ်သံ ထွက်လာသည်။

အင်ကြင်းက လှည့်မကြည့်ပေ။

သူတို့အတင်းရုံပုံက ကိုယ့်အပေါ် စော်ကားရက်စက်ရာကျမနေဘူးလား။

သူကို မချစ်တာကတော့ မချစ်တာအမှန်ပဲလေ။

ကိုယ့်ကို လက်ထပ်ဖို့ တစာစာချင့်တွေင်းနေသူတစ်ယောက်က ကိုယ့်ရဲ့ရှေ့မှာ ဒီလိုနေထိုင်ပြမှုတွေကို ခွင့်လွှတ်ပေးစရာရှိရဲ့လား။

အင်ကြင်းသည် အလင်းရဲ့မျက်နှာကိုလည်း မကြည့်ချင်၊ စကားလည်း တစ်ခွန်းမှ မပြောချင်။

အစစတုန်းက ရိုးရိုးလေး မနှစ်သက်နိုင်တာပဲရှိပြီး အခုတော့ အထင်သေးစိတ်ပျက် ရွံမုန်းတာကြီး တစ်ခုက ဖြန်းခနဲ ထပ်တိုးလာခဲ့သည်။

"အင်ကြင်း ... ခဏနေပါဦး ..."

အင်ကြင်းက မုန့်တံခါးကို ဘေးသို့ တွန်းဖွင့်ကာ ထွက်ခွာရန် ခြေလှမ်းပြင်သည်။

အလင်းရဲ့က အယားဖားယား နောက်က လိုက်၏။

သူ့ကို အိန်ဂျယ်က လက်မောင်းဖမ်းဆွဲထားပြန်ကာ ...

"ကိုကို ... သူ့နောက် မလိုက်ပါနဲ့၊ ဒီမှာပဲနေပါ၊ သူ့ကို ပိုချစ်လို့ မရဘူးနော်၊ အိန်ဂျယ် မနာလိုဘူး"





"တောက် ... မင်း နေစမ်းပါကွာ"

အလင်းရဲ့က တောက်တစ်ချက် ခတ်ပြီး အိန်ဂျယ့်လက်ထဲက ဆောင့်ရုန်းထွက်လိုက်၏။ ပြီးတော့ အင်ကြင်းနောက်သို့ အပြေးအလွှား လိုက်လာသည်။

"အင်ကြင်း ... ကိုကို တောင်းပန်ပါတယ်ကွာ"

"အို ... ဘာမှ လာမပြောနဲ့"

အလင်းရဲ့က သူမ လက်ကို အတင်းလိုက်လံဆွဲလျှက် အင်ကြင်းက ရုန်းဖယ်သောအခါ ရှုပ်ယှက်ခတ်နေရ၏။

"ရှင် လိုက်မလာနဲ့နော်"

"ကိုယ် ရှင်းပြမယ်"

"မလိုဘူး ..ဖယ်"

"အဲလို ဒေါသ မကြီးပါနဲ့"

"ဒေါသမကြီးဘူး၊ ကျွန်မ အေးအေးဆေးဆေးပြောမယ်"

"အိုကေ .. ပြော ...ပြော"

"ဒီမှာ ကိုလင်း ... ရှင်တို့ကိစ္စ ခိုးကြောင်ခိုးဝှက်

လုပ်ဖို့ မလိုဘူး၊ ရှင် သဗ္ဗိရှိရှိ ရင်ဆိုင်လိုက်ပါ"

"နေဦး … အင်ကြင်းထင်သလို မဟုတ်ဘူး"

"ကျွန်မ မျက်စိနဲ့ တပ်အပ်မြင်တာထက် ဘာကို ပိုယုံရဦးမှာလဲ၊ ရှင် တစ်ခွန်းမှ ထပ်မဖြေရှင်းနဲ့တော့"

"အင်ကြင်းမှာလည်း ဂုဏ်မင်းထယ် ဒီလိုပဲရှိနေတာပဲ၊ အရေးကြီးတာက လက်ထပ်တဲ့သူ ဘယ်သူလဲ ဆိုတာပဲ"

အင်ကြင်းက မျက်နှာလေး တစ်ချက်မဲ့လိုက်ပြီး …

"ဂုဏ်မင်းကို ကျွန်မချစ်တယ်ဆိုတာ မှန်တယ်… ဒါပေမယ့် ဒီဖက်က ကိစ္စမပြတ်သားသေးဘဲနဲ့ ကျွန်မသစ္စာ မမဲ့ခဲ့ဘူး၊ ရှင်က ဒါ ပေါ်တင်စော်ကားတာ၊ ကျွန်မရဲ့ ခံစားမှုနဲ့ ဘယ်လိုမှ ပုံစံချင်း မတူဘူး နားလည်ရဲ့လား"

အင်ကြင်းသည် နှုတ်ကပြောရင်း လမ်းလည်း လျှောက်သည်။ သူကလည်း ထက်ကြပ်မကွာ ယှဉ်တွဲပါလာသည်။

"နားလည်ပြီ‥ အင်ကြင်းကို ကိုကို တောင်းပန်တယ်ကွာ … နော် … ခွင့်လွှတ်ပါ"

"ဘာကို ခွင့်လွှတ်ရမှာလဲ … ဘာလဲ …ကျွန်မက





ရှင့်ကို သူ့ဆီကနေ ယှဉ်လုရမှာလား၊ ဘယ်တော့မှ မဖြစ်နိုင်ဘူး၊ ရှင်နဲ့ကျွန်မ ဒီမှာပဲစေတ်လမ်းပြတ်ပြီ ကိုအလင်းရဲ့"

"ဟာကွာ … သွေးပူနေတုန်း ဘာမှ မဆုံးဖြတ်ပါနဲ့"

"ဟင့်အင်း … ရှင် သဘော မပေါက်တာပါ၊ သွေးအေးလည်း ဒီအဖြေပဲ၊ လက်ထပ်ဖို့ကိစ္စ ကျွန်မဘက်က ဖျက်သိမ်းတယ်၊ ကျွန်မ မေမေ့ကို သေချာပြောပြမယ်"

"ဟာ … မလုပ်ပါနဲ့ … အန်တီဦးကိုတော့ မတိုင်ပါနဲ့ကွာ"

သူက သူ့ဖက်ကျတော့ သိတတ်လိုက်တာ။

မပြောရင် ဒါဟာ အင်ကြင်းအလွန်ဖြစ်မှာပေါ့။

ထို့ကြောင့် အင်ကြင်းက ခေါင်းယမ်းသည်။

"ဆောရီးပဲ ကိုလင်း၊ ကျွန်မဖက်က လုပ်စရာရှိတာလုပ်ရလိမ့်မယ်"

"ဆက်မပြောပါနဲ့ အင်ကြင်းရယ် ‥ ကိုယ် ရင်တွေပူလာပြီ၊ ကိုယ် မင်းကိုပဲ ချစ်တယ်၊ သူက ကိုယ့်ကို အတင်းလာတွယ်ကပ်တာပါ … မင်းလည်း မြင်မှာပါ"

"အဲဒါတွေ ကျွန်မ မသိချင်ဘူး"

"မင်းကြည့်ရတာ စိတ်လှုပ်ရှားနေတယ်၊ အိမ်ပြန်ပြီး နားလိုက်ပါကွာ ...နော် ... နောက်မှ ဧအေးအေးဆေးဆေး ဆွေးနွေးရအောင်"

အလင်းရံက လက်မလျော့သေးဘဲ ထပ်မံချော့မော့ အယူခံဝင် နေသည်။

အင်ကြင်းက သူ့ဖက် မျက်လုံးလေး မှေးစင်းကြည့်ကာ-

"ကျွန်မဘာသာ အိမ်ပြန်တာ မပြန်တာ ရှင်နဲ့မဆိုင်ဘူး၊ ဘာမှမလည်း အရေးမကြီးဘူး၊ ရှင်ပဲ အခု လှည့်ပြန်စမ်းပါ၊ ကျွန်မနောက်က ထပ်လိုက်မလာပါနဲ့ ...ဒါပဲ"

"မိုးချုပ်နေပြီ အင်ကြင်း၊ ကိုကို လိုက်ပို့ပါရစေကွာနော်"

သူက မရဲတရဲနှင့် အင်ကြင်းလက်ကလေးကို အသာအယာ လာဆုပ်ကိုင်လျှင် အင်ကြင်းက ဆတ်ခနဲ ပြန်ရုန်းပစ်လိုက်သည်။

"လိုက်ပို့ဖို့ မလိုဘူးလို့ ကျွန်မ ပြောပြီးပြီလေ"

ဝိုး:ပိုး:ဝေဝေ



"ကိုကို စိတ်မချဘူး"

"စိတ်မချရင်လည်း ရှင့်ဘာသာ လဲသေလိုက်"

"ဟာကွာ"

အင်ကြင်းက ပလက်ဖောင်းပေါ်မှာ ခပ်ဆတ်ဆတ်လေး လက်လွှဲ လျှောက်လာရင်း သွားနေတဲ့ တကစီတစ်စီးကို လက်လှမ်းတားလိုက်သည်။

ဈေးပင် မမေးပဲ ဖျပ်ခနဲ တံခါးဖွင့်ထိုင်လျှင် သူက တံခါးကို လှမ်းဆွဲထားပြီး သူပါ ရွတ်အင်း ကားပေါ်လိုက်တက်လေသည်။

"ကြည့်စမ်း ... ရှင်ဘယ်လိုဖြစ်နေတာလဲ"

"ဂျိန်း"

အင်ကြင်းက သူ့ကို တွန်းထုတ် ထုရိုက်နေတဲ့ကြားက သူ ရအောင် အတင်းကုပ်ကပ်၍ အတူထိုင်ကာ ကားတံခါးကို ဂျိန်းခနဲ ပိတ်လိုက်၏။

တက္ကစီ ဒရိုင်ဘာကတော့ စုံတွဲလေးရဲ့ ပဋိပက္ခကို မျက်မှောင်ကုပ်၍ အကဲခတ် ငြိမ်သက်နေသည်။

ဝိုး:ပိုး:ဝေဝေ

"ကားဆရာ မောင်းဗျာ"

"ဗျာ .... ဟုတ်ကဲ့"

နောက်ကြည့်မှန်ထဲက မရဲတရဲ ကြည့်ကာ ကားကို မောင်းလျှင် အင်ကြင်းက အလင်းရုံနှင့် ဝေးအောင် တစ်ဖက်စွန်းသို့ ရွှေ့ခနဲ ရွှေ့ထိုင်သည်။

သူ့အသားနှင့် မထိချင်ပေ။

ဒေါသတွေက မွှန်ထူနေတုန်းပင်င ရှိသည်။

သူက အင်ကြင်းပုံစံနှင့် အင်ကြင်း အမူအယာကို နာကျင်ထိခိုက်ခံစား ရပုံဖြင့် ငေးကြည့်နေပါသည်။

အလင်းရုံမျက်လုံးထဲမှာ မျက်ရည်ကြည်တို့ပင် ဝေ့သီလာသည်။

အင်ကြင်းက ဆတ်ခနဲ မျက်နှာလွှဲထားလိုက်သည်။

အလင်းရုံသည် အခြေအနေကို စောင့်ကြည့်နေဖို့ အင်အားပင် မရှိတော့ဘဲ သူမဘယ်လိုပြောပြော သူမအနားသို့ ဖွတ်တိုးကပ်ကာ ပခုံးလေးကို အတင်းဖက်ထားရင်း ...

"မကျေနပ်ရင်/ အသေသတ်လိုက်ကွာ၊ ဒီလိုမလုပ်ပါနဲ့၊





သူ့ကို ကိုယ် လုံးဝမချစ်ဘူး၊ အင်ကြင်းကိုပဲ ချစ်တယ်၊ ကိုယ့်ကို ခွင့်လွှတ်ပြီး တစ်သက်လုံး ကိုယ့်နားမှာပဲ နေပေးပါ"

"အိုး ... ရှင်ဘာတွေ ပြောနေတာလဲ ...ဖယ်"

အင်ကြင်းက သူမ ပခုံးပေါ်က အလင်းယံလက်ကို ဆတ်ခနဲ ပုတ်ထုတ်ဖယ်ရှားသည်။

"ကိုယ့်ကို အခုပဲ လက်ထပ်ပါ၊ ကိုယ် မင်းနားက မခွာနိုင်ဘူး"

တောင်းပန်တိုးလျှိုးရင်း ငိုသံပါနှင့် ပြောနေတဲ့ အလင်းရုံကို သူမ စိတ်ပျက်လက်ပျက် ကြည့်မိကာ သနားမိသော်လည်း ဆုံးဖြတ်ချက်ကိုတော့ မပြင်နိုင်တော့ပါ။

"ကိုလင်း ...ရှင် အဲလို မလုပ်ပါနဲ့၊ ကျွန်မတို့ အေးအေးဆေးဆေးပဲ ဖြေရှင်းရအောင်နော်"

အင်ကြင်းက စိတ်လျော့လျက် သူ့ကို လေသံပြေအေးအေးနှင့် ဖျောင်းဖျရပါတော့သည်။

သူက အင်ကြင်းမျက်နှာလေးကို မယုံသလို စိုက်ကြည့်နေသည်။

တိမ်လွှာနီရဲ့ မှုယာမာယာတွေကြောင့် သူ့စိတ်ယိမ်းပါသွားရတယ်ဆိုတာ အင်ကြင်းနားလည် ခံစားမိပါသည်။

သို့သော် ဒီကိစ္စဟာ လွယ်လွယ်နှင့်ပြီးမှာ မဟုတ်တော့မှာ မဟုတ်ဘူးထင်သည်။

ဒီတော့ မေမေ့ဆီ ပြောပြကာ အကူအညီတောင်းမှပဲရနိုင်မည်ဆိုတာ အင်ကြင်းသဘောပေါက်မိသည်။

ထိုအချိန်၌ ဟောမာန်ဖက်ရှင်ဆိုင်လေးမှာ …။

အိန္ဒြာယ်က သူမလက်ထဲက ဆောင့်ရှန်းထွက်ကာ အင်ကြင်းနောက်သို့ ပြေးလိုက်ရှာသော အလင်းရဲကိုကြည့်ရင်း ရှက်နာကျည်းလှစွာ မျက်ရည်တွေတွေ ကျလာရ၏။

သူကတော့ အင်ကြင်းနောက်သို့ ဂမူးရှူးတိုး လိုက်လံချော့မော့နေသည်မှာ နောက်ဖက် တစ်ချက်ပင် ပြန်လှည့်မကြည့်။

အိန္ဒြာယ့်နှလုံးသားမှာ အောင့်သက်ခံပြင်းလှစွာ နှုတ်ခမ်းကို တင်းတင်းဖိကိုက်ထားမိ၏။

ထိုအချိန်မှာ လေ့ကားပေါ်က ဆင်းလာသော ခြေသံတစ်ခုနှင့်အတူ··

ဝို ဝို ၊ ၀၁၄ပေ



"ဟောတော့ … အိန္ဒြာယ်ပါလား၊ ဘာဖြစ်တာလဲ"

အိန္ဒြာယ်က သူမပါးပေါ်က မျက်ရည်ကို ချက်ချင်းသုတ်သည်။

မဟောမာန်က ဘာဖြစ်လာမှန်း မသိ၍ အံ့သြနေသည်။

"အင်ကြင်းရော၊ ခုဏ ကားသံကြားတယ်၊ လင်းလင်းရော၊ ဘယ်မှာလဲ၊ လင်းလင်း ဘယ်ထွက်သွားတာလဲ၊ အိန္ဒြာယ်နဲ့ ပြဿနာတက်တာလား ဟင်၊ ပြောပါဦး"

အိန္ဒြာယ်သည် မဟောမာန်၏ မေးခွန်းတွေကို ဘာမှ ပြန်မဖြေနိုင်။

ဝမ်းနည်းအားငယ် ရှက်ရွံ့စွာနှင့် မဟောမာန်အား ဖက်တွယ်ငိုကြွေးလိုက်မိသည်။

"ညီမလေး … ဘာဖြစ်တယ်ဆိုတာ ပြောဦးလေ"

မဟောမာန်က ဘုမသိ ဘမသိနှင့် သူမကို ပခုံးလေးဖက်ကာ နှစ်သိမ့်အားပေးပါသည်။

အိန္ဒြာယ်က အံကလေး ကြိတ်လျှက် မျက်ရည်သုတ်လိုက်သည်။

ဝို ဝို ၊ ၀၁၄ပေ

ပြီးလျှင် ဘာတစ်ခွန်းမှ မပြောတော့ဘဲ ချာခနဲ လှည့်ပြေးသည်။

ထို့နောက် ကားပေါ်တက် စက်နှိုးပြီး ကားကို ဝေါခနဲ ခပ်ကြမ်းကြမ်း မောင်းထွက်သွားလေသည်။

◆ ◆ ◆



၃၉

အင်ကြင်းသည် နောက်တစ်နေ့ ညနေမှာပင် ရွှေမန္တာကားနှင့် မန္တလေးသို့ ပြန်သွားလေသည်။

အလင်းရုံကိုလည်း သူမ အတွေ့မခံတော့ပေ။

ဖြူဖြူသည် အင်ကြင်းရဲ့ စိတ်လိုက်မာန်ပါ အပြုအမူများကို ဘယ်လိုမှ ဖျောင်းဖျနားချလို့လည်း မရပါ။

အိမ်မှာ ဖြူဖြူတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့၏။

နောက်တစ်နေ့ မနက်အစောကြီးမှာတော့ ဂုဏ်မင်းထယ် အိမ်သို့ အူယားဖားယား ရောက်လာခဲ့သည်။

အင်ကြင်း မန္တလေးပြန်သွားပြီဟု ပြောတော့ ဂုဏ်မင်းထယ်က မယုံ။

ဖြူဖြူကပင် အင်ကြင်းနှင့် ကိုအလင်းရုံတို့ ပြဿနာတက်ကြပုံကို အကျိုးအကြောင်း ရှင်းပြရသည်။

"ဟာဗျာ ... ဒါဆိုလည်း ဂျင်းလေးက ကျွန်တော့်ဆီ တော့ ဖုန်းဆက်သင့်တာပေါ့ သူ တစ်ယောက်တည်း ပြန်သွားစရာ လားဗျာ"

ဂုဏ်မင်းထယ်က မချင့်မရဲ မကျေမနပ်ဖြစ်နေသည်။

"ကျွန်တော် မန္တလေးလိုက်သွားမယ် ဖြူဖြူ၊ ဂျင်းလေး လိပ်စာ ကျွန်တော့်မှာရှိတယ်၊ တကယ်လို့ သူဖုန်းဆက်ရင် ကျွန် တော်လိုက်လာပြီ ဆိုတာပြောပြပေးပါ"

"ဟုတ်ကဲ့"

◆ ◆ ◆

ခရီးပန်းလာသဖြင့် အိပ်ရေးဝအောင် တစ်နေ့ခင်းလုံး အိပ် ပစ်လိုက်သည်။

ပြန်နိုးလာတော့ ညနေငါးနာရီခန့်ပင် ရှိနေပြီ။

အင်ကြင်းက လန်းသွားအောင် ကော်ဖီပူပူတစ်ခွက် ဖျော် သောက်လိုက်သည်။

ကော်ဖီသောက်လိုက်တော့ ခေါင်းထဲ အတော်အတန် ကြည်လင်သွားရသည်။

လျှာပေါ်က ခါးစိမ့်စိမ့်အရသာက အာရုံတွေကို လန်းဆန်း သွားစေသည်။

ထို့နောက် သူမက ရေချိုးဖို့ ထမီလေး ရင်လျားလိုက် ပါသည်။

မှန်ထဲမှာ ပေါ်နေသော သူမ မျက်နှာမှာ မှုန်ကုပ်ကုပ် လေးဖြစ်နေဆဲ။

မြန်းစားကြီး အိမ်ပြန်ချခဲ့ပေမယ့် ဒီရောက်တော့ မေမေ အိမ်မှာမရှိ။

ဘေးခြံက ဒေါ်ဘေဘီတို့ကို စစ်ကိုင်းသွားမယ် ပြောခဲ့ သတဲ့။

စစ်ကိုင်းမှာ အသိမိတ်ဆွေတွေနဲ့ တရားစခန်းပဲ ဝင်လေ သလား။

မေမေ စစ်ကိုင်းသွားတာ နှစ်ရက်ရှိပြီတဲ့။

အင်ကြင်းက ဒေါ်ဘေဘီတို့ဆီ အပ်သွားခဲ့တဲ့ သော့ကို ယူပြီး အိမ်တံခါးဖွင့် ဝင်ခဲ့ရတာ။

ကားပေါ်မှာ တစ်ညလုံးလည်း အိပ်မပျော်ခဲ့။ အမေ့ကို ပြောဖို့ စကားတွေကိုသာ ထပ်တလဲလဲ စဉ်းစားနေမိခဲ့တာပါ။

ရင်ထဲခံစားရသမျှ အားလုံး အမှန်အတိုင်းပဲ ဖွင့်ဟတဝန်ခံ ချင်သည်။



အမေ ဆူချင်လည်း ဆူပါစေ။

ဒီလောက်ထိ ကြာအောင် အလင်းရဲ့ကို လက်မထပ်ပဲ အချိန်ဆွဲလာခဲ့တာ အခုတော့ ညည်းအပြစ်နဲ့ညည်းပဲဟုဆိုလျှင် လည်း မတတ်နိုင်။

တကယ်တော့ တိမ်လွှာနဲ့ ငြိသွားတာ ကိုလင်းအပြစ်ချည်း ပဲတော့ မဟုတ်ပါဘူးလေ။

အင်ကြင်းကိုယ်တိုင်က သူ့ကို တန်ဖိုးထားခဲ့တာမှ မဟုတ် ဘဲ။

ကိုလင်း ကတိစကတိပေးပြီးလျှင် မေမေ့ထံ နောက်ထပ် တစ်ခု ဝန်ခံစရာ ရှိသေးသည်။

ဂုဏ်မင်းမျက်နှာကို မြင်ယောင်မိတာနှင့် အင်ကြင်း နှုတ် ခမ်းလေးက ပြုံးမြမြ ဖြစ်သွားရသည်။

နင် ဘယ်လိုများ ဆုတောင်းခဲ့တာလဲ။

ဗီလိန်ဝင်လုပ်ပေးစမ်းပါဆိုသော ဂုဏ်မင်းရဲ့နောက်သလို ပြောင်သလို စကားတစ်ခွန်းက တကယ်ဖြစ်လာခဲ့ပြီ….။

တိမ်လွှာ …. တိမ်လွှာ။

မော်ဒယ်လ် အိန်ဂျယ်လို့သာဖြစ်လာရော သူများအပေါ် နှာတဖျားသာချင်၊ အနိုင်ယူ အနိုင်ကျင့်ချင်တဲ့ စိတ်ကလေးက မပြောင်းလဲခဲ့ပါလား။

အင်းလေ … သူလည်း ကိုလင်းကို တကယ်ချစ်ခင်သဘောကျလို့ နေမှာပါ။

သူ့အနားမှာ ရွေးချယ်စရာကောင်းကောင်းမွှန်မွှန်လေးတွေ အများကြီးရှိနေလျှက်သားနှင့် ကိုလင်းထံမှာ မျက်နှာငယ်ငယ်နှင့် ချဉ်းကပ်ရရှာတာ။

သွေးအေးလာတော့လည်း နားလည်ခွင့်လွှတ်ပေးချင် စိတ်ကလေးက ရင်ထဲ တိုးဝင်လာပါသည်။

စောစောစီးစီး သိရတာကိုပဲ ကံကောင်းတယ်ဆိုပြီး ကျေနပ်ရမှာပါ။

တကယ်ရော ကံက ကောင်းခဲ့ပြီလား။

သူမ နှလုံးသားမှာ လှုးလှုးလွန့်လွန့်လေး ပူနွေးလှုပ်ရှားလာရသည်။

လူကသာ ရေချိုးခန်း ဝင်လာသော်လည်း ခေါင်းထဲမှာ





တော့ ဂုဏ်မင်းအကြောင်းတွေသာ အဖျင်မပြတ် စဉ်းစားနေမိသည်။

ပင်ပန်းနွမ်းနယ်ထားသဖြင့် ခေါင်းလျှော် ရေချိုးပစ်လိုက်သည်။ ရေအေးအေးသည် တစ်ကိုယ်လုံးကို အေးမြလန်းဆန်းသွားစေသည်။

မန္တလေးမှာ ရာသီဥတု ပူတယ်ဆိုသော်လည်း အင်ကြင်းတို့နေထိုင်ရာ မြို့သစ်မှာတော့ ခြံကျယ်ကျယ်နှင့် သီးပင်စားပင်တွေနှင့်မို့ အေးမြသာယာသည်။ ရေစိမ်ချိုးလိုက်သဖြင့် ချမ်းစိမ့်စိမ့်ပင်ဖြစ်သွားရသည်။

ရေချိုးခန်းထဲက အလျှင်အမြန်ထွက်လာကာ ရေစင်အောင်သုတ်၍ အဝတ်အစားလဲ လိုက်သည်။

သူမကိုယ်တိုင် ချုပ်ထားတဲ့ ချည်သားနှင့် ဆွဲသား အရောဂါဝန် မရမ်းပြာရောင်လေးကိုပဲ ရွေးချယ်ဝတ်ဆင်လိုက်သည်။

ထို့နောက် ရေစိုဆံပင်တို့ကို တစ်ဘက်ထူထူနှင့် ခပ်ဖွဖွသုတ်ရင်း နှုတ်ကနေ တေးတစ်ပိုင်းတစ်စကို အလိုလို ဆိုညည်းလိုက်မိ၏။

အပြစ်မမြင်ပါဘူး ×××

ချစ်ချင်တာပဲ သိတဲ့နောက် ×××

ဖြစ်သမျှဟာ အံကောင်းပဲပေါ့ ×××

မင်းရင်ခွင်နဲ့ ××× ခွဲခွာဖို့လည်း မရဲပါဘူး ×××

အနားနားမှာ ××× အမြဲ ရှိပါရစေ ×××

မှန်တင်ခုံရှေ့သို့ ပြန်ရောက်လာပြန်ကာ ဖွန့်ဆင်ဘောဘီ ခရင်မ်လေးကို မျက်နှာပေါ်တို့ကာ တို့ကာ ပွတ်ဆွဲလိမ်းကျံလိုက်သည်။

အင်ကြင်းက ကိုယ့်မျက်နှာပေါ် တစ်ခုခု လိမ်းခြယ်ဖို့ အင်မတန် စေ့စေ့စပ်စပ် ရွေးချယ်သူပါ။ တတ်နိုင်သရွေ့တော့ ကလေးသုံးပစ္စည်းလေးတွေကိုပဲ ဦးစားပေးသည်။

ထို့နောက် နှုတ်ခမ်းလေးကို ခပ်ပါးပါးလေး ဘာရပ်ရှ်နှင့် ဆိုးလိုက်သည်။

ခေါင်ဖြီးပြီး ရေမွှေးဆွတ်ဖျန်းပြီးလျှင် သူမရဲ့ ပြင်ဆင်မှုကို လက်စသပ်လိုက်ပါသည်။

အိမ်မှာ တစ်ယောက်တည်းဆိုတော့လည်း ပျင်းနေသည်။





အပြင်သွားဖို့ကလည်း တော်ကြာဆို နေဝင်မိုးချုပ်တော့မှာလေ။

အင်ကြင်းက ဧည့်ခန်းဆီ ပြန်ထွက်လာပြီး တီဗီခလုတ်ကို ဖွင့်လိုက်သည်။ တအောင့်မျှကြည့်ပြီးလျှင် ဗီစီဒီ သီချင်းခွေ ထည့်ကြည့်ပြန်၏။

သူမ သီချင်းကြည့်ရင်း ညောင်းညာချိန်မှာ အပြင်ဖက်မှာလည်း ည အမှောင်က ကြီးစိုးလာသည်။

အင်ကြင်းဏ ဝါးခနဲ တစ်ချက်သမ်းဝေလိုက်ရင်း ဧည့်ခန်းဆက်တီမှာပဲ ကွေးကွေးလေး လဲလျောင်းလိုက်သည်။

မျက်လုံးလေးတွေက အလိုလို မှေးမှိတ်ငိုက်မြည်းလာသည်။

ထိုအချိန်မှာပင် ဖုန်အလိမ်းလိမ်း ပေကျံနေသော ကော်ရိုလာဗင် အဖြူရောင်တစ်စီးက ဟိုမေးဒီစမ်းနှင့် မကြာခဏ ကားရပ်မေးမြန်းပြီးလျှင် တစ်စတစ်စနှင့် သူမတို့ရဲ့ အင်ကြင်းမြိုင်ခြံကြီးရှိရာသို့ နီးကပ်လာလေသည်။

အန်တီဦးက အရင်ကတည်းက အင်ကြင်းပန်းကို နှစ်သက်

သည်။ သူ၏တစ်ဦးတည်းသော သမီးကိုပင် အင်ကြင်းမယ်ဟု အမည်ပေးတာကြည့်။

ခုလည်းပဲ ခြံထဲမှာ အင်ကြင်းပင်တွေ အများကြီးစိုက်ထားပြီး ပန်းတွေလည်း လှိုင်လှိုင်ပွင့်နေသည်။

ခြံပြင်ကပင် ပန်းရနံ့တို့ကို ရှူရှိုက်ခံစားရသည်။

ဂုဏ်မင်းထယ်သည် ခြံတံခါးဝက ရွှေရောင်ဆိုင်းဘုတ်ပြားလေးကို တွေ့ရလျှင် သက်ပြင်းတစ်ရှိုက်နှင့် ကားကို တံခါးဝဖက် ဦးတည်ရပ်လိုက်ပါသည်။

အမှန်အတိုင်းပြောရလျှင်တော့ အင်ကြင်းအပြုအမူကို သူမခံချိ မခံသာဖြစ်မိတာအမှန်။

ဘာမပြော ညာမပြောနှင့် နှုတ်တောင်မဆက်ဘဲ ကောက်ခါ ငင်ခါ မန္တလေးသို့ ပြန်ချသွားခဲ့သည်။

တကယ်ဆိုရင် သူမကို နှလုံးသားထဲ နင့်နေအောင် ချစ်မြတ်နိုးရတဲ့ ယောကျ်ားတစ်ယောက် ရှိနေတာ သတိရဖို့ကောင်းသည်။

အလင်းရုံသစ္စာမရှိတာကို ဒီလောက်ထိ ဖြစ်ပျက်ခံစား





စရာလား…မှုစရာလား။

အလင်းရုံနဲ့ ဝေးကွာတာဟာ ပျော်စရာ မဟုတ်ဘူးလား။

သူမက ဆွေးလို့လား။

ဂုဏ်မင်းထယ်ရဲ့ ရင်ထဲမှာ အလိုမကျ ခံပြင်းနေမိတဲ့ မေးခွန်းပေါင်းများစွာနှင့် ဗလောင်ဆူနေခဲ့ရသည်။

အင်ကြင်းကိုလည်း မျက်နှာချင်းဆိုင် မေးကြည့်ချင်စိတ်နှင့်ပြင်းပြင်းပြပြ လွမ်းဆွတ်မိသည်။

အခုတော့ သူမတို့ အိမ်အထိ ရောက်လာခဲ့ပြီမို့ စိတ်ကို လျှော့ကာ သက်ပြင်းချမိသည်။

လူတစ်ကိုယ်လုံးလည်း ညောင်းညာကိုက်ခဲပြီး တောင့်တင်းနေပြီ။ တွေ့လိုဇောနှင့်သာ တောက်လျှောက်မောင်းနှင်လာခဲ့တာမို့ ကားစက်တွေလည်း ပူပြင်းနေလေပြီ။

အင်းလေကွာ … အခုတော့ ရောက်လာပါပြီ။

နင်ဘယ်ပြေးမလဲ ဂျင်းလေး…။

ငါ့ကို ထားခဲ့လို့ ရမယ်ထင်နေသလား။

ဂုဏ်မင်းထယ်က ကားဟွန်းကို နှစ်ချက်ဆင့်တီးလိုက်သည်။

"တီ ...တီ"

ဆက်တီပေါ် ခွေလှဲကာ ငိုက်မြည်းနေသော အင်ကြင်းက ဆတ်ခနဲ မျက်လုံးပွင့်လာရ၏။

ဒီအချိန် ဘယ်သူများလဲ။

ညကြီးမိုးချုပ်နေပြီ ဥစ္စာ။

မေမေပြန်လာတာလား။

ငုတ်တုတ်ထထိုင်ပြီး ဆံပင်တွေ သပ်တင်နေခိုက်မှာပင် ကားဟွန်းသံက ထပ်တစ်ကြိမ် ပေးပြန်၏။

ဂါဝန်လေးကို လက်နှစ်ဖက်ဖြင့် အသာ,မကာ သူမက အိမ်ပြင်ထွက်ကြည့်လိုက်သည်။

ဝင်းတံခါးရှေ့မှာ ကားတစ်စီးရဲ့ မီးရောင်ကိုမြင်ရသည်။

ရင်ထဲ ထိတ်ခနဲ တစ်ချက်ဆောင့်ခုန်သွားရသည်။

ဘုရားရေ ....

ဂုဏ်များ လိုက်လာတာလား...။





ဒါမှ မဟုတ်ရင် ကိုလင်းများလား။

စိတ်ထဲ ဇဝေဇဝါနှင့်ပင် လန့်ဖျပ်သွားရသည်။

အင်ကြင်းသည် လှေကားထစ်လေးမှ ပြေးဆင်းလာကာ ဝင်းတံခါးကို ဖွင့်ဖို့ပြင်ရင်း အသာချောင်းကြည့်မိသည်။

ဂုဏ်မင်း ...

ရင်ထဲ လှိုက်ခနဲ တုန်သွားရသည်။

သူမကို မြင်တာနှင့် ဂုဏ်မင်းထယ်က ဖြုန်းခနဲ ကားတံခါးဖွင့်ဆင်းကာ ပြေးကပ်လာသည်။

"ဂျင်းလေး"

သူမပခုံးကို မချင့်မရဲ ဝမ်းသာအားရ ဆုပ်ကိုင်၏။

"ဂုဏ် .. နင်ဒီလောက် ချက်ချင်းကြီး ရောက်လာတယ် ဟုတ်လား"

"နင့်ကို သတိရလို့ပေါ့"

"ကဲပါ ... ကားကို ခြံထဲ သွင်းဦးလေ"

သူမ သတိပေးမှ ဂုဏ်မင်းက ကားပေါ်ပြန်တက်ပြီး ခြံထဲ မောင်းဝင်လာခဲ့သည်။

ဂျင်းဘောင်းဘီနှင့် ခေါင်းစွပ်ဆွယ်တာ လက်ရှည်နှင့် ဖြစ်သလို ထ ထွက်မောင်းချလာဟန်ရှိသော ဂုဏ်မင်းရဲ့ ပျာယီ ပျာယာပုံစံကို အင်ကြင်း[illegible]ေးကြည့်နေမိသည်။

"ကဲ ...ပြောစမ်းပါဦး ... နင်ဘာလို့ ဒီလောက် ချက်ချင်း ဒီကိုပြန်ပြေးလာရတာလဲ"

"အမေနဲ့ တွေ့ချင်လို့ပေါ့"

"ဘာလို့ တွေ့ချင်တာလဲ"

"နောက်မှ အေးအေးဆေးဆေး ပြောပြပါ့မယ် ဂုဏ်ယ် နင် ဒီလောက် ခရီးပမ်းလာတာ အိမ်ပေါ်တင်နားဦးလေ"

"ပင်ပန်းတာတော့ ပြောမနေနဲ့ဟာ ... ငါ ဖျားပြီလား တောင် မသိဘူး"

"နင်က တစ်ယောက်တည်း မောင်းလာတာကိုး"

နှစ်ယောက်သား ပြောပြောဆိုဆိုနှင့် အိမ်ပေါ် တက်လာ ခဲ့ကြသည်။

ဂုဏ်မင်းထယ်ဆီမှာ အဝတ်အစားအပို နှစ်စုံနှင့် လိုအပ် တာလေးတွေ ကမန်းကတန်း ထည့်လာတဲ့ ကျောပိုးအိတ်တစ်လုံး





သာ သယ်စရာပါသည်။

ကျောပိုးအိတ်ကို ပစ်ချလျက် ဆက်တီမှာ ခွေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"အန်တီဦးရော ဂျင်းလေး... အန်တီဦး အိပ်နေပြီလား"

"မေမေ စစ်ကိုင်းသွားတယ်"

"ဟာ ..ဟုတ်လား၊ ဒါဆို ငါဒီမှာ တည်းလို့ဖြစ်ပါ့ မလား၊ နင်တစ်ယောက်တည်းလား"

"ဘာလို့ မဖြစ်ရမှာလဲ၊ ငါနင့်အတွက် အခန်းပြင်ပေး မယ်"

"အဲဒါဆို ... သင့်ခ်ယူပဲ ဂျင်းလေးရာ"

ဂုဏ်မင်း သဏ္ဌာန်က ပင်ပန်းနွမ်းနယ်နေသည်။

သို့သော် ဂျင်းလေးကို သူကြည့်လိုက်တဲ့ မျက်လုံးတွေ ကတော့ စူးနစ်စွာ ချစ်စနိုး ဟန်ပေါက်နေပါသည်။

သူမကို မြင်လိုက်ရတာနှင့် ပူလောင်ပျာယာခတ်နေသော စိတ်တွေက မီးကိုရေနှင့်ငြိမ်းလိုက်သလိုပင် အေးမြငြိမ်သက်သွား လေသည်။

ကိုယ့်ရဲ့ အမောပြေလေးပါ..။

"ဂုဏ် ဘာလို့ စိုက်ကြည့်နေတာလဲ"

"နင့်ကို ပြောချင်တာတွေ အများကြီးပဲ"

"အင်းပါ ... ဖြေးဖြေးပြောပါ၊ နင်အခု ဘာစားမလဲ၊ ညစာ မစားရသေးဘူးမို့လား"

"ရေခဲရေ ရှိရင် သောက်မယ်၊ ကျန်တာက နင်ဘာပဲ ကျွေးကျွေး ..ရတယ်"

အင်ကြင်းက ရေခဲသေတ္တာရှိရာသို့ လျှောက်သွားလျှင် ဂုဏ်မင်းက သူမဟယ်ပန်လေးနှင့် လမ်းလျှောက်သွားပုံ ခြေလှမ်း တရှပ်ရှပ်လေးကို လိုက်လံငေးမောကြည့်နေမိသည်။

အင်ကြင်းက သူ့ကို ရေမအေး တအေး အနေတော် စပ် ကာ ဖန်ခွက်ကလေးထဲ ထည့်လျှက် အသာကမ်းပေးသည်။

ရေမျှိုချလိုက်တော့မှ သူ့လည်ချောင်းတွေ အတော်နာနေ ပြီဆိုတာ ဂုဏ်မင်းသိလိုက်သည်။ မျက်စိတွေလည်း အခိုးတွေ ဝေ့နေသလိုပင် ပူစပ်နေသည်။

လမ်းမှာကတည်းက သူဖျားချင်နေသည်။





သို့ပေမယ့် ဂျင်းလေးဆီ ရောက်ချင်ဇောနှင့် အားတင်း မောင်းလာခဲ့တာဖြစ်သည်။

"ဂုဏ်"

"ဟင်"

"ငါ အခန်းအရင်သွားပြင်လိုက်မယ်နော်"

"အေး ... ကောင်းတယ်"

ဂျင်းလေး ရှေ့ရောက်လျှင် သူဟန်မဆောင်နိုင်တော့ပါ။ လူက အိပ်ယာပေါ် ပစ်လှဲချချင်နေပြီ။

အင်ကြင်းက ဧည့်ခန်းနှင့်ကပ်လျှက်က အိပ်ခန်းလေးမှာ ပဲ ဂုဏ်မင်းအတွက် အခန်းပြင်ကာ အိပ်ယာခင်းအသစ် လဲ၊ ခေါင်း အုံးစွပ်လဲ ဖုန်ခါရှင်းလင်းရေး လုပ်ပေးလိုက်သည်။

"ဂျင်းလေး ... ငါဝင်လာလို့ ရပြီလား"

"ရပြီ"

သူက အပြင်မှ အသံပေးသည်။

အင်ကြင်းက သူ့မျက်နှာကို လှမ်းကြည့်တော့ မျက်နှာ တစ်ပြင်လုံး နီမြန်းသလိုဖြစ်နေသည်။

"ဟင် … မျက်နှာတွေ ရဲနေပါလား၊ နင် ဖျားပြီထင်ပါ.. မှန်းစမ်း"

ဂျင်းလေးက သူ့နဖူးပြင်ကို ဖျပ်ခနဲ အသာအယာလေး စမ်းလိုက်သည်။

ဆင်ခြင်မယ်လို့ တွေးထားပေမယ့် ဂုဏ်မင်းဘယ်လိုမှ တင်မထားနိုင်။ ထိုခဏမှာ သူ့ရင်ထဲ ဘာဖြစ်သွားသလဲ မသိ။

ဂျင်းလေးရဲ့ လက်ကိုဆုပ်ကိုင်ပြီး ရင်ခွင်ထဲဆွဲသွင်း ဖက်ထားလိုက်မိသည်။

"ဟင် …ဂုဏ်"

ဂုဏ်က သူမကို တင်းတင်းကျပ်ကျပ် ဖက်ထားသဖြင့် အင်ကြင်း မျက်လုံးလေး ပိုင်းသွားရသည်။

"ဘာမှ မကြောက်နဲ့၊ ငါခဏလေး ဖက်ထားချင်လို့ပါကွာ"

"သွားပါ … နင် အဲလိုပြောမယ်ဆိုတာ သိသားပဲ"

"ဟိုကောင်လည်း တိမ်လွှာနဲ့ ကြိုက်သွားပြီဆို၊ အခု ဘာ ခလုတ်မှ မရှိတော့ဘူး၊ ငါတို့ချစ်လို့ရပြီ"

နိုးမိုးဝေဝေ



"အို … ချစ်လို့ရပြီ ဆိုပေမယ့်…"

"ဘာပြောဦးမှာလဲ"

သူက မော့လာတဲ့ အင်ကြင်း မျက်နှာလေးကို မချင့်မရဲ ထိကပ်နမ်းရှိုက်သည်။

"လွှတ်ပါဦး ဂုဏ်ရယ်"

"မလွှတ်ချင်ပါဘူးကွာ"

"အမေ့ကို အကျိုးအကြောင်း ပြောရဦးမှာ"

"အခု အန်တီဦးမှ မရှိတာကွာ"

"ဟင့်အင်း … အားလုံးဖြေရှင်းပြီးမှ အဖြေပေးမှာနော် ဖယ် …လွှတ်တော့၊ ဖျားနေတဲ့လူက အေးအေးဆေးဆေး အိပ်တာ မဟုတ်ဘူး"

"အချစ်ဖျားက ပိုဆိုးနေတယ် ဂျင်းလေးရ"

"သွား"

အင်ကြင်းက သူ့ရင်ဘတ်ကို တွန်းဖယ်နေသေသည်။ ရင်ထဲမှာလည်း ကတုန်ကယင်ကြီး ဖြစ်နေတာ သူ့မျက်နှာကို ရဲရဲ မကြည့်ဝံ့။

ညို့ရီရီနှင့် နူးညံ့တောက်ပနေသော မျက်လုံးတွေက အင်ကြင်းကို သံလိုက်တုံးပမာ ဆွဲဆောင်ညို့ငင်နေသည်။

ဂျင်းလေးရဲ့ ခပ်လန့်လန့် ရှက်စနိုး အမူအယာလေးကြောင့် ဂုဏ်မင်းပို၍ မချင့်မရဲ ဖြစ်ရသည်။

ချစ်သူလေးကို တန်ဖိုးမထားလို့တော့ မဟုတ်ပါ..။

မရည်ရွယ်ပေမယ့် အခြေအနေက တွန်းပို့သည်။

သူရောက်လာတဲ့ အချိန်မှာ ဂျင်းလေးက အိမ်မှာတစ်ယောက်တည်း ရှိနေသည် မဟုတ်လား။

"ဂုဏ် ...နေခဲ့ဦးနော်၊ ငါ ညစာသွားပြင်ဦးမယ်လေ"

သူမကိုယ် သူမလည်း မယုံရဲပါ။

ဂုဏ်ရဲ့ ရင်ခွင်နွေးနွေးမှာ သူမရဲ့ အသည်းနှလုံးတွေက အရည်ပျော်အောင် ခုန်လှုပ်နေရပြီ မဟုတ်လား။

"အိုကေ ... ခဏလေး"

သူ့အကျင့်အတိုင်း ခဏလေးဟု တောင်းဆိုကာ အင်ကြင်းမျက်နှာလေးကို လက်မဝါးနှစ်ဖက်နှင့် ညှပ်ကိုင်မော့ ယူသည်။

ပြီးသော သူမရဲ့ နှုတ်ခမ်းသား ဖူးဖူးလေးကို ကြင်နာ





ယုယစွာ တယုတယ ထိတွေ့သည်။

ပထမ ငြင်သာ ဖွဖွလေး ... ထို့နောက် အနည်းငယ် မွတ်သိပ်လာသည်။

"ဂျင်းလေးရယ် .. မောင် အရမ်းချစ်တယ်"

"ဂုဏ်"

သူမ စိတ်ထဲ လာခေါ်သံ .. နှုတ်က အသံထွက်မလား။

အင်ကြင်းကို သူက ငြင်းဖန်ခွင့် မပေးဘူးလေ။

သူမရင်တွေက ပေါက်ကွဲတော့မလို ဆူညံဝုန်းဒိုင်းကြိလာရသည်။

ဂုဏ် အခုလို ညဖက်ကြီး ရုတ်တရက်ရောက်လာမည်လို့ သူမ မထင်ခဲ့။

ပြီးတော့ အခုလို သူ့ရင်ခွင်ထဲက လွယ်လွယ်ရုန်းထွက်ဖို့ မဖြစ်နိုင်ဘူးဆိုတာလည်း သူမ မတွေးတတ်ခဲ့။

ပထမတော့ ကြောက်စိတ်တွေနှင့် တုန်လှုပ်နေသည်။

နောက်တော့ သိမ်မွေ့စွာ ဆွဲဆောင်ညို့ငင်နိုင်သော သူ့အနမ်းများအောက်ဝယ် သူမ နှလုံးသားအစုံက တသိမ့်သိမ့်ခါလာ

ရသည်။

ဂုဏ်ကို သူမလည်း ချစ်သည်။ ဒါကို ညာစရာလည်း မလို။

သူ့ပိုမို၍ မချင့်မရဲ တိုးဖက်လာသည်။

အင်ကြင်းလည်းတိုင် နုနုလေးပေါ်သို့ သူ့နှုတ်ခမ်း ပူနွေးနွေးတို့က မြတ်နိုးစွာ ကျရောက်လာသည်။

အင်ကြင်းက ရှက်စနိုး ရှုန်းသည်။

သူက ရင်ခွင်ထဲကနေ တော်တော်နှင့် ဖြေလွှတ်မပေး။

ထိုအချိန်မှာ ရာသီဥတုက သူ့ဖက်မျက်နှာလိုက်သည်။

မီးက ဖြုန်းခနဲဆို ပျက်သွားလေသည်။

"ဟင် ... မီးပျက်သွားပြီ"

"ဘာမှ မကြောက်နဲ့ ... မောင်ရှိတယ်"

မှောင်သွားသော အခန်းလေးက ချစ်သူနှစ်ဦးကို ပို၍ တစ်သားတည်း ဖြစ်သွားစေသည်။

သူ့မျက်နှာက အင်ကြင်းမျက်နှာဆီ ပြန်ထိကပ်လာသည်။

ထို့နောက် ဘယ်လိုက ဘယ်လို အင်ကြင်းကျောပြင်

နိုးမိုး၀၇၆ပေ



လေးက မွေ့ယာခင်းပေါ် ထိကပ်သွားသည်ည မသိတော့ပါ။

အင်ကြင်းသည် မျက်စိစုံမှိတ်လျှက်သား သူ့အင်္ကျီရင်ဘတ်ကို ဆုပ်ကိုင်ထားမိလေသည်။

* * *

နိုးမိုး၀၇၆ပေ

အင်ကြင်းမယ် ဖျပ်ခနဲ နိုးလာလျှင် အရင်ဦးဆုံး ကြားရသည်မှာ ကြက်တွန်သံဖြစ်သည်။

ပတ်ဝန်းကျင်၌ ငှက်ကလေးများ အော်မြည်သံလည်း ကြားရသည်။

အိုး … မိုးလင်းတော့မှာပဲ…။

ပါကေားခင်းထားသော ရှင်းရှင်းလင်းလင်း အိပ်ခန်းလေးရဲ့ ကုတင်ပေါ်မှာ လဲလျောင်းလျှက်သား ရှိနေတာကိုပင် သူမအံ့သြမိသည်။

သူမ ခေါင်းအုံးထားတာက ကြည့်ဦး…

မွှေ့ခေါင်းအုံးလည်း မဟုတ်။ ဆီလီကွန်ခေါင်းအုံးလည်း မဟုတ်ပါ။ အင်မတန်နွေးထွေးတဲ့ အမိုက်စား ခေါင်းအုံးလေးပါ။

ဂုဏ်ရဲ့ လက်မောင်းပေါ်မှာ …

မျက်ဝန်းလေးကို အသာဖွင့်ကြည့်ရင်း စိတ်ထဲထူးဆန်း



နေကာ မယုံသလိုပင် ခံစားမိသည်။

သူမ ဂုဏ့်ရင်ခွင်မှာ အိပ်ပျော်ခဲ့ရသည်။

ဂုဏ့်ကို ကြည့်လိုက်တော့ အသက်ရှူသံ မှန်မှန်နှင့် အိပ်ပျော်နေသည်။

ညတုန်းက သူ အင်ကြင်းကို တဖွဖွ မေးနေခဲ့သည်။

"ဂျင်းလေး … မောင့်ကို ချစ်လား၊ ချစ်တယ်မို့လား ဖြေလေကွာ .. မောင်အခုပဲ ကြားချင်တယ်"

သူ ထပ်တလဲလဲ မေးနေသဖြင့် အင်ကြင်းက "ချစ်တယ်" ဟု ဖြေလိုက်ရာ သူက ရီဝေဝေ မျက်လုံးတွေနှင့် သူမရဲ့ မျက်နှာကို ချစ်စနိုး စိုက်ကြည့် နစ်မျောနေတာ အကြာကြီး။

အင်ကြင်း ပါးကလေးတွေပင် ရှက်စိတ်နှင့် ပူနွေးလာရသည်။

ဂုဏ်ရဲ့ အကြင်နာ အယုယလေးများကို သူမပြန် မတွေးရဲအောင်ပင် ရှက်စနိုးဖြစ်နေရသည်။

အင်ကြင်းသည် ဂုဏ်မင်း ရင်ခွင်ထဲမှ အသာအယာလေး ထွက်ခွာဖို့ လှုပ်ရှားကြည့်သည်။

မရပါ။ သူက တစ်ချက် လူးလွန့်လာပြီး ကယောင်

ကတန်းနှင့်ပင် ဖြေလွှတ်လိုက်ရမှာစိုးသလို ကမန်းကတန်း ပြန်ဖက်ထားလေသည်။

အင်ကြင်းလည်း အသာပြန် ငြိမ်နေမိသည်။

မိုးလင်းခဲ့ပြီလေ ….။ နေ့သစ်လေးတစ်ခု စတင်ခဲ့ပြီ။

မေမေ ပြန်ရောက်လာလျှင် ဘယ်လိုရင်ဆိုင် ရပါ့မလဲ။

မေမေတော့ အင်ကြင်းကို စိတ်ဆိုးမှာ သေချာသည်။

ရင်ထဲ လန့်နေမိသည်။

မတတ်နိုင်ပါဘူးလေ … ဂုဏ့်ကို သူမ သိပ်ချစ်မိတာကိုး …။ အပြစ်ရှိလျှင် တောင်းပန်ရမည်။

မေမေက အင်ကြင်း ဒီ သီတင်းကျွတ်မှာ အိမ်ထောင်ပြုနိုင်ဖို့၊ ချောချောမွေ့မွေ့ အဆင်ပြေပြေ မင်္ဂလာကိစ္စစီမံနိုင်ဖို့အတွက် ဗေဒင်ဆရာဆီမှာတောင် ယတြာသွားချေတယ်လို့ ဖုန်းထဲကနေပြောဖူးတာ ပြန်သတိရတာမို့ အင်ကြင်း ဖွဖွပြုံးမိသည်။

မေမေပြန်လာလျှင် ဂုဏ်မင်းထယ်ကို တွေ့ပြီး မျက်ခုံးကြီးပင့် အံ့ဩနေမှာ မြင်ယောင်သည်။

အဲဒီအခါ အင်ကြင်းက ဘယ်လိုပြောရပါ့။

မေမေ။



သီတင်းကျွတ်ထိအောင် မစောင့်တော့ဘူးနော်။

သမီးတို့ မင်္ဂလာဆောင်ကိစ္စ အမြန်ဆုံး စီစဉ်ပေးပါတော့ဟု ပြောရမလား။

တွေးရင်းက မျက်နှာလေး ပူနွေးလာရသည်။

သတို့သား နာမည်အပြောင်းအလဲ ရှိတာလေးတစ်ခုတော့ ခွင့်လွှတ်ကြည်ဖြူပေးပါ မေမေရယ်။

ဂုဏ်နဲ့ အင်ကြင်း လက်ထပ်ဖို့ သဘောတူခွင့်ပြုပေးပါနော် ဟု မေမေ့ကို ပူဆာရမည်။

အင်ကြင်းသည် ကြည်နူးစိတ်နှင့် နှုတ်ခမ်းလေးကိုက်ပြုံးမိကာ ဂုဏ့်ရင်ခွင်ထဲ မျက်နှာလေးကို အသာအယာ ထိကပ်ဝှက်ထား လိုက်မိလေသည်။

ဆုလေးနွယ်(ရန်ကုန်တက္ကသိုလ်)